
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ံပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ၀၉ ၄၂၀၂၄၃၃၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅.၈၃
သို်း
ကဝေချိုးတဲ့ဖဲ
ဗျူးစာပေ၊ ၂၀၁၄။
၂၂၄ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ကဝေချိုးတဲ့ဖဲ

ဒွေးမယ်နော် ဆုံးသွားပြီတဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်သူ၏တစ်နေ့တာ

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကျော်
လောက်က ဤနေရာတစ်ဝိုက်တွင် ဥက္ကလာပမင်းကြီးနှင့်
တဖုဿ ဘလ္လိက ကုန်သည်ညီနောင်တို့ ခြေရာချင်း
ထပ်မျှ သွားလာလှုပ်ရှားခဲ့ကြဖူးလေသည်။

သက်ရှိထင်ရှား ဂေါတမမြတ်စွာဘုရား၏ ဆံတော်မြတ်နှစ်ဆူကို ဌာပနာပြီး စေတီတည်ရန် သိင်္ဂုတ္တရကုန်းတော်အား လိုက်လံရှာဖွေခဲ့ကြသည်။

ထိုစဉ်ကတော့ ဤနေရာ ဤဒေသသည် ပီဘိတောကြီးမျက်မည်းသာဖြစ်ပေလိမ့်မည်။ ယနေ့ခေတ်တွင် မြင်တွေ့နေရသော ဤကန်တော်ကြီးသည်ပင်လျှင် ရွှေတိဂုံစေတီတော်အတွက် လိုအပ်သည့်အုတ်များဖုတ်ရာမှ ပေါ်ထွန်းလာသည်ဟု ဆိုစမှတ်ပြုခဲ့ကြသည်။





အရိပ်ရ အပင်အောက်တွင် ပတ္တူထိုင်ခုံနှင့်ထိုင်၍ ရှုခင်းကြည့်ရင်း လွတ်လပ်သူတစ်ယောက် အတွေးနယ်ချဲ့နေမိသည်။ စိုစိုစိမ်းစိမ်းမြင်ကွင်းနှင့် လတ်ဆတ်သန့်ရှင်းသေးသည်ဟု ယူဆရသည့် လေနုအေးနွေးကို ပူးတွဲစားသောက်ရသည်မှာ နှစ်လိုဖွယ်ကောင်းလွန်းလှ၏။

သဘာဝမြင်ကွင်းအား လောဘတကြီး စားသုံးနေရိုက် မန်နေဂျာထွန်းမင်းကျော် ရောက်လာပြီး စကားစပ်မိသဖြင့် အစားအသောက်ပျက်သွားခဲ့သည်။

"မင်းသမီးဆီက ကွန်တက်ရတယ် အာစင်၊ ရွှေဂုံတိုင် မီးပွိုင့်မှာ ပါဆိုနေတယ်တဲ့"

"ဟုတ်လား ဒါဆို သီတင်းကျွတ်ရင် ရောက်လာမှာပေါ့၊ မျောက်အိုးဖောက်ပြီးသာ ကြိုလိုက်ပါကွာ"

"ဟား ဟား ဟား အဲဒီလိုဖြစ်နေပြီ အာဘရို၊ ကြည့်လေ ခုပဲ ဆယ်နာရီခွဲနေပြီ ရှုတင်မတည်ရသေးဘူး"

"စိတ်အေးလက်အေး နားရတာပေါ့ကွာ"

လွတ်လပ်သူက နာမည်ကြီး ဓါတ်ပုံဆရာ ကြော်ငြာဒါရိုက်တာတစ်ယောက်ဖြစ်၏။ သနပ်ခါး ကြော်ငြာတစ်ခု ဖန်တီးရန် ကန်တော်ကြီးဗိုလ်ချုပ်ပန်းခြံအတွင်း ရောက်ရှိနေကြခြင်းဖြစ်သည်၊

ထိုအချိန်မှာပင် တိုယိုတာ ဆပ်(ဖ်)ကြည်ပြာရောင် ကားလေးကို လှမ်းမြင်လိုက်၏။ မင်းသမီး ရောက်လာသည်။

လွတ်လပ်သူ ခုံမှထလိုက်သလို ရှုတင်တစ်ခွဲလုံးလည်း သက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားသွား၏။

လှသွေးပိုလွန်းသော မင်းသမီးလေး ကားပေါ်မှ ဆင်းလာသည်နှင့် အကြည့်ဝေ့ဝဲပြီး လွတ်လပ်သူရှိရာသို့ ဦးတည်လျှောက်လာနေသည်။

"ဆောရီးပဲ ကိုအိမ်ရယ် သူငယ်ချင်းတစ်ယောက်ရဲ့ဆိုင်ဖွင့်ပွဲရှိလို့လေ မသွားလို့ကလည်း မကောင်းဘူးမဟုတ်လား"

"ဟုတ်တာပေါ့ 'ရှင်း'ရယ်၊ လူမှုရေးက ရှိသေးတယ်မဟုတ်လား"

အလန်းဖယားလေးက ဂလန်ဂလား ပြေးထွက်သွားပြီး ရှုတင်တစ်ဖွဲ့လုံးလန်းသွားအောင် အမြည်းတွေပေးဝေသွားသဖြင့် ကင်မရာမင်းနှင့်စက်အဖွဲ့ ထရော်လီအဖွဲ့သားများ အိပ်ချင်ပြေသွားကြသည်။

လွတ်လပ်သူက အားလုံးကို အဆင်သင့်လုပ်ခိုင်းပြီး အသုံးပြုမည့်သနပ်ခါးသီချင်းကိုဖွင့်ခိုင်းထားလိုက်သည်။ သီချင်းကမြူးလွန်းသဖြင့် လွတ်လပ်သူကိုယ်တိုင် ငြိမ်ငြိမ်မနေနိုင်တော့ဘဲ စည်းချက်လိုက်ပြီး လှုပ်ရှားနေမိတော့၏။

"အာစရိ ကျွန်တော်တို့ ရယ်ဒီပဲနော်"

မင်းသားလေးက လွတ်လပ်သူအား တလေးတစား သတင်းပို့သည်။ 'ရှင်း'ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့်ပဲဖြစ်၏။

"ဟုတ်ပြီ ပထမတစ်ချိုးကိုတော့ သီချင်းအစအဆုံး လိုက်ဆိုပြီး သရုပ်ဆောင်တာကို အပြီးရိုက်မယ်၊ တစ်လုံးက Long shot ၊ တစ်လုံးက Trolley ယူထားမယ်၊ ပြီးမှ close ပြန်ချိုးမယ် အိုကေနော်"





"အိုကေ"

"ဒါဆို ရီဟာဆယ် လုပ်လိုက်ရအောင်"

"ဟုတ်ကဲ့"

လွတ်လပ်သူ အချက်ပြလိုက်သည်နှင့် သီချင်းသံထွက်လာသည်။ သီချင်းက စက္ကန့်နှစ်ဆယ်စာသာရှိ၏။ ကြော်ငြာဆိုတော့ လိုရင်းတိုရှင်းပေါ့။ ရှင်းနှင့်မင်းသားသစ်လေး ဘယ်အချိန် ဘယ်လိုညှိလိုက်ကြသည်မသိ လှုပ်ရှားမှုဟန်ပန်လေးများက အသက်ဝင်ပြီး ချစ်စရာကောင်းနေသည်။

သီချင်းသံနှင့်အဆင်ပြေလိုက်ဖက်သွားပြီမို့ ရီဟာဆယ်ထပ်မလုပ်ဘဲ အပြီးရိုက်လိုက်ကြသည်။ ပြီးတော့ close ဖောက်သင့်အရုပ်များ ပြန်ယူရ၏။ သီချင်းသံနှင့် သရုပ်ဆောင်တို့ပါးစပ်ပေါက်ကိုက်ညီမှုရှိအောင် စကာရစ် (မှတ်တမ်း)က သီချင်းမလာခင် စာသားကို တစ်ကြောင်းစီ ကြိုရွတ်ပြပေးသည်။

Play Back ရိုက်နည်းပင်ဖြစ်၏။ စိတ်ကြိုက်ရိုက်ချက်များရသောအခါ နေ့လယ် တစ်နာရီခွဲနေပြီမို့ ထမင်းစား နားလိုက်ကြသည်။ အုံလိမ်အောင် ဝမ်းဟာနေပြီဖြစ်၍ တပည့်လေးများ အသင့်ယူဆောင်ပေးထားသော အပင်ရိပ်အောက်မှ ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

တာမွေ မသက်၏ ရှုတင်ထမင်းကတော့ ထုံးစံအတိုင်း ဖွယ်ဖွယ်ရာရာနှင့် စားချင့်စဖွယ်ဖြစ်နေသည်။ ဝက်ပုန်းရည်ချက်၊ ငါးရှဥ့်ခြောက်စပ်၊ အာလူးသုပ်၊ ချဥ်ပေါင်ဟင်းချိုတို့၏ သင်းရနံ့က နှာဝသို့

www.burmeseclassic.com



လာဆွနေ၏။

သူ့အကြိုက်ဟင်းများဖြစ်၍ လွတ်လပ်သူ ထမင်းကို အားပါးတရ စားလိုက်သည်။ အိမ်ထမင်း အိမ်ဟင်းအရသာလိုမဟုတ်ဘဲ တစ်မူထူးခြားနေ၍ အတော်ခံတွင်းတွေ့၏။ ဆာနေသည်ကတစ်ကြောင်း ပစ်ကနစ်ထွက်သလို လွတ်လွတ်လပ်လပ်နှင့်စိမ်းစိုသော ရှုခင်းများကြားတွင် စားရသည်ကတစ်ကြောင်းတို့ကြောင့် ထမင်းနှစ်ကြိမ်ထပ်ထည့်ရသည်။

အလောတကြီး စားလိုက်၍ ဆယ့်ငါးမိနစ်နှင့်ပြီးသွား၏။ ရှုတင်ထမင်းသည် မသက်က လက်ဖက်သုပ်၊ ထန်းလျက်၊ ဖရုံယိုနှင့်သွားကြားထိုးတံများကို ပန်းကန်လေးနှင့်ထည့်၍ လာချပေးသည်။

စက်အဖွဲ့နှင့် ထရော်လီကရိန်းအဖွဲ့တို့ စားနေဆဲမို့ စီးကရက်တစ်လိပ်ထုတ်၍ ဖွာနေလိုက်သည်။ မလှမ်းမကမ်းတွင် ကြော်ငြာရှင်သနပ်ခါးစက်ရုံမှ မိသားစုလည်း လာကြည့်နေတာတွေ့ရသည်။

''ထွန်းမင်းကျော် မင်းသား မင်းသမီးစားပြီးသွားရင် အဝတ်အစားလဲဖို့ သွားပြောထားလိုက်၊ စက်အဖွဲ့ ရယ်ဒီဖြစ်ရင် ရိုက်မယ်လို့''

''ဟုတ်ကဲ့''

ထွန်းမင်းကျော် ထွက်သွားပြီးနောက် အစာကြေအောင် လမ်းလျှောက်နေတုန်း ဖုန်းမြည်လာသည်။ နံပါတ်ကြည့်သည်နှင့် ချစ်ဇနီးထံမှဆိုတာ သိလိုက်၍

''ပြော 'သင်း' ဘာထူးလဲ''





''ကိုကို ဒီနေ့ နောက်ကျမှာလား၊ ဘယ်အချိန်လောက် ရောက်မလဲဟင်''

''သိပ်နောက်မကျပါဘူး၊ ရိုက်တိုင်း(မ်)ပဲပေါ့ ကိစ္စရှိလို့လား''

''ကိုကို ဘာလို့ဒီလောက်မေ့တတ်ရတာလဲ၊ ဒီနေ့ သမီးငယ်ရဲ့မွေးနေ့လေ''

''ဪ ဟုတ်သားပဲ ဆောရီး ဆောရီး ဖြစ်နိုင်ရင် ရှုတင်စောစောဘရိတ်လုပ်ပြီး ပြန်လာခဲ့မယ်လေ''

''ဒါဆိုလည်း ပြီးရော''

''သမီး ရှိလား''

''အိပ်နေတယ် ကိုကို''

''ဟုတ်လား နိုးလာရင်ပြောလိုက် သမီးလေးအကြိုက် မွေးနေ့လက်ဆောင်ဝယ်လာခဲ့မယ်လို့''

''ကိုကို့သမီးကို ကြိုပြောထားလို့ မဖြစ်ပါဘူး၊ မလာမချင်းဂျီကျနေမှာ''

''ဒါလည်း ဟုတ်တာပဲ၊ ကိုယ်နောက်မကျဘူး 'သင်း' စိတ်ချဒါပဲနော်''

''ဟုတ်''

ဖုန်းပြောရင်း လမ်းလျှောက်သွားမိ၍ ရိုက်ကွင်းနှင့်တော်တော်လှမ်းလှမ်းသို့ ရောက်သွားသဖြင့် ခပ်သွက်သွက်ပြန်လျှောက်လာရသည်။

ထွန်းမင်းကျော် ထမင်းသည်ကို ငွေရှင်းပေးနေတာတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းက ကားထဲဝင်သွား၏။ အဝတ်အစားလဲတော့မည်ထင့်။ စတစ်ကာ အနက်ရောင်ကပ်ထားသော သူမ၏ကားသည် လုံခြုံစိတ်ချရသော အဝတ်လဲခန်းပင်ဖြစ်သည်။

လွှတ်လပ်သူက ကင်မရာမင်းဘိုဘိုနှင့် အငယ်လေးအား သူလိုချင်သော (camera work) များ ပြောပြနေသည်။ တဖြည်းဖြည်းနှင့် ရှုတင်အဖွဲ့သားများရောက်လာပြီး အားလုံးအသင့်ပြင်နေကြ၏။ အားလုံး၏ အကြည့်က မင်းသမီးကားရှိရာသို့ ရောက်နေကြသည်။

ဟော ကားတံခါးပွင့်လာပြီ။ ကားထဲမှ 'ရှင်း' ထွက်လာ၏။ မှောင်မိုက်မည်းသော အ,ကာလည့အခါတွင် လျှပ်ပြက်သကဲ့သို့ ဝင်းလက်သွားသည်။ ပရိသအားလုံး ထမင်းစားပြီးစ အချိုတည်းလိုက်ရသလို အာသာပြေသွားကြ၏။

ယောကျ်ားသားတို့၏လည်ဇလုပ်မှာ တက်တံ့ ဆင်းတံ့ ဖြစ်ကုန်ကြသည်။ တံတွေးမျိုချသံများ ပွဲတင်ထပ်သွား၏။

ဒီနေ့အဖို့ တရားဝင်တွဲပိုင်ခွင့်ရှိသော မင်းသားလေးက အခွင့်အရေးကို အပိုင်အသုံးချပြီး တွဲလျှောက်လာသည်။ ဘယ်လောက်ပဲဝိုင်းကြည့်ကြည့် မင်းသမီးဖြစ်သော 'ရှင်း'ကတော့ မဖြုံပါ။ သည့်လိုဝိုင်းရှိုးခြင်းက သူမ၏အောင်မြင်မှုနှင့်အလှတရားကို အသိအမှတ်ပြုရာရောက်နေသည်မဟုတ်လား။

စက်အဖွဲ့မှ ခပ်နောက်နောက် တစ်ယောက်က မချိတင်ကဲ စကားစသည်။





"ဟား ဒါမျိုးသာ ရလို့ကတော့ အိမ်ကအဘွားကြီးအပေါင်ဆိုင်ပို့ပစ်တယ်"

"ဝါး ဟား ဟား ဟား ဟား"

ပရိသ ဒေါသကို အားလုံးနားလည်စွာနှင့် တသောသော ရယ်လိုက်ကြ၏။ ခဏအတွင်းမှာ ရှင်းတို့အနားသို့ ရောက်လာကြသည်။

"အိုကေ ကိုအိမ် စလိုက်ကြမယ်လေ"

နောက်တစ်ကြိမ် လုပ်ငန်းခွင်ကို စလိုက်ကြသည်။ လွှတ်လပ်သူက လိုချင်သော Fore ground အရုပ်များကို ပြောပြပေး၏။ တက်ညီလက်ညီ လုပ်လိုက်ကြသည်ဆိုတော့လည်း အလ ပ်ကတွင်လှသည်။

မင်းသမီးအဝတ်အစားလဲတာကို သည ့းခံနိုင်လျှင်ပဲ အလုပ်တစ်ဝက်ပြီးပြီဖြစ်သည်။ စက်အဖွဲ့သားတွေ ရင် သမနာနှင့်မချိတင်ကဲပြောမည်ဆိုလည်း ပြောစရာပင်။ ရှင်းက မြန်မာပြည်ရှိ မင်းသမီးများထဲတွင် . . . အချမ်းသာဆုံးဖြစ်၏။ ဥစ္စာဓန ကြွယ်ဝမှုကို ပြောသည်မဟုတ်။ အလှအပရေးရာများ ကြွယ်ဝမှုကိုတင်စားခြင်းသာဖြစ်သည်။

အရုပ်အမောင်းက ဒေါက်ဖိနပ်မပါ ငါးပေခြောက်လက်မ။ အတိုင်းအထွာက သုံးဆယ့်ရှစ်၊ နှစ်ဆယ့်သုံး၊ သုံးဆယ့်ရှစ်မို့ ရင်သပ်ရှုမောအံ့သြစရာကောင်းသည်ထက် ပိုပြီးသာသည်။

မင်းသမီးလေး ရှင်း၏အလှတရားကို ဝိုင်းဝန်းကိုက်ဖွဲ့စားသောက်ပြီး အလုပ်လုပ်လိုက်ကြသည်မှာ ညနေ ငါးနာရီခွဲတွင် ဤကြော်ငြာ၏ လိုအပ်ချက်များ ပြီးပြည့်စုံသွားပြီမို့ ရှုတင်ဘရိတ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်သူလည်း သူ၏ပတ္တူခြင်း လက်တန်းပါသော အလူမီနီယံ ခေါက်ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။ အတော် စိတ်မောရသည့်အလုပ်ပေကိုး။ စက်အဖွဲ့သားများအဖို့တော့ ရှုတင်ဘရိတ် ဟူသော အသံသည် သာယာနာပျော်ဖွယ် လွန်စွာကောင်းနေမည်မှာ သေချာ၏။ ကျောင်းလွှတ်ခေါင်းလောင်းထိုးသံကြားလိုက်ရသော ကျောင်း သားလေးများကဲ့သို့ တက်ကြွဝမ်းမြောက်စွာနှင့် ဆိုင်ရာပစ္စည်းများ သိမ်း ဆည်းနေကြတော့သည်။

မင်းသားနှင့်ရှင်း လွှတ်လပ်သူအနားသို့ ရောက်လာကြသည်။ လွတ်လပ်သူလည်း ခေသူမဟုတ်သဖြင့် သရုပ်ဆောင်တွေလိုပဲ အသက်ပါ ပါ ပြုံးပြလိုက်သည်။

“စိတ်တိုင်းကျရဲ့ ကိုအိမ်”

“အိုကေဗျာ အပိုမပြောဘူး၊ သိုင်းကျူးပဲ”

“ကျေးဇူးနော် ဒါဆို မနက်ဖြန်”

“တိုင်းရင်းသားကျေးရွာလေ ရှင်းရဲ့၊ ကရင်အိမ်မှာ ကိုးနာရီ ဆို ကိုယ်တို့ရောက်ပြီ သိလား၊ ပြီးတော့ ကရင်အဝတ်အစားနဲ့ ရှမ်း ဝတ်စုံတွေ ယူခဲ့ကြဦး၊ နှစ်ယောက်စလုံးနော်”

“ဟုတ်ကဲ့”

“ဟုတ် ကိုအိမ် ဒါဆို ရှင်းပြန်ပြီနော် ဘိုင့်ဘိုင်”

“အိုကေ သမီး”

လွတ်လပ်သူနှင့်မင်းသားလေးတို့ ရှင်းကိုနှုတ်ဆက်ရင်း တစ်နေ့





တာအတွက် အစာပိတ်အဖြစ် ရှင်း၏နောက်ပိုင်းအလှကို နေ့ဖို့ညစာ သိမ်းထားသလိုမျိုး ရှုစားလိုက်ကြသည်။ ရှင်း၏ကားလေးထွက်သွားတော့မှ

“ဆရာ ကျွန်တော့်အိုက်တင်တွေ ဘယ်လိုနေလဲဟင်”

လုပ်ငန်းရှင်၏သားရတနာ မင်းသားသစ်လေးက မဝံ့မရဲနှင့် မေးလာ၏။ အနုပညာကို ဝါသနာပါ၊မပါတော့မသိ၊ မင်းသားဖြစ်ချင်တာ တော့ ထင်ရှားနေသော ကောင်လေးအား

“အင်း လိုတော့လိုသေးတာပေါ့၊ ပြီးတော့လည်း ရှင်းနဲ့တွဲရတာ မဟုတ်လား၊ ရှင်းက သရုပ်ဆောင်လောကမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆယ့် နှစ်ကြိုးစီးဖြစ်နေတာလေ၊ သူက သိပ်သွက်နေတာ မဟုတ်လား”

“ဟုတ်တယ် ဆရာ၊ ကျွန်တော်လည်း သတိထားမိပါတယ်၊ သူကလည်း တွဲခေါ်ပေးပါတယ်၊ လိုအပ်တာတွေ သင်ပြပေးပါ ဆရာ၊ ကျွန်တော် ကြိုးစားမှာပါ”

“အေး မောင်ရင့်မှာ မျက်မှောင်ကျုတ်ပြီးကြည့်တာ အကျင့်ဖြစ် နေသလားလို့”

“ဟာ ဟုတ်တယ်ဆရာ၊ အဲဒါ အကျင့်ပါနေတာ”

“အဲဒါကို ဖျောက်လိုက် မျက်မှောင်ကျုတ်ပြီး ကြည့်တော့ လောင်သလိုဖြစ်နေတယ်၊ အပြုံးက အသက်မပါတော့ဘူး”

“ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် သတိထားပြီး ပြင်လိုက်ပါ့မယ်”

“အေးကွာ နာမည်တစ်လုံးရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ စာများများဖတ် အခွေများများကြည့် သူများတွေ သရုပ်ဆောင်တာကို



www.burmeseclassic.com

www.burmeseclassic.com



လေ့လာ စကားပြောရင် 'တုန်း' 'ဖလိုး' ပြတ်အောင်ပြော၊ အိမ်မှာမှန်ကြည့်ပြီးကျင့်"

"ဟုတ်ကဲ့ ဆရာ"

လွတ်လပ်သူ လက်ချာရိုက်နေစဉ် ထွန်းမင်းကျော် အနားလာရပ်၏။ အလိုက်သိသော မင်းသားလေးက အပိတ်စကားဆိုသည်။

"ဒီကြော်ငြာ ပြီးသွားရင် ဆရာနဲ့ရှင်းကို ဖေဖေက ဒင်နာကျွေးချင်လို့ပါတဲ့၊ အဲဒါလေး ရှင်းကိုပြောပေးပါဦး ဆရာ"

"ဩော် အေး အေး"

"ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး ဆရာ"

"ကောင်းပြီဗျာ"

မင်းသားအဖေက ငွေရှင်ကြေးရှင်လုပ်ငန်းရှင် ဆိုတော့လည်း အလိုက်အထိုက်တော့ ပြောပေးရ၏။ စပွန်ဆာတွေများလှသော နာမည်ရ မင်းသမီးကို ဒိတ်လုပ်ရတာ ဘယ်လောက်ခက်ခဲမှန်း မင်းသားလေးသိသေးပုံမရ။

"ငါ့များ မိန်းမထိန်း မှတ်နေလား မသိဘူး၊ ရှင်းကို ဒင်နာကျွေးချင်လို့တဲ့"

"အဟဲ အာစရိကို ယုံမှတ်ပြီး ပုံအပ်နေရှာတာပါ၊ သူ့အဖေချမ်းသာသမျှ ဒီကောင်ဖြုန်းဖို့ပဲလေ အာစရိရဲ့"

"တော်စမ်းပါကွာ တကယ့်အရည်အချင်းရှိမှ ငါလုပ်ပေးလို့ရမှာပေါ့ကွ၊ ကဲ ပြန်မယ် မနက်ဖြန်လိုကေးရှင်း စက်အဖွဲ့ကိုပြောပြီး





ပြီလား"

"ဟုတ်ကဲ့ အာစရိ"

လွတ်လပ်သူ ထိုင်ရာမှ ထလိုက်ပြီး သူ၏ရုပ်ရှ(မ်) ကားဖြူလေးဆီလျှောက်သွားလိုက်၏။ ထွန်းမင်းကျော်က ခုံခေါက်သိမ်းပြီး လိုက်လာသည်။ အင်း တစ်နေ့တာအလုပ်ဖယားတော့ ငြိမ်းသွားခဲ့ချေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အိမ်

ပင်ယံထက်မှ တည်းခိုခန်းသို့ ဦးတည်၍
အိပ်တန်းတက် ငှက်များပျံသန်းသွားကြ၏။
ဒါ သူတို့တွေ အိမ် ပြန်ကြတာပဲဖြစ်သည်။
ကမ္ဘာကြီးသည်လည်း တအိအိနှင့် သူ့ဝင်ရိုးပေါ်
လည်ပတ်နေတာ တစ်ပတ်ပြည့်ပြီဆိုတော့ . . .၊
ကမ္ဘာ့အရှေ့ခြမ်းအား အမှောင်ထုက သိမ်းပိုက်သွားခဲ့ပြီ။

ညနေနစ်နာရီတွင် လွတ်လပ်သူ သူ့အိမ်သို့ပြန်ရောက်လာ၏။ ကားသံကြားသည်နှင့် ချစ်ဇနီး သင်းသင်းသန့်နှင့်အတူ သားရော သမီးငယ်ပါ ပြေးထွက်လာကြသည်။

လွတ်လပ်သူ ကားပေါ်မှဆင်းပြီး နောက်ခန်းတံခါးဖွင့်ကာ သမီး





ငယ်နှင့်ရွယ်တူလောက်ရှိသော Pooh ဝက်ဝံရုပ်ကိုဆွဲထုတ်ပြီး သမီးငယ် အကြင်နာလက်ထဲ ထည့်ပေးလိုက်သည်။

"ဟက်ပီးဘတ်ဒေး သမီးလေး"

"ဟာ ပု(ရှ်)ဝက်ဝံရုပ်ကြီးပါလား၊ ဒီကောင့်ကို သမီးသိပ်ကြိုက်တာ ဟော့ ပျော်တယ်လေ့ ပျော်တယ်လေ့"

သားကြီး ကောင်းမှုက ပျော်ပျော်ရွှင်ရွှင် အော်ဟစ်ပြေးဝင်သွားသော သမီးငယ်ကို မှုန်တေတေနှင့်လှမ်းကြည့်ရင်း

"သားဖို့ကော ဖေဖေ"

"အဟဲ သားအတွက် ဘတ်ဒေးကိတ်ပါလာပြီ၊ ညီမလေးကို ဖယောင်းတိုင်သုံးတိုင်ထွန်းပေး ကိတ်မုန့်လှီး ဟုတ်ပြီလား"

ခြောက်နှစ်သား ကောင်းမှုကို လူရာသွင်းပြီး တာဝန်ပေးလိုက်တော့ စိတ်ကြီးဝင်သွားသော ကောင်းမှု ကျေနပ်သွား၏။ ထွန်းမင်းကျော်က ကိတ်မုန့်ဘူးကြီးကိုင်ရင်း သားကြီးကိုဆွဲခေါ်သွားသည်။ ဇနီးသည်က ပြုံးစစနှင့် ကြည့်ရင်း

'သင်းအတွက်ကော' ဟု မနိူ့တရိ့မေး၏။ လွတ်လပ်သူက သင်း၏ခါးကိုသိုင်းဖက်ပြီး ဇနီး၏ပါးပြင်အား ရွတ်ခနဲ နမ်းလိုက်သည်။

"သင်းအတွက် အချစ်တွေအများကြီးဝယ်လာတယ်"

"သွား"

သင်းက သွားဟုရှက်သလိုပြောပြီး တကယ်တမ်းကျတော့ လွတ်လပ်သူလက်မောင်းကို ဆုပ်ကိုင်ရင်း ဆွဲခေါ်သွားခဲ့၏။ ဧည့်ခန်းစားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကိတ်မုန့်က အဆင်သင့်ဖြစ်နေပြီ။ အကြင်နာမှာ ဆိုဖာပေါ်တွင် ဝက်ဝံရုပ်ပိုက်ပြီး မထနိုင်ဖြစ်နေရှာသည်။

"အာစရိ ကျွန်တော် ပြန်တော့မယ်"

"အေး အေး မနက်ဘယ်လိုဆုံမလဲ"

"ကျွန်တော် တိုင်းရင်းသားကျေးရွာကပဲ စောင့်မယ်လေ၊ အဲဒါ ပိုအဆင်ပြေတယ်"

"အေး နောက်အကျဆုံး ကိုးနာရီနော်"

"ဟုတ်ကဲ့ပါ အာစရိ ပြန်ပြီနော်၊ အစ်မ ကျွန်တော်သွားပြီ"

"အေး"

ထွန်းမင်းကျော် ထွက်သွားတော့ အိမ်ထဲမှာ လွတ်လပ်သူတို့ မိသားစုလေးယောက်သာ ကျန်ခဲ့၏။

"ကဲ သားကြီးက ဖယောင်းတိုင်ထွန်းပေးလိုက်လေ"

"ဟုတ်ကဲ့ ဖေဖေ ညီမလေးရေ လာ အဲဒီကောင်ကြီး ခဏထားလိုက်ဦး မွေးနေ့လုပ်ရအောင်"

"သူ့ကိုပစ်ထားခဲ့လို့ ရဘူးလေ၊ သူက အကြင်နာ့မွေးနေ့ကို လာတဲ့ဧည့်သည် ကိုကိုရဲ့"

"ဟား ဟား ဟား ဟား"

သမီးငယ်အပြောကြောင့် အားလုံး အားပါးတရ ရယ်မောရသေး၏။ သမီးငယ်၏မွေးနေ့ဖြစ်မြောက်အောင် လွတ်လပ်သူတို့ ဝိုင်းကူပေးလိုက်ကြသည်။ ဖယောင်းတိုင်ထွန်းခြင်း၊ မွေးနေ့ဆုတောင်းသီချင်း





ဆိုခြင်း၊ ဖယောင်းတိုင်မီးမှုတ်၍ ကိတ်မုန့်လှီးခြင်းတို့ကို ဆက်တိုက်ဆိုသလို လုပ်ပေးရသည်။

သားနှင့်သမီးက မွေးနေ့ကိတ်ကို ပလုပ်ပလောင်းစားနေကြပြီ။ ကလေးငယ်များ ပျော်ရွှင်နေပုံကိုကြည့်ရင်း လွတ်လပ်သူတို့ဇနီးမောင်နှံလည်း စိတ်ချမ်းမြေ့ ကြည်နူးနေကြသည်။

"ဒေါ်အေးမိကော သင်း"

"အိမ်ခဏပြန်သွားတယ် ကိုကို၊ မနက်ပြန်လာမှာ၊ တစ်ခါတည်း ဟင်းချက်စရာ ဝယ်လာလိမ့်မယ်"

"ဪ ဟုတ်လား ဟင်းအစပ်တည့်အောင် စီမံတာကလွဲပြီး ကျန်တာတွေ သင်း မလုပ်နဲ့နော် သူ့ကိုပဲခိုင်း"

"အင်းပါ ကိုကိုရဲ့"

"အင်းပါမလုပ်နဲ့ သင်း ပင်ပန်းမှာစိုးလို့ ပြောတာ၊ ကဲ ကိုကို ရေချိုးလိုက်ဦးမယ်"

"ကိုကိုအဆင်ပြေတယ်မဟုတ်လား သင်း ဒီမှာ ကလေးတွေနဲ့ ခဏနေပေးလိုက်ဦးမယ်"

"ရတယ် အေးဆေး"

လွတ်လပ်သူ ရေချိုးခန်းတွင် ရေပန်းဖွင့်၍ တစ်ယောက်ထဲ စိမ်ပြေနပြေ ရေချိုးနေလိုက်၏။ Story Board ထဲတွင် အားလုံးပြင်ဆင်ထားပြီးသာဆိုသော်လည်း မနက်ဖြန်အတွက် ရိုက်ချက်များထပ်စဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုကောင်းမွန်သော အတွေးအခေါ်များကို ရေပန်းအောက်တွင် ဤသို့ရေချိုးရင်းနှင့် ရခဲ့ဖူးပေါင်းများလှပြီမဟုတ်လား။

ထင်သည့်အတိုင်း အိုင်ဒီယာအသစ်တစ်ခု ရလိုက်သဖြင့် ရေချိုးခန်းထဲမှာအော်ကြီးဟစ်ကျယ်နှင့် သီချင်းဆိုနေလိုက်သည်။ မခံမရပ်နိုင်လောက်အောင် စပ်ဖျင်းဖျင်းဖြစ်လာတော့မှ ရေပန်းပိတ်ပြီး ထွက်လာခဲ့၏။

အဝတ်အစားအသစ်နှင့် မျက်နှာသုတ်ပဝါကိုင်ပြီး အသင့်စောင့်နေသော သင်းကိုတွေ့ရသည်။

"သီချင်းတကြော်ကြော်နဲ့ပါလား ကိုကို၊ ဘာလဲ ရှင်းနဲ့အကြည်ဆိုက်ခဲ့ရလို့နဲ့ တူတယ်"

မိန်းကလေးအများစုနှင့်ပတ်သက်နေသော လင်သား၏အလုပ်ကို မနှစ်မြို့ဟန်နှင့် သင်းက စကားတင်းဆိုသည်။ လွတ်လပ်သူက တမင် တကာပင် စပ်ဖြဲဖြဲလုပ်ရင်း

"အဟင်း ရှင်းကလေ ကိုကို့ကို ကိုအိမ်တဲ့ သိလား အဟင်းဟင်း"

မနာလိုရိပ် စွန်းထင်းနေသော သင်းထံမှ ဒေါသအငွေ့ထွက်သော စကားတို့ယိုဖိတ်စီးကျလာ၏။

"ကိုကိုနော် ဒါ ဘာစကားလဲ၊ သင်းအတွက် ဝယ်လာတဲ့အချစ်တွေဆိုတာ ဒါလား"

ပြောရင်း ဒေါသတို့ကြီးထွားသန်မာလာဟန်နှင့် လွတ်လပ်သူ





၏ ဗိုက်ခေါက်ကို ဆွဲလိမ်တော့၏။

"အား နာတယ် သင်းရဲ့၊ အဟဲ သင်းကလည်းကွာ ကိုကိုက စတာပါ၊ ရှင်းလို မင်းသမီးက တိုက်တစ်လုံး ကားတစ်စီးပဲပိုင်တဲ့ ကိုယ့်လိုကြော်ငြာ ဒါရိုက်တာကို စိတ်ဝင်စားပါ့မလား၊ သူ့မှာ ရေလျှံဘဲတွေ ဝိုင်းနေတာများ ခိုစာကျွေးရသလိုပဲ အုန်းအုန်းကိုထလို့"

"တော်ပါ အခုမှ လျှောချမနေပါနဲ့ ဝင်ငွေကောင်းပြီး အနာဂတ်အတွက် လိုအပ်လို့သာ သည်းခံနေတာ၊ ဖြစ်နိုင်ရင် သင်းပဲ ရှာကျွေးပြီးကိုကို့ကို အိမ်မှာပဲ ထိုင်ခိုင်းထားချင်တာ သိလား"

"ကဲပါ ရဟန်းအစ်မကြီးရယ် ကျောင်းကကြီးမဟုတ်တာ ဘာမှမလုပ်ဘူး သိလား၊ အခု ဗိုက်ဆာပြီ စားမယ်၊ ကလေးတွေကော"

"တစ်ယောက်က တီဗွီကြည့်နေတယ်၊ တစ်ယောက်က ကွန်ပျူတာနှိပ်နေတယ်"

"သမီးတော်တော်ပျော်ရဲ့လား"

"ပျော်ပါတယ် ဝက်ဝံရုပ်ကြီးကတော့ အိပ်ရာထဲထိ ယူလာမှာတဲ့ အဲဒီဝက်ဝံရုပ်ကို သူလိုချင်နေတာ ကြာပြီလေ"

"သမီးမှာ အရုပ်တွေအများကြီးဥစ္စာ၊ သူ့အခန်းထဲလည်း အရုပ်နဲ့အပြည့် လူနေစရာမရှိတော့ဘူး"

"ရလေ လိုလေ အိုတဏှာလေ၊ ဘယ်လောက်ပဲများများ အသစ်ကတော့ လိုချင်ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား ဒါဆို ကိုကိုလည်း အသစ်လိုချင်တယ်၊ ဒီမိန်းမက နည်းနည်းဟောင်းသွားပြီ ဟဲ ဟဲ"

"ကြည့်ပါလား ပြောပြန်ပြီနော်"

"သင်းကို ပင်စင်ပေးပြီး ဇေကန်စီဖြစ်သွားတဲ့ မယားရာထူးမှာ အသစ်တစ်ယောက် ခန့်လိုက်မယ်လေ"

"ခန့် ခန့်လိုက် ခုကစပြီး ထမင်းမကျွေးတော့ဘူး၊ ညစာငတ်ပြီသာ မှတ် ဒါပဲ"

ဒေါပွပြောဆိုပြီးထွက်သွားတော့ လွတ်လပ်သူလည်း အကျီကမန်းကတန်း ကောက်စွပ်ပြီး ပြေးလိုက်သွားရတော့သည်ပေါ့။

ထမင်းမကျွေးဘူး ကြိမ်းသွားသော သင်းက ထမင်းစားခန်းထဲရောက်နေ၏။ စားပွဲပေါ်တွင်လည်း Doubel Black ပုလင်း ဆော်ဒါပုလင်း ရေခဲဘူးအပါအဝင် ထမင်းဟင်းများလည်း အသင့်ဖြစ်နေသည်။

ကျောပေးထိုင်နေသော သင်းအား ဆွဲလှည့်လိုက်ရင်း

"ရဟန်းအစ်မကြီးကလည်းဗျာ ကိုကိုကစတဲ့ဟာကို"

"ဒါ စတာလား၊ အိမ်ပြန်ရောက်တာ တစ်နာရီမပြည့်သေးဘူး၊ ဒီအသစ်ကိစ္စပဲပြောနေတာ ဘယ်နှခါရှိပြီလဲ"

"တစ်ခါထဲပါ မိန်းမရယ်၊ အထည်ချုပ်စက်ရုံမှာ ပြောမိတာလေ အဲဒီစက်ရုံမှာ ကောင်မလေး အယောက်သုံးရာထဲရှိတာပါ သင်းရဲ့"

"ကဲ ကြည့်ပါလားလို့"

သင်းက လွတ်လပ်သူ၏ပိုက်ခေါက်ဆီ လက်လှမ်းလာပြန်၏။





ထိုလက်များ ဗိုက်ခေါက်ဆီမရောက်တော့။ လွတ်လပ်က ဆုပ်ကိုင်လိုက်ပြီး ပါးတွင်ကပ်လိုက်၍ဖြစ်၏။

"သင်းရယ် ဒီလိုစနောက်ပြီး ဖြတ်သန်းလာတဲ့ ကိုကိုတို့အိမ်ထောင်သက်ပဲ ဆယ်နှစ်ပြည့်တော့မယ်လေ၊ ကိုကို ဘယ်နှခါများ သင်းအပေါ်သစ္စာဖောက်ဖူးလို့လဲ"

"ဟွန်း ဒီလိုနဲ့ပဲ"

"ချစ်လို့စတာပါ မိန်းမရယ်၊ ကဲလုပ် ပေါ့ စပ်ပေးဦး"

"နှစ်ပက်ပဲနော်"

"အေးပါ မိန်းမရယ် ကိုကို အရက်သမားမဟုတ်ပါဘူး၊ စားကောင်း သောက်ကောင်းလေးပဲဟာ"

သင်းက Doubel Black ကို ဆိုဒါ ရေခဲတို့နှင့် ကျွမ်းကျင်စွာ စပ်ပေးနေ၏။ သင်းလုပ်သမျှကိုကြည့်ရင်း ဇနီးသည့်၏အလှကို အမှတ်ပေးနေမိသည်။ သင်းသာ ပြင်ပြင်ဆင်ဆင်နှင့်အပြင်သို့ တစ်ယောက်ထဲထွက်သွားခဲ့လျှင် မြင်တွေ့ရသော လူစိမ်းအပေါင်းက အပျိုကြီးတစ်ယောက်ဟုသာ ထင်မြင်လောက်အောင် နုပျိုလက်ဆတ်လျက်ရှိသေးသည်။

ကလေးနှစ်ယောက်မိခင်ဟု မည်သူကမှ သတ်မှတ်ကြမည်မဟုတ်ပေ။ သင်းကို ခင်မင်ကြသော လုပ်ဖော်ကိုင်ဖက်များကလည်း မော်ဒယ်လုပ်ပါလားဟု မြှောက်ပေးကြသည်။ လွတ်လပ်ကိုတော့ မိန်းမရ ကံကောင်းသူအဖြစ် ချီးကျူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ ထင်သလိုပင် သင်းကို ပိုင်ဆိုင်ထားခွင့်ရခြင်းအတွက် ခုချိန်ထိ ရင်ခုန်စွာ ကျေနပ်ဂုဏ်ယူနေဆဲဖြစ်သည်။ သင်းကို မြတ်မြတ်နိုးနိုး တပ်မက်မိခြင်းအကြောင်းများတွင် ပူအိုက်သော ကာလများ၌ သင်းကိုဖက်ထားလျှင် အေးနေပြီး ဆောင်းတွင်း၌ နွေးနေတတ်တာကလည်း တစ်ကြောင်းဖြစ်၏။

ထို့ပြင် သင်းသည် ချွေးထွက်နည်းပြီး ချွေးနံ့လည်း မနံပေ။ ဒါကို လွတ်လပ် သဘောအကျဆုံးဖြစ်သည်။ အချိန်မရွေး ကြိုက်သည့်နေရာကို စိတ်ချစွာနမ်းလို့ရ၏။ ခပ်သင်းသင်း ကိုယ်သင်းနံ့မှလွဲပြီး ချွေး စော် ချိုင်းပုပ်စော်မနံတာကိုလည်း နှစ်သက်သည်။

ပို၍ စိတ်လှုပ်ရှားစရာကောင်းသည်က သင်း၏ချိုင်းနှစ်ဖက်ပင်ဖြစ်၏။ သင်း၏ချိုင်းနှစ်ဖက်သည် အမြဲလိုလိုချွေးညှော်ကင်းပြီး သန့်ရှင်းကာ ဖြူဖွေးဝင်းလက်နေသည်။ အသည်းယားစရာ စိတ်အနှောင့်အယှက်ဖြစ်စေတတ်သော အမွေးအမျှင်များလည်း ကင်း၏။

သင်းက အိပ်ရာဝင်လျှင် ခေါင်းအုံးပေါ် လက်နှစ်ဖက်မြှောက်တင်၍ အိပ်တတ်သည်။ ထိုအခါ NIVEA Rollon ကြော်ငြာထဲမှ မော်ဒယ်များ၏ချိုင်းကဲ့သို့ လွန်စွာစိတ်ဝင်စားစရာကောင်းသော ချိုင်းနှစ်ဖက်ကို မြင်ရသလို ထပ်တူခံစားမိ၏။

ထိုအခွင့်အရေးမျိုးကို လွတ်လပ် ဘယ်တော့မှ အဆုံးရှုံးခံလေ့မရှိ။ ဒိုင်ဗင်ပစ်၍ နမ်းပစ်လိုက်သည်။ သင်း၏ချိုင်းကြားမှ လွန်စွာစိတ်လှုပ်ရှားစရာကောင်းသည့် ရနံ့တစ်မျိုးကို မူးယစ်ဆေးကဲ့သို့ လွတ်လပ်





စွဲနေမိတာ ကြာခဲ့ပြီ။

သင်းသည် နှစ်သားမွေး နှစ်သွေးလှနေသော ဂန္ဓဝင်မိန်းမဖြစ်၏။ အသားအရည်၏ကောင်းခြင်း ဆံပင်၏ကောင်းခြင်း အနံ့အသက်ဆိုးများကင်းခြင်းစသည့် အချက်များမှာ မိန်းမတစ်ရာလျှင် တစ်ယောက်တွေ့ရခဲသည်မဟုတ်လား။

တချို့မင်းသမီးများတောင်မှ မွေးရနံ့မျိုးနှင့် ဖုံးအုပ်ကာကွယ်ထားသည့်ကြားထဲက မသတီစရာ ချွေးနံ့ထွက်တတ်သည်ကို လွတ်လပ်ကိုယ်တွေ့ကြုံဖူးသည်။ ထို့အတွက် သင်းကိုပိုပြီး တန်ဖိုးထားမိတာပဲဖြစ်မည်ဟု သူ ယုံကြည်၏။

"မေမေ သမီး အိပ်ချင်ပြီ"

သမီးအကြင်နာ ရောက်လာပြီး စကားပြောလိုက်မှ ကိုယ့်မိန်းမအလှအပကို အရက်နှင့်ထိုင်မြည်းနေသော လွတ်လပ်တစ်ယောက် စိတ်နှင့်ကိုယ် ပြန်ပေါင်းထုပ်မိသွား၏။

"ဟယ် ဟုတ်ပါရဲ့ ပူတူးလေးကို မေ့နေလိုက်တာ၊ ကြည့်စမ်းပါဦး မျက်လုံးတောင်မပွင့်တော့ဘူး။ လာ လာ မေမေလိုက်သိပ်မယ် သမီးလေး"

"ချိုကြီးစို့ပြီး အိပ်မှာနော် မေမေ"

"ပူတူးရယ် သုံးနှစ်ပြည့်မွေးနေ့တောင် လုပ်ပြီးသွားပြီလေ နို့မစို့ဘဲ အိပ်တော့ပေါ့"

"ဟင့်အင်း ဟင့်အင်း ချိုကြီးက မီးမီးရဲ့ အိပ်ဆေး၊ အဲဒါစို့ရမှ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်မှာ ရဘူး ရဘူး ချို့မှာပဲ''

သမီးငယ်၏ချစ်စဖွယ်အပြောတွင် လွတ်လပ်နှင့်သင်းတို့ ပျော်ဝင်နစ်မြုပ်သွားကြသည်။

''စို့ သမီးရယ် စို့သာစို့၊ အားရပါးရစို့ပြီး အိပ်တော့ ဟုတ်လား ဂွတ်နိုက် သမီးငယ် ဂွတ်နိုက်''

''ဂွတ်တနိုက် ဖေဖေ''

သမီးကို ခါးထစ်ခွင်၍ ချီသွားသော သင်းအား

''ရဟန်းအစ်မကြီး သမီးအိပ်ရင် ပြန်လာခဲ့ဦးနော်၊ သင်းရဲ့ မျက်နှာလေးကိုကြည့်ပြီးမှ ထမင်းစားချင်တာ''

''လာဘူး''

သံပြတ်နှင့်ပြောပြီး ထွက်သွားသည့် သင်းကို လှမ်းကြည့်ရင်း လွတ်လပ် တဟားဟားရယ်၍ ကျန်ခဲ့၏။ ဖန်ခွက်ထဲမှ လက်ကျန်ကို မော့ရင်း သင်းမေ့ပြီး သိမ်းမသွားသည့် Doubel Black ပုလင်းကို မျက်စောင်းထိုးမိသည်။ ခပ်သွက်သွက် လှမ်းယူပြီး တစ်ပက်ခန့်ထပ်ထည့်၍ ပုလင်းကို ရေခဲသေတ္တာထဲ ပြန်ထည့်ထားလိုက်သည်။

ဆော်ဒါမရောတော့တဲ့ ရေခဲလေးတုံးလောက်ထည့်ပြီး ခလောက်၍ မွှေနှောက်ကာ ဂေါ်ရင်ဂျီမော့ မော့လိုက်တော့သည်။

သင်း ချက်ထားသော နံရိုးကြံမဆိုင်ဟင်းချိုကို ခပ်သောက်၍ ခံတွင်းရှင်းနေဆိုက် သင်း ပြန်ရောက်လာ၏။

''အိပ်သွားပြီလား သင်း မြန်လှချီလား''





''အရမ်းအိပ်ချင်နေတာလေ၊ သူ ပြောသလို နို့တောင်မစို့နိုင်တော့ဘူး၊ ဝက်ဝံရုပ်ကြီးဖက်ပြီး အိပ်သွားတာ ကိုကိုရဲ့''

''ဟုတ်လား ကောင်းတာပေါ့၊ အကြီးကောင်ကော''

''အိပ်ပါလိမ့်မယ် ဂိမ်းသရဲလေးက ကွန်ပျူတာဂိမ်းဆော့လို့ ကောင်းတုန်း၊ နည်းနည်းဆူလိုက်ဦး''

''အင်းပါ သင်းရယ်၊ စားပြီးမှ ကိုကို ပြောလိုက်ပါ့မယ်၊ အခု ထမင်းစားမယ်လေ''

''ဘာလဲ ဝါးခွံ့ရဦးမှာလား''

''အဟဲ အချစ်ကိုကြည့်ပြီး စားရရင် ပိုဝတယ်လေ၊ သင်းက အားလို့ဝါးခွံ့ချင်တယ်ဆိုရင်လည်း စားဖို့အသင့်ပဲနော်''

''တော်ပါ ကိုကိုရယ် ရှုံစရာကြီးဟာကို''

''သင်းရဲ့တစ်ကိုယ်လုံး ဘယ်နေရာမှ ကိုကို မရှုံဘူး''

''ဟိုး ဆရာ ဟိုး ထမင်းစားမှာ စားတော့ တကယ်ပဲ ဘာတွေ ပြောနေမှန်းလည်း မသိဘူး''

''သင်းကို ငုံထားမတတ်ချစ်လို့ တစ်ကိုယ်လုံးကို မရှုံဘူးလို့''

''မိုက်ဆာတယ်''

''သုံးမိနစ်ပဲစောင့်''

ရီရီဝေဝေနှင့် ခပ်တွေတွေဖြစ်နေသော လွတ်လပ်သူ စကားမဆုံးခင် သားကြီးဝင်လာပြီး ဗိုက်ဆာနေကြောင်း အသိပေးရာ သင်းက လည်း ခေါက်ဆွဲကြော်ကြော်သလို ပြန်ပြောလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းမှ မင်းဟာလေ တကယ် အလိုက်ကန်းဆိုးမသိတဲ့ သားမိုက်ပဲ"

"ဟာ ဖေကြီး တော်ကီတွေ လွဲနေပြီနော်၊ ဝဲပစ်လိုက်တော့ ဒီလောက် လိမ္မာတဲ့ သားကိုများ"

"ဟင်း ဟင်း ဟင်း ကဲ ကြားတယ်နော် ကိုကို၊ ကဲနေတာတွေ ဝဲပစ်လိုက်တော့တဲ့ သားကပြောနေတာ"

"ဟား ဟား ဟား ဟား"

"ကဲ သားဗိုက်ဆာတယ်ဆို ထမင်းစားမှာလား"

"စားမယ် မေမေ ဝက်နံရိုးနဲ့"

အမေပြင်ဆင်ပေးသည့် ထမင်းနှင့်ဟင်းကို အားပါးတရ လွေးနေသည့်သားအားကြည့်ရင်း ကိုယ့်ကိုယ်ကိုယ်လူကြီးတစ်ယောက်ဖြစ်လာပြီဟု တွေးမိတော့ အထိတ်တလန့်ဖြစ်သွား၏။

သေချာတွက်ကြည့်လျှင် သူ့အသက် သုံးဆယ့်နှစ်နှစ်ရှိပြီဖြစ်၏။ အိမ်ထောင်သက်ကိုးနှစ်ကျော်ကျော်တွင် တိုက်နှင့်ကားနှင့် ပုံမှန်ဝင်ငွေရှိသောလုပ်ငန်းတစ်ခုအပြင် ခြောက်နှစ်အရွယ် သားတစ်ယောက်နှင့် သုံးနှစ်အရွယ် သမီးတစ်ယောက်ရှိနေခြင်းအပေါ် ဝံ့ကြွားစိတ်ဖြစ်မိသည်။

တကယ်တမ်း ပြန်တွေးကြည့်တော့ အိမ်ထောင်ဦးကာလများက အတော်လေး ခက်ထန်ကြမ်းတမ်းခဲ့၏။ ထိုကာလများက သင်း၏ ကူညီပံ့ပိုးမှု၊ လောကဓံကိုကြံ့ကြံ့ခံရင်ဆိုင်ရဲမှုနှင့်အတူ ဖေးမအားပေးမှု





များသာ မရှိခဲ့ပါက သူ ခုလို ရပ်တည်နေနိုင်မှာမဟုတ်ချေ။

လွတ်လပ်အိမ်အတွက် အပန်းဖြေစရာနေရာသည် ဒီမိသားစုသာဖြစ်၏။ သူ စောင့်ရှောက် ပျိုးထောင်ပေးရမည့် လူသားများသည် ဤမိသားစုသာဖြစ်၏။ ဒီမိသားစုရှိရာ ချည့်တိုင်သည့် လွတ်လပ်သူ၏ အိမ်သာဖြစ်တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## ဒေဝတာ၏ နတ်မိမယ်

ပရိုတိန်းဆိုသည်မှာ အာဟာရများတွင် ပါဝင်သော ဓာတ်ပစ္စည်းတစ်မျိုးဖြစ်ကြောင်း လူတိုင်းသိကြ၏။ သို့သော် ပရိုတိန်းမှာ ဂရိဘာသာစကားဖြစ်ပြီး ပထမတန်းစားဟု အဓိပ္ပာယ်ရကြောင်းကိုတော့ သိသူ နည်းလိမ့်မည် ထင်သည်။

လွတ်လပ်သူ ငယ်စဉ်က အဖေနှင့်အမေသည် သူတို့တွင်ရှိသော ပရိုတိန်းမှန်သမျှကို သားဖြစ်သူအတွက်သာ ပုံအောပေးဆပ်ခဲ့ကြ၏။ ခုတော့ သူလည်း ပန်ဘိန်းလက်ခံသူမှ ပရိုတိန်းဖြည့်စွမ်းပေးဆပ်သူဖြစ်ခဲ့ရပြီ။

လွတ်လပ်တွင်ရှိနေသည့် ပရိုတိန်းမှန်သမျှ ရင်သွေးများနှင့် သင်းအတွက်သာ ဖြစ်ခဲ့ပြီမဟုတ်လား။





ထိုနေ့က ပရိုတိန်းအသစ်ထံသို့ မူလလက်ဟောင်း ပရိုတိန်းကြီးရောက်လာခဲ့၏။ ဖေဖေ သူ့ထံသို့ အလည်အပတ်လာခဲ့သည်။

လွတ်လပ် အတော် ဝမ်းသာသွား၏။ အလုပ်များ၍ ကိုယ်က မရောက်ဖြစ်ဘဲ စိတ်ကသတိရနေခိုက် ကွက်တိရောက်လာသဖြင့် အတော်ကြည်နူးသွားမိသည်။

သို့နှင့် အဖေ အလွန်ကြိုက်သော တရုတ်စာရေးသည့် စားသောက်ဆိုင်တွင် ထမင်းစားကြရန် ခေါ်လာခဲ့၏။

နံရိုးအကြွပ်ကြော်၊ ဘဲပေါင်းကြံမဆိုင်၊ ဝက်သားဘီစကစ်၊ အခေါက်ကင်တို့နှင့် အဖေ့အား ပြုစုသည်။ အဖေနှစ်သက်သော အစားအစာများဖြစ်၍ အားပါးတရ စားနေပုံကိုကြည့်ကာ ဗိုက်ဖြစ်နေမိ၏။ နောက်မှ ဝက်သား ဘဲသားတို့မှာ လူကြီးသူမများနှင့် မသင့်တာကို တွေးမိပြီး

"အဖေ သွေးတိုးတွေ ဘာတွေများ ရှိနေလားဟင်"

"မပူစမ်းပါနဲ့ သားရယ်၊ အဖေ့မှာဘာရောဂါမှ မရှိပါဘူး၊ တကယ်လို့ ရှိခဲ့ရင်လည်း ငါ့သားရဲ့ဒါနအထမြောက်အောင် ပါရမီဖြည့် ဘယ်လိုပဲ သဘောထားလိုက်ပေါ့ကွာ ဟား ဟား ဟား"

လောကဓံတိုက်ပွဲတွင် အလီလီ အောင်ပွဲရခဲ့သော စစ်သူကြီးဟန်ပန်မျိုးနှင့် အဖေက တဟားဟားရယ်ရင်း ထမင်းကို လက်စသတ်နေသည်။ အစားတစ်လုပ်နှင့် ဒုက္ခပေးမိပြီလားဟူသော အတွေးနှင့် လွတ်လပ် စိတ်မသက်မသာ ဖြစ်သွား၏။



www.burmeseclassic.com

"အဖေ အသက်ကြီးနေပြီနော်၊ သားဆီမှာ လာနေပါဆိုမှ"

"ဟား ငါ့သားရာ အဖေက စာရေးဆရာဆိုတာ ငါ့သားမသိလို့လား၊ စစ်မြေပြင် သတင်းထောက်မဟုတ်ဘူးလေကွာ"

"ဘာဆိုင်လို့လဲ အဖေရ"

"ဆိုင်တာပေါ့ ငါ့မြေးနှစ်ယောက်ရဲ့ သောင်းကျန်းမှုက အာဖဂန်က တာလီဘန်တွေလို ဖြစ်နေမှတော့ အဖေ စာရေးဖို့တွေးနိုင်ပါဦးမလား ကွာ"

"ဟား ဟား ဟား လုပ်ပြီ အဖေရာ သားက အဟုတ်မှတ်လို့ အဖေ့မြေးတွေ ဒီလောက်မဆိုးပါဘူး အဖေရ၊ သူတို့လည်း မူကြိုသွားရ ကျောင်းသွားရ သင်တန်းသွားရနဲ့ ပါရဂူဘွဲ့ယူဖို့ သီးဆစ်ရေးနေရသလို မအားကြပါဘူးဗျာ၊ အိမ်မှာရှိလှ တနင်္ဂနွေတစ်ရက်ပါပဲ"

"အေးပါကွာ အဖေ မလာချင်တာ ငါ့မြေးတွေကြောင့်မဟုတ်ပါဘူး"

"သား သိတယ် အဖေက အမေ့အငွေ့အသက်တွေကြားမှာပဲ နေချင်တာမဟုတ်လား၊ အမေ ခေါင်းချခဲ့တဲ့အရပ်မှာပဲ အရိုးထုတ်မယ် ဆိုပါတော့"

"သိရဲ့သားနဲ့ အဖေကိုအရှက်ခွဲနေရသလားဟ လူမိုက်ရ"

"ဟား ဟား ဟား ဟား"

"ဒါနဲ့ အဖေ့အလုပ်အကိုင်ကော အဆင်ပြေရဲ့လား"

"ပြေပါတယ်ကွာ တစ်လကို လုံးချင်းမထူမပါး တစ်အုပ်၊ ဆောင်းပါးက သုံးလေးပုဒ်၊ အက်ဆေးလေးတစ်ပုဒ် နှစ်ပုဒ်နဲ့ဆိုတော့





မဆိုးပါဘူး"

"အသက်ကြီးတဲ့အချိန်မှာ ဒီလို စာရေးပြီးအသက်မွေးနိုင်တာ ဆုတောင်းကောင်းတဲ့သဘောပဲ အဖေ"

"ဒါပေါ့ ပညာနဲ့ရှာစားရတော့ ခွန်အားသုံး မလိုဘူးပေါ့ကွာ"

ထမင်းစားပြီး အချိုတည်းရင်း စကားကောင်း နေကြသော သားအဖနှစ်ယောက် ရယ်ပွဲဖွဲ့နေကြ၏။ အဖေက ပျော်ပျော်နေသေခဲ့ဆိုသည့် ဆေးနှင့် ကျန်းမာနုပျိုနေသူဖြစ်သည်။ ကျသင့်ငွေရှင်းရင်း အဖေ့ကို ကန်တော့ဖို့ထည့်လာသော ငွေသုံးသိန်းကို ထုတ်ယူ၍ အဖေ့ရှေ့ချပေး လိုက်၏။ ပြီးမှ လက်အုပ်ချီရင်း

"အဖေ လှူချင်တန်းချင်တာလှူဖို့ သား ကန်တော့တာပါ အဖေ"

အဖေက ငွေကိုငုံ့မကြည့်ဘဲနှင့်

"ပြီးခဲ့တဲ့လကလည်း ချွေးမနဲ့မြေးတွေ ရောက်လာပြီး သုံးသိန်း ကန်တော့သွားသေးတယ်လေကွာ"

"လက်ခံပေးပါ အဖေရယ်၊ အတူတူနေပြီး စောင့်ရှောက်ခွင့် ရရင်တော့ တစ်မျိုးပေါ့၊ အဖေက လက်ခံပြီးကောင်းကောင်းသုံးမှ သား ကုသိုလ်ရမှာပေါ့"

"အေး ခက်တာက အဖေ့တစ်ကိုယ်ရေ ဝင်ကာယအတွက် အသုံးစရိတ်က ဒီလောက်မှ မလိုတဲ့ဟာ"

"ဒါဆိုလည်း လစ်လပ်နေတဲ့ ဆေးပေးမီးသူ ရာထူးအတွက် အလုပ်ခန့်ဖို့ အင်တာဗျူးခေါ်တဲ့နေရာမှာ သုံးလိုက်ပေါ့၊ မကောင်းဘူး



www.burmeseclassic.com
www.burmeseclassic.com

လား''

''ဟား ဟား ဟား တော်စမ်းပါ ငါ့သားရာ၊ မီးကိုပူမှန်းမသိတဲ့ ပိုးဖလံဘဝတွေက လွန်ခဲ့ပါပြီကွာ''

''တစ်ခါတလေတော့လည်း ပူပူလေးနဲ့ကောင်းတာတွေ ရှိတယ်နော်''

''ပူတာကို ပူတယ်လို့မှတ်ပြီး ဘာဝနာမရှုပါရစေနဲ့တော့ကွာ''

''ကောင်းပြီ သားက အဖေ ကောင်းစားပါစေတော့ဆိုပြီး နတ်ပြည်တင်ပေးတာကို ဖင်အေးပါတယ်ဆိုပြီး ခုန်ချ''

''ကဲ ကဲ တော်တော့ အပြောင်အပျက်တွေ၊ တစ်နေ့က ကိုစိုးမောင်ဆီက စာလာတယ် သား''

''ဟင် ဟုတ်လား လေးလေးတို့နေကောင်းကြသတဲ့လား''

''ကောင်းကြပါတယ်ကွာ ကိုစိုးမောင်က အကူအညီတစ်ခု တောင်းထားတယ် သား''

''ဘာများလဲ အဖေ''

''ဒေဝီလေးက အနုပညာလောကထဲ ဝင်ချင်လို့တဲ့''

''ဗျာ ငယ်ငယ်တုန်းက စုတ်ချွန်းချွန်းနဲ့ကောင်မလေးလား၊ သား လူပျိုပေါက်ဘဝမှာ သူက ရှစ်နှစ် ကိုးနှစ်လောက်ပဲရှိဦးမှာ''

''အေး ဟုတ်တယ် ငယ်ငယ်က မင်းစချင်သလို စခဲ့တဲ့ အဲဒီကောင်မလေး အခု လူလားမြောက်နေပြီ''

''ဒီကြားထဲလည်း မဆုံဖြစ်ကြဘူးနော်''





''သူက စင်ကာပူမှာကျောင်းသွားတက်နေတာလေ ကျောင်းပြီးလို့ အလုပ်ကောင်းကောင်းရတာတောင် မလုပ်ဘဲ အနုပညာအလုပ်ပဲ လုပ်မယ်ဆိုပြီး ပြန်လာတာ၊ မင်းကို အားကိုးချင်တဲ့သဘောပဲ''

''လေးလေးတို့က သားတို့ရဲ့ကျေးဇူးရှင်တွေပဲလေ၊ ပြန်ပြီး ကူညီမှကောင်းမှာပေါ့၊ ဒါပေမဲ့ ရေတက်ငါးစင်ရိုင်းတွေက ဒီလောကမှာ သိပ်များတာ''

''တွေ့တော့ တွေ့ကြည့်လိုက်ဦးပေါ့ကွာ''

''တွေ့ရင် မှတ်မိပါ့မလားတောင် မသိဘူး''

''တစ်ယောက်နဲ့တစ်ယောက် နောက်ကြောင်းပြန် မိတ်ဆက်ရတာ ဒီလောက်ခက်ခဲလို့လားကွာ''

''ဟုတ်ပြီလေ သားဆီ သူလာမှာမဟုတ်ဘူးလား''

''စမ်းချောင်းက သူ့အဒေါ်တွေအိမ်မှာ နေမယ်၊ မင်းဆီကို အလုပ်သဘောပဲ လာမှာ''

''တွေ့ကြည့်လို့ ဖြစ်နိုင်ချေရှိရင် အစွမ်းကုန် ကူညီလိုက်ပါ့မယ် အဖေ''

''အေး အေး အားတဲ့နေ့ ငါ့မြေးတွေနဲ့လာခဲ့ကြဦး''

''ဟုတ်ကဲ့ပါ''

အဖေ့လွယ်အိတ်ထဲ ငွေထုပ်ကိုအတင်းထည့်ပေးပြီး တက္ကစီတစ်စီးပေါ် အဖေ့ကိုတင်ပေးလိုက်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



စတူဒီယိုသို့ပြန်ရောက်သောအခါ ထွန်းမင်းကျော်ကို ကရင်ထုန်းလျက်အိုးတွေ့သော မျက်နှာမျိုးနှင့်မြင်လိုက်ရသည်။

"ဟေ့ကောင် ဘာဖြစ်နေတာလဲ မျက်နှာပေါ်တောင် ပုရွက်ဆိတ်တွေတက်လို့ ခါချလိုက်ဦး"

လွတ်လပ်သူ၏သတိပေးမှုကြောင့် ထွန်းမင်းကျော် သူ့မျက်နှာကို လက်နှင့်ပွတ်သပ်၍ ခါချနေ၏။

"ဘာ ဘာမှမရှိပါဘူး အာစရိရဲ့"

"ရှိမလားကွ မင်းမျက်နှာက ချိုလွန်းအားကြီးလို့ ပုရွက်ဆိတ်တက်နေပြီလို့ တင်စားတာဟ နောရ"

"ဪ ဒီလိုလား သိပါဘူး အာစရိရယ်"

"ကဲ ပြောစမ်း မင်းအဖေ လွှတ်တော်အမတ်အဖြစ် အရွေးခံရလို့လား"

"အဲဒါဆိုရင် ဒီလောက်ဝမ်းသာပါ့မလားဗျာ"

"ကဲ ထွန်းမင်းကျော် မင်းလည်း မကြီးဆန်းထွင်မှမဟုတ်သလိုငါလည်း မောင်မောင်အေး မဟုတ်ဘူး။ ပဟေဠိတွေသိပ်လုပ်မနေနဲ့ အင်တာနက်က မော်ဒယ်တွေလို ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်း ပြော"

"အဟဲ ဟုတ်ကဲ့ပါ အာစရိရာ ဒီလိုဗျ ဒေဝတာ လုပ်ငန်းစုကို အာစရိ သိတယ်မဟုတ်လား"

"အင်း သောက်ရေသန့်ကနေ ပြည်တွင်းရေကြောင်းလိုင်းအထိ မလုပ်ဘူးတဲ့လုပ်ငန်းမရှိတဲ့ လုပ်ငန်းစုကြီးမဟုတ်လား ကြားဖူးပါတယ်"





"ဟုတ်တယ် အာစရိ သူတို့ကိုယ်ပိုင် FM အသံလွှင့်ရုံရှိသလို MRTV-4 နဲ့အကျိုးတူပူးပေါင်း ရိုက်ကူးနေတဲ့ စတူဒီယိုကြီးတစ်ခုလည်းရှိတယ်လေ"

"ဟေ့ကောင် ဘယ်လို ဗိုက်ကြီးပြီး ဘယ်လောက်ကြာကြာကိုယ်ဝန်ဆောင်ရတယ်တို့ ဘယ်ဆေးရုံမှာမွေးတယ်တို့ ဖာတ်စုံလာခင်းမနေနဲ့ ယောကျ်ားလေးမွေးသလား မိန်းကလေးမွေးသလား ဒါပဲပြော"

"ဟာ အာစရိက သိပ်ချုံ့ချင်တာကိုး၊ လိုရင်းတိုရှင်းပေါ့ ဟုတ်လား"

"အေးလေကွာ မင်းက လိပ်တက်(စ်)ကော်ပီဖျာလိုပဲ သိပ်ချဲ့တာကိုးကွ"

"အိုကေ အာစရိ အဲဒီ ဒေဝတာလုပ်ငန်းစုက သူ့လုပ်ငန်းတွေအတွက် ကြော်ငြာတွေ အာစရိနဲ့ရိုက်မယ်တဲ့"

"ဒါပဲလား"

"အဲဒါ အတိုဆုံး 'သံခိပ်'လေ အာစရိ"

"သိပ်မချုံ့နဲ့ကွာ နည်းနည်းတော့ချဲ့လိုက်ဦး"

"လုပ်ပြီ အာစရိရာ စောစောကတော့ ရှည်လို့တဲ့"

"ပုံမှန်လေကွာ ပုံမှန် ပုံမှန်"

"အဟင်း အဲဒါ အသေးစိတ် ညှိနှိုင်းဆွေးနွေးဖို့ ဒိတ်လုပ်ပေးပါတဲ့"

"လကုန်ထိ မအားဘူးဆိုတာ မင်းမပြောလိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေမလဲ အာစရိရယ် ဒါပေမဲ့ သူ့အတွင်းရေးမှူးက လုပ်ငန်းကြီးလုပ်မယ့်သူက အစိကနဲ့သာမည်ကို ခွဲခြားနိုင်ရမယ်တဲ့"

"တောက် ကြီးကျယ်လို့ကွာ သူတို့က ဒေဝတာဆိုရင် ငါက လည်း လွတ်လပ်သူပါကွ၊ စီနီယာအတိုင်းပဲ ဒိတ်လုပ်ပေးလိုက်"

"ဟုတ်ကဲ့ အာစရိ"

ဆရာတပည့်တွေ အကြီးကြီးပွားနေစဉ် ကြိုတင်ရက်ချိန်းယူ ထားသော အဆိုတော်မင်းသမီးလေးတစ်ယောက် သူ၏မိတ်ကပ် အခြောက်နှင့်အတူ ပြက္ခဒိန်ဓာတ်ပုံရိုက်ရန်အတွက် အဝတ်အစားထည့် ကော်ပုံးသေတ္တာကြီး မပြီး ရောက်လာကြ၏။

"ဟိုင်း နန့်စီ လန်းတယ်ကွာ၊ မဆုံဖြစ်တာကြာပြီနော် အစ အိုကေတယ်မဟုတ်လား"

"လွတ်လွတ်လပ်လပ်ကို အိုကေပါတယ် ကိုလွတ်လပ်သူရယ် မှုက်နှာပွင့်တဲ့ ဗိုတိုဂရပ်(ဖ်)ဖါဆိုတော့လည်း တစ်လနီးပါးတောင် ဒိတ် လုပ်ရတယ်နော်၊ မင်းသား မင်းသမီး ရက်ချိတ်တာတောင် ဒီလောက် မစောင့်ရဘူး"

"အဟဲ ပြောတော့ နန့်စီရယ်၊ ကြော်ငြာတွေ အဝင်များလို့ပါ၊ မိုးရွာတုန်းရေခံရတာမဟုတ်လား"

"အာစရိ VCD ကော ရိုက်ပေးတယ်မဟုတ်လား၊ နန့်စီ စီးရီးအယ်ဘမ်တစ်ခွေ စိစဉ်ထားလို့"

"VCD က သီချင်းများရင် များသလို အရမ်းရက်ရှည်တာ





လေ၊ ကိုယ်က အဲလောက်မှ အချိန်မပေးနိုင်တာ"

"ကဲ ဟုတ်ပါပြီရှင် ဟုတ်ပါပြီ အရည်အသွေးတွေချမ်းသာပြီး အချိန်ဆင်းရဲနေတဲ့အတွက် အချိန်မဖြုန်းရဲတော့ပါဘူး၊ ကွန်မ အဝတ် အစားလဲလိုက်တော့မယ်နော်"

"အိုကေ ဗျာ"

နန့်စီ မိတ်ကပ် အဝတ်အစားပြင်ဆင်နေစဉ် ထွန်းမင်းကျော် က အလုဓာတ်ပုံရိုက်ရန်အတွက် စတူဒီယိုအတွင်း မီးချိန်ခြင်း ရောင်ပြန် ပြားနေရာချခြင်း ထရိုင်ပေါ့များပြင်ဆင်ပေးခြင်းတို့လုပ်ပြီး တာဝန်ကျေ ကြောင်းပြနေရှာသည်။

ထိုနေ့တစ်နေ့လုံး နန့်စီအား ဓာတ်ပုံရိုက်ပေးခြင်းနှင့် အချိန် ကုန်ခဲ့၏။ မိန်းမလှလေးများ ဘယ်လိုနေထိုင်ပြီး ဘယ်လိုပို့(စ်)ပေးလျှင် သူ့အလှ ဘယ်လိုပို၍ပေါ်လွင်ကြောင်း မြင်တတ်သွန်းသည့် လွတ်လပ် သူ သူမြတ်နိုးသောအလုပ်ကို စိတ်ပါလက်ပါလုပ်ရင်း အားလုံးကိုမေ့သွား ခဲ့သည်။

ဒီအလုပ်က ရိုက်ကူးနေသော subject ကိုမေ့ထား၍မရ၊ အခုရိုက်နေတာ အရက်ကြော်ငြာမဟုတ်သလို အမွှေးရာကြော်ငြာလည်း မဟုတ်သဖြင့် sexy ဖြစ်အောင်ရိုက်၍မရပေ။

ပြက္ခဒိန်ဖြစ်နေသည်မို့ ယဉ်ယဉ်ကျေးကျေးပုံစံနှင့် ခန္ဓာကိုယ် အလှပေါ်လွင်အောင် ရိုက်ကူးရသည်။ နန့်စီက အဝတ်အစားခြောက်စုံ လဲရိုက်သည်မို့ ဆံပင်ပုံစံပြောင်း အဝတ်အစားနှင့်မိုးချုပ်သွား၏။

"ဟူး ပင်ပန်းလိုက်တာ အာစရိရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နန်စီ အလှအပကို တစ်နိုင်ငံလုံးက အိမ်နံရံတွေ အရောက် ပို့ပေးတဲ့ကိစ္စမဟုတ်လား ဒီလောက်တော့ ပေးဆပ်ရမှာပေါ့"

"ဒါကြောင့်လည်း အချိန်ပေးနေရတာပေါ့ရှင်"

"ကဲ အမောပြေ ဘာသောက်မလဲ နန်စီ"

"မသောက်တော့ဘူး အာစရိ၊ ဒင်နာတက်ရဦးမှာ ပြန်တော့မယ်"

"ဟား နန်စီရယ် လုပ်လှချီလား အလုပ်ကိစ္စပဲလား"

"ဟုတ်တယ် ရုပ်ရှင်ကားကြီးအတွက် ပရိုဂျူဆာနဲ့ညှိဖို့လေ"

"ကောင်းတယ် နန်စီ ကဲရီးအွန်"

လွတ်လပ်သူ နန်စီနှင့် စကားကောင်းနေချိန်မှာ မိတ်ကပ် မော်စီ(မအူကုန်း)က ထွန်းမင်းကျော်နားကပ်နေ၏။ သူငယ်ရှာသော မာမီက ထွန်းမင်းကျော်ကို အပီချုပ်နေပြီထင့်။

"အာစရိ မာမီက သူ့ကိုလည်း တစ်ပုံလောက်ရိုက်ပေးပါတဲ့"

"ထွန်းမင်းကျော်ရေ မာမီ့ကိုရိုက်ဖို့ဆိုရင်တော့ ဦးမြညွန့်အဖွဲ့က နံပါတ်တုတ်နဲ့မှ ပိုကောင်းမယ်ထင်တယ်"

"ဟယ် နော်တကန် ပေါ်တကပ် ဒေါ်တကုပ် နံပါတ်တုတ်ဆို မီးမီးကြိုက် မည်းမည်းရှည်ရှည်တုတ်တုတ်ကြီးရယ် အဟိ"

"ဟား ဟား ဟား ဟား"

မာမီမော်စီ့စကားကြောင့် ပေါ့ပေါ့ပါးပါးရယ်ရင်း တစ်နေ့တာ အလုပ်စခန်းသိမ်းခဲ့ကြ၏။ ထွန်းမင်းကျော်က ဘီယာသောက်ချင်သည်ဟု





နားပူနားဆာနှင့် ဂျီကျနေသဖြင့် သင်းထံနောက်ကျမည်ဟု ဖုန်းဆက်ပြီး ဆရာတပည့်နှစ်ယောက် စားသောက်ဆိုင်ကောင်း တကောင်းသို့ ချီတက်ခဲ့သည်။

ကဏန်းမဆလာ၊ ဘဲခြေထောက်အကြွပ်ကြော်၊ ငါးခေါင်းအင်တုံဟင်းချိုနှင့် ဘီယာမှာလိုက်ကြ၏။ ဦးစွာပထမ ဘီယာပုလင်းများ ဖောက်၍ စိတ်တာက အဆင်သင့်ငှဲ့ပေးသည်။

ဖန်ခွက်ထဲမှအမြှုပ်မသေခင် စားပွဲပေါ်အငြိမ်တစ်ခုကျလာ၏။ မော့ကြည့်လိုက်သောအခါ ပြစ်မျိုးမဲ့မထင်သော အငှေနတ်သမီးတစ်ပါး ကိုယ်ထင်ပြလာသည်ကို မြင်လိုက်ကြရ၏။

ထိုနတ်သမီးက လွတ်လပ်သူအား စေ့စေ့ကြည့်ရင်း

"ကျွန်မကို အချိန်ဆယ့်ငါးမိနစ်လောက်ပေးနိုင်မလား ကိုလွတ်လပ်သူ"

"ကျွန်တော်အခု အပန်းဖြေနေတာပါ"

"တောင်းပန်ပါတယ်ရှင် ကျွန်မလည်း သိပ်အရေးကြီးတဲ့အလုပ်ကိစ္စမို့ပါ"

"အလုပ်ကိစ္စဆိုလည်း ကြိုတင်ချိန်းဆိုမှ"

"ကျွန်မတို့အကြောင်းကြားပြီးပါပြီ၊ ဒိတ်လုပ်တော့လည်း ရက်က သိပ်ကွန်ဖမ်းမဖြစ်တာနဲ့ ကျွန်မကိုယ်တိုင်ထပ်ပြီးလာခဲ့ရတာပါ"

လွတ်လပ် စကားမဆုံးခင် အမျိုးသမီးက ဖြတ်ပြောလိုက်၏။ ထိုအမျိုးသမီးသည် လှပသလောက် ရဲတင်းသွက်လက်လွန်းသည်။ စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ဆိုင်ဟုဆိုသော်လည်း ယမကာပါတွဲရောင်းသည့်ဆိုင်ဖြစ်၍ စားပွဲ အပြည့်သောက်စားသူများရှိနေ၏။ ဒါကိုပင် လုံးဝအရေးမထား။ ခြေလှမ်း မမှားဘဲ ဝင်လာရဲသည်ဆိုကတည်းက တော်ရုံတန်ရုံမဟုတ်မှန်း သဘော ပေါက်မိ၏။

ထွန်းမင်းကျော်သည်လည်း ကစော်ဖောက်ထားစိမ်ရည်နှင့် နတ်သမီးကို အကောင်လိုက်မျှောချနေပုံရ၏။ အမျိုးသမီးက စလင်းဘတ် ကြီးထဲမှ ဖိုင်တစ်ခုထုတ်၍ ထိုဖိုင်ထဲမှ လိပ်စာကဒ်တစ်ခုကို လွှတ်လပ် သူထံ ကမ်းပေးသည်။

လွှတ်လပ်သူ တာဝန်ကျေယူကြည့်လိုက်သောအခါ သူ့မျက်ခုံး နှစ်ဖက်မြင့်တက်သွားရသည်။ ဒီနတ်သမီးက ဒေဝတာတို့၏ကိုယ်စား လှယ်ဆိုပါလား။

"ကျွန်မက ဒေဝတာရဲ့ချယ်ယာမင် ဦးအောင်ခန့်နီရဲ့ကိုယ်ရေး အရာရှိပါ"

"ဩော် ဒေါ်နှီမိုးလွင် ထိုင်ပါဦး"

ဖိတ်ခေါ်မှုကို အသိအမှတ်ပြုသလို ဝင့်ကြွားစွာပြုံးရင်း လှပစွာ ဝင်ထိုင်၏။ အမြုပ်သေသွားပြီဖြစ်သော ဘီယာကိုမော့လိုက်ပြီးနောက်

"ကျွန်တော်တို့ ဒီမှာရှိတာ ဘယ်လိုသိလဲ၊ ပြီးတော့ ကျွန်တော် တို့တစ်ခါမှမဆုံဖြစ်သေးဘူး ထင်တယ်"

"ကိုလွှတ်လပ်သူက တီဗွီစတားပဲ၊ ရှာရတာ မခက်ပါဘူး။ ဒီကိုတော့ ရှင်တို့ကားနောက်ကလိုက်လာတာလေ"





သူမ၏အဖြေကြောင့် လွှတ်လပ်သူ အနည်း ယ်ဖြုံသွားသည်။ အင်း ဒေဝတာရဲ့နတ်မိမယ်ပဲလေ ဒီလောက်တော့ ရှိ ပေါ့ဟု ဖြေတွေး တွေးမိ၏။

"ကိစ္စက"

"နေ့ခင်းက ကျွန်မရဲ့ဝန်ထမ်းတွေ ဒေဝတာရဲ့ ကြော်ငြာတွေကိစ္စ တာဝန်ယူပေးဖို့ လာပြီးအကြောင်းကြားခဲ့တယ်ထင် ါ တယ်"

"ဟုတ်ကဲ့ ရိပ်ဖမ်းသံဖမ်းတော့ သိပြီးပါပြီ"

"နန်စီက လှတယ်နော်"

"ဗျာ"

လွှတ်လပ်သူ အံ့သြမိသဖြင့် ပါးစပ်အဟော ား ဖြစ်သွား၏။ နတ်မိမယ်ကို ပိုပိုသာသာတွက်ထားမှ ဖြစ်မည်ဟုလ ုံး သဘောပေါက် လိုက်သည်။ လျှော့တွက်လို့မှမရတော့ဘဲလေ။

"အဟင်း ကိုလွှတ်လပ်သူရဲ့ဖန်တီးမှုခေါ ပုံ တွေကို ကျွန်မ အမြဲအားပေးနေတာပါ၊ နန်စီရဲ့အလှကို ကိုလွှတ်လပ်သူက ဖော်ကျူးထား တာဆိုတော့ ပြက္ခဒိန်တွေ ရောင်းကောင်းဦးမှာပေါ့နော်"

ဒီနတ်မိမယ်ကို လွှတ်ထား၍မရတော့မှန်း သဘောပေါက်လိုက် ၍

"အခု ငါးမိနစ်ကျော်သွားပြီနော် ဒေါ်နှီမိုးလွင်၊ ဆယ့်ငါးမိနစ် အတွင်း ပြီးအောင်ပြောဖို့တော့ မေ့မယ်မထင်ပါဘူးနော်"

"ဟင်း ဟင်း ပထမဆုံး ကျွန်မကို နှီမိုးလွင်လို့ပဲခေါ်ပါလို့



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရပ်ခံပါရစေ၊ ဒုတိယကတော့ ဒေဝတာက ကိုလွတ်လပ်သူရဲ့ အရည်အချင်းကိုသဘောကျလို့ လုပ်ငန်းခွဲဆယ့်နှစ်ခုထဲက ဒေဝတာ သောက်ရေသန့်ရယ်၊ R.2, D-2 ဖက်ရှင်အဝတ်အစားတွေရယ် ဒေဝတာ ခရီးရေးရှင်း အတ် စတူဒီယိုအတွက်ရယ် လောလောဆယ် ကြော်ငြာ သုံးမျိုးဖန်တီးပေးဖို့ တာဝန်ပေးချင်လို့ပါရှင်''

''ကျွန်တော် လဆန်းတစ်ရက်နေ့မှ အားမယ် နီမိုးလွင်''

''ဒါက မိတ်ဆက်သဘောမျိုးပါ၊ နောက်ထပ်ကြော်ငြာကိုးမျိုး ကျန်သေးတာဆိုတော့ သိပ်ကြီးကျယ်တဲ့လုပ်ငန်းအတွက် အချိန်ရွေ့တိုး ပေးလို့မရဘူးလားရှင်''

''ကျွန်တော့်လုပ်ငန်းက မင်းသားမင်းသမီးတွေကို ရက်ချိန်း ပေးပြီး အတိအကျလုပ်ရတာပါ၊ ပြီးတော့ ကျွန်တော်က ကတိတစ်လုံးနဲ့ အလုပ်လုပ်တဲ့သူပါ''

''လက်ရှိယူနေတဲ့နှုန်းထားထက် နှစ်ဆပေးမယ်ရှင်''

''နီမိုးလွင် ကျွန်တော်က ဗုဒ္ဓဘာသာဝင်ပီပီ ကံကပေးသ လောက်ကိုပဲ ရပိုင်ခွင့်လို့သဘောထားတာပါ''

ငွေပိုပေးမည်ဟု ပွဲစားဆန်ဆန် လူမိုက်စကားပြောလာသဖြင့် လွတ်လပ်သူ တင်းသွားပြီး ဒဲ့ပြတ်ပြောပစ်လိုက်၏။ နီမိုးလွင် မျက်နှာ ပျက်မသွားပါ။

''ကောင်းပြီလေ ဒါဆိုလည်း တစ်ရက်နေ့မှာ ထပ်ဆုံကြတာ ပေါ့''





''အိုကေ ဆယ့်ငါးမိနစ် ပြည့်သွားပြီ''

မနေ့အင်အားတောင့်တင်းသည့် အုပ်စုတစ်ခု၏ ငွေဝယ်ကျွန် နီမိုးလွင်ကို မျက်နှာလွှဲလိုက်ပြီး ဘီယာလက်ကျန်ကိုမော့၍ စားပွဲထိုးခွာ ပေးထားသော ကဏန်းလက်မသားကို တူနှင့်ညှပ်ယူကာ စိမ်ပြေနပြေ စားနေလိုက်၏။

နီမိုးလွင် ထရပ်လိုက်သည်ကို မျက်ဝန်းထောင့်မှ ဖျတ်ခနဲ မြင်လိုက်သည်။ ကြည်သာရွှင်ပျသော လေယူလေသိမ်းနှင့်

''ခုလို လက်ခံတွေ့ဆုံတာ ကျေးဇူးတင်ပါတယ်ရှင်၊ ဒီကြားထဲ မှာ ဖုန်းဆက်ပါရစေ ခွင့်ပြုပါဦးနော်''

လွတ်လပ်သူ လက်မအားသဖြင့် တူကိုသာ ရမ်းပြီးခွင့်ပြုပေး လိုက်၏။ ရိုင်းသည်ဟု ထင်စရာရှိသော်လည်း မနေ့ကထောက်သူ၏လွှမ်းမိုး လိုမှုအား ပညာဂုဏ်နှင့်လက်တုန့်ပြန်လိုက်ရ၍ စိတ်ထဲကကျေနပ်သွားမိ သည်။

ဆိုင်ထဲမှကျော့ရှင်းစွာထွက်ခွာသွားသော နီမိုးလွင်နောက်သို့ ဆိုင်ရှိလူကုန်လှည့်ကြည့်နေကြတာ သူ သတိပြုမိ၏။ ဒါင်း မယ်စကြာဝဠာ ပြိုင်ပွဲဝင်ရင်ကောင်းမယ် နီမိုးလွင်ဟု လွတ်လပ် မှတ်ချက်ချလိုက်ရသည်။

ထွန်းမင်းကျော်က တံတွေးမျိုချလိုက် လည်ချောင်းရှင်းလိုက် ဘီယာမော့လိုက်နှင့်ဆိုတော့ သူ၏လည်ဇလုပ်မှာ ဇကာပ ဝါးရင်းတုတ် နှင့်ရိုက်ပစ်ချင်စရာကောင်းအောင် ယောက်ယက်ခတ်လှုပ်ရှားနေလေ၏။

''ဟော့ကောင် ဘာဖြစ်နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အိုးလွဲသွားတာ မဟုတ်ဘူး အာစရိ၊ အရိုးကျိုးပေါင်းတက်သွားတာပဲဖြစ်မယ်"

ထွန်းမင်းကျော်က သူ့ဂုတ်သူလက်တစ်ဖက်နှင့်ဆုပ်ကိုင်၍ ကျန်တစ်ဖက်က မေးဖျားကိုကိုင်ကာ သံယောဇဉ်မပြတ်နိုင်သည့်အကြည့်များကို ရပ်တန့်ပြီး မျက်နှာကိုဆွဲလှည့်ရင်းပြောသည်။

"ဘာလဲကွာ ဒီလောက်ထိဖြစ်စရာလား၊ တို့နားမှာ ဒါမျိုးတွေ တစ်ပုံကြီး"

"မတူဘူးနော် အာစရိ၊ ဒါလေးက ငြိစဉ်လေး အာစရိရဲ့"

"ကဏန်းလက်မအခွံနဲ့အတူ အမှိုက်ပုံးထဲ ဝလိုက်စမ်းပါကွာ"

"မဟုတ်ဘူးနော် အာစရိ စကားပြောပုံနဲ့ အသံကိုက ဆွဲဆောင်မှုရှိတာ"

"ကဲ နီမိုးလွင်တမ်းချင်းကို ရပ်တော့နော်၊ မင်းသောက်ဦးမှာလား တော်ပြီဆိုရင် ထမင်းမှာလိုက်မယ်"

"အာ အာစရိကလည်းဗျာ သောက်တောင်မသောက်ရသေးဘူးလေ၊ နီမိုးလွင်ကြောင့် ဖွက်ထသွားတဲ့ရင်ဘတ်ကို ဘီယာနဲ့ဆေးပစ်မှဖြစ်တော့မှာ၊ ဒါမှ အကွင်းဒဏ်မရမှာပေါ့ အာစရိရဲ့"

"ဟား ဟား ဟား ဒါဆိုလည်း သောက်ကွာသောက်၊ ရင်ထဲမှာ ဖွက်မပေါက်အောင် မြက်ခြောက်ကို အမြည်းလုပ်လိုက်ဟ ဟား ဟား ဟား"

■ ■ ■



## သက်ရှိထင်ရှား ဒွေးမယ်နော်

အောင်မြင်မှုဆိုသည်မှာ အမြန်ချောပို့စနစ်ဖြင့် စာတိုက်မှ ရောက်လာနိုင်သောအရာ မဟုတ်ပါ။ ကံ ဉာဏ် ဝီရိယဆိုသော သူငယ်ချင်းသုံးယောက်ကလည်း သဘောထား အလွန်နုသောသူများဖြစ်ကြ၏။ သူတို့အား တစ်ချက်ကလေး မျက်နှာသာမပေးရုံနှင့် သင့်ထံမှ ထွက်ပြေးသွားမည်သာဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတည်ဆောက်နိုင်သူက ကံ ဉာဏ် ဝီရိယတို့၏ အထောက်အပံ့ကို ခံစားခွင့်ရ၏။ Confidence မြင့်မားသူများက တခြားလူများထက် အကျိုးအမြတ်နှင့်အောင်မြင်မှုကို ပိုမိုခံစားခွင့်ရှိသည်။

ထိုအတန်းအစားထဲပါနိုင်ရန် လွတ်လပ်သူ အမြဲဂရုပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိလုပ်ငန်းက အီလက်ထရွန်းနစ်ပစ္စည်းများကို အစဉ်တစိုက် အားကိုးရသည်။ ကင်မရာနှင့်ကွန်ပျူတာက မရှိမဖြစ် ပစ္စည်းများဖြစ်နေသလို နည်းပညာထွန်းကားမှုကြောင့် ပစ္စည်းသစ်များက နာရီနှင့်အမျှ ပြောင်းလဲကာ အသစ် အသစ်ဖြစ်နေကြ၏။

ထို့ကြောင့် ကွန်ပျူတာ၊ ဆော့(ဖ်)ဝဲနှင့် ကင်မရာများအကြောင်း မျက်ခြေမပြတ် လေ့လာရသည်။ အသုံးတည့်သော ပစ္စည်းသစ်ကို မဖြစ်မနေ ဝယ်ယူပြီး သုံးတတ်အောင်လေ့ကျင့်ရ၏။ ဒီဂျစ်တယ်ခေတ်တွင် ကိရိယာတန်ဆာပလာကို အပြစ်တင်နေသော လက်သမားမဖြစ်ရအောင် ကြိုးစားရသည်။

ဘယ်လောက်အလုပ်များများ နိုင်ငံတကာ စာမျက်နှာများကို အင်တာနက်မှ အမြဲမပြတ်လေ့လာသည်။ စာဖတ်ချိန် တစ်နာရီရအောင် အချိန်ပေးရသည်။ သို့ဖြစ်၍ လွတ်လပ်သူ၏ Toilet မှာ မီနီလိုင်ဘရီကဲ့သို့ ဖြစ်နေသည်။

သီးသန့်အချိန်မပေးနိုင်လျှင် ကမုတ်ပေါ်ထိုင်ပြီး စာဖတ်၏။ ဤသို့အပတ်တကုတ် ကြိုးစားခဲ့ခြင်းကြောင့်သာ နေရာတစ်နေရာရခဲ့ခြင်း ဖြစ်သည်။

ဒီနေ့မနက် အိမ်ကအထွက်တွင် ထုံးစံအတိုင်း သမီးနှင့်သင်းကို ကားပေါ်တင်ခေါ်လာခဲ့၏။ သားကတော့ ကျောင်းကားနှင့်ကျောင်းသွားပြီဖြစ်သည်။ သမီးငယ်ကို မူကြိုပို့ပြီး သင်းအား ဈေးတွင်ချထားပေးခဲ့၏။

"ကိုကို ညစာ ဘာဟင်းစားမလဲ"





"သင်းသင်းသန့်လေးကို စွပ်ပြုတ်လုပ်သောက်ချင်တယ်"

"ကိုကိုနော် ကောင်းကောင်းပြော"

"အဟင်း ဒါဆို မယားကြော်ချက်လေး လုပ်ထား"

"ကိုကို"

"ဘာလဲ"

"ကောင်းကောင်းပြောဆို"

"အဟဲ ရပါတယ် သင်းရယ်၊ ဘာပဲဖြစ်ဖြစ် သင်းစီမံရင် စားလို့ကောင်းတာပဲဟာ ချက်ချင်တာချက်"

"အင်း သင်းရဲ့သူငယ်ချင်းတစ်ယောက်ကပြောတယ် ကိုကို"

"ဘာတဲ့လဲ ကိုကိုက ခန့်ချောကြီးတဲ့လား"

"ဟင်း ဟင်း စိတ်တော့မဆိုးနဲ့နော်၊ အကြောင်းမရှိဘဲ မယားကို ကြဲဖန်ချီးကျူးနေရင် အဲဒီယောကျ်ား မရိုးတော့ဘူးတဲ့"

"ဟား ဟား ဟား ဘယ်ပညာရှိမက ပြောသွားတာလဲ သိလရှင်ယ်ကင်းလား"

"မဟုတ်ဘူး ဒေါ်ဦးဖွန်း"

"ဟား ဟား ဟား ကိုကိုက အပိုတွေလုပ်ပြီး ချီးကျူးနေတာမဟုတ်တာ၊ အမှန်တရားကိုပြောနေကျအတိုင်း ပြောလိုက်တာလေ"

"အမှန်အတိုင်း ပြောတာဆိုရင်တော့ ကျေးဇူးတင်ပါတယ်ကိုကို"

"ကိုကိုပြောတာ အမှန်တွေပါပဲ သင်းရယ်"



www.burmeseclassic.com

"ဟုတ်ပါပြီ ကဲ သွားတော့ ကိုကို နောက်ကျနေဦးမယ်"

သင်းက ကားကိုမှီပြီး စကားပြောနေရာမှ ခွာပြီးနှုတ်ဆက်၏။ လွတ်လပ်လည်း ဂီယာချိန်းလိုက်ရင်း ဖနိုးသည်ကို လက်ပြ၍ ထွက်လာခဲ့လေသည်။

ကားမောင်းလာရင်း သင်း၏ထူးဆန်းသော စကားများကို နား မလည်နိုင် ဖြစ်ရသေး၏။ ပြီးမှ အိမ်ထောင်သည်အမျိုးသမီးများစုဝေ မိရာမှ သူ့ယောကျ်ား ကိုယ့်ယောကျ်ားအကြောင်းပြောကြရင်း အဖ ထွက်လာသည့်စကားဖြစ်ရမည်ဟု တွေးကာ ရယ်သွမ်းသွေးလိုက်ရင်း ထိုအကြောင်းအရာအား ခေါင်းထဲမှ ထုတ်ပစ်ရ၏။

စတူဒီယိုရောက်သောအခါ ထွန်းမင်းကျော် တန်းစီချိန်းဆ ပေးထားသော အလုပ်ဇယားကို အရင်ကြည့်ရ၏။ ဘွဲ့ယူသူများ၏မိသား ဓာတ်ပုံရိုက်ရန် ချိန်းဆိုမှုများက ပိုများနေတာတွေ့ရသည်။

ညနေသုံးနာရီတွင် တွေ့ရမည့်သူက ဒွေးမယ်နော် သူကတော့ အလုပ်ကိစ္စဆွေးနွေးရန်ဟု ဖော်ပြထား၏။ ဘယ်သူများလဲ ဘာကိစ္စများ နာမည်ကတော့ အတော်စိတ်ဝင်စားစရာကောင်းနေသည်။ ဒွေးမယ်နေ ဆိုတော့ ငွေတောင်ပြည့်ပြန်ဖို့ ဗီဇာလာလျှောက်တာဖြစ်မှာပါဟု ရယ်စ တွေးရင်း အလုပ်စလုပ်ဖို့ ပြင်ဆင်လိုက်၏။ ရိုက်ကူးပြီးသော ကော်ပြ များကို Edit လုပ်ဖို့က တစ်ပုံတစ်ပင်တန်းစီနေပြီမဟုတ်လား။

အစောဆုံးဓာတ်ပုံရိုက်ရန် ချိန်းထားသူက ဆယ့်တစ်နာရီ ဖြစ်၍ ရသလောက်အချိန်လေးကို Edit လုပ်ရင်း ဖြတ်သန်းရသည်





ထွန်းမင်းကျော်နှင့်လွတ်လပ်သူတို့ ကွန်ပျူတာတစ်လုံးစီနှင့် အလုပ်ထဲ အာရုံရောက်နေကြ၏။

ဆယ်နာရီခွဲလောက်တွင် ထွန်းမင်းကျော် အပြင်ထွက်သွားတာ မြင်လိုက်သော်လည်း ဘာမှမမေးမိ။ နာရီဝက်ခန့်အကြာတွင် ချိုင့်တစ်လုံး ဆွဲပြီး ပြန်ရောက်လာမှ နေ့လယ်စာ သွားမှာတာဖြစ်ကြောင်းသိ၏။ အတော်အလိုက်သိသည့် တပည့်ပါပဲလားဟု တွေးရင်း ပီတိဖြစ်သွား သည်။

"အာစရိ ဆယ့်တစ်နာရီမထိုးခင် ပုံးတွတ်ထားလိုက်ဦး၊ တော် ကြာ နေ့လယ်စာ တော်နေဦးမယ်"

ထွန်းမင်းကျော်ကောင်းမှုနှင့် အချိန်မီစားသောက်ခွင့်ရ၍သာ တော်တော့သည်။ စားပြီးကာစမှာပင် ဘွဲ့ယူထားသူများ တန်းစီကာ ရောက်လာကြသဖြင့် မနေမနား ရိုက်ပေးနေရသည်မှာ အညောင်းဆန့် ချိန်ပင်မရခဲ့။

နှစ်နာရီလေးဆယ့်ငါးတွင်မှ ကြိုတင်ချိန်းဆိုထားသူများ ကုန် သွားတော့သည်။ မောမောညောင်းညောင်းနှင့် ခြေပစ်လက်ပစ် လှဲချ အနားယူလိုက်၏။ မျက်စိများပါ မှိတ်ထားလိုက်ရာမှ အိပ်ပျော်သွားသလို သိုပင်ဖြစ်သွားသည်။

ထိုအခိုက်မှာပင် သူ့ကိုလှုပ်နှိုးသလို ခံစားရသဖြင့် မျက်စိဖွင့် ကြည့်မိ၏။ သူ့ဘေးတွင် ငုပ်တုပ်ထိုင်နေသော ထွန်းမင်းကျော်ကိုတွေ့ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ ပင်ပန်းလွန်းလို့ဟာကို"

"မောတာ ပန်းတာတွေ အကုန်ပျောက်သွားမယ့်ဆေးရှိတယ် အာစရိရဲ့"

"ဘာလဲ အင်နာဗွန်စီလား မသောက်ဘူး"

"ဟာ အင်နာဗွန်စီထက် ဆယ်ဆသာတဲ့ ဂျင်ဆင်းအတောင့် လိုက်ကြီးရောက်နေတာ အာစရိရဲ့"

"မင်းကြောင့် ငါ ရှုးတော့မှာပဲကွာ၊ ရှင်းရှင်းပြောစမ်းပါဟ"

စိတ်ပျက်လက်ပျက်နှင့် ငုပ်တုပ်ထထိုင်ပြီး ထွန်းမင်းကျော်အား ပိတ်ကောလိုက်သော်လည်း ဒီကောင် လုံးဝမျက်နှာပျက်မသွားချေ။

"မဟုတ်ဘူး အာစရိ၊ ရှေ့မှာ ဒွေးမယ်နော် ရောက်နေပြီ"

"အဲဒါဆိုလည်း သုခနေ အိပ်နေတယ်လို့ ပြောလိုက်ကွာ"

"အိပ်ချင်နေတဲ့ အဲဒီမျက်စိတွေပါ စုံလိုက်ကျွတ်ထွက်သွားနိုင်တာ ဆရာရဲ့၊ ထွက်ကြည့်လိုက်ဦး"

ထွန်းမင်းကျော် အမူအရာက ပြူးပြူးပျာပျာနှင့် အမောတကောနိုင်လွန်းလှသဖြင့် လွတ်လပ် စဉ်းစားရကျပ်သွား၏။ ပုံစံက အပမိုလာသလိုလို သွေးစုတ်ဖုတ်ကောင်နှင့်ပက်ပင်းတွေ့လာသလိုလို ဖြစ်နေသည်။

သို့နှင့် ထပြီး မျက်နှာသစ်ရင်း လန်းသွားအောင် အရင်လုပ်လိုက်၏။ မှန်ကြည့်ကာ ဗိုလ်ကေသလိုက်သဖြင့် ထွန်းမင်းကျော် ခွိခနဲ ရယ်တာတွေ့လိုက်ရသည်။ မျက်စောင်းထိုးကာ မကျေလည်ကြောင်းပြသရင်း စတူဒီယိုရှေ့ခန်းသို့ ထွက်လာခဲ့၏။ ဇာခန်းဆီးကိုဖယ်လိုက်သည်





အခါမှာတော့

ထွန်းမင်းကျော် ဘာလို့ ကြာင်တွေမရဖြစ်သွားရသလဲဆိုသည့် အဖြေကို ရှင်းရှင်းလင်းလင်း သိလိုက်ရ၏။ ခေါ်မနေဘဲ သမီး ဗီးနပ်(စ်)က သွေးစုတ်ဖုတ်ကောင်ယောင်ဆောင်ကာ ထွန်းမင်းကျော်၏နှလုံးသွေးကို ဖောက်စုပ်သွားတာပဲဖြစ်မည်။

ခန်းဆီးစကိုချပြီး သူမထံလျှောက်သွားသည့်ခြေလှမ်းများ ယိမ်းယိုင်နေတာ လွတ်လပ်သူ သတိပြုမိ၏။

အလှအပပေါင်းစုံ ဝန်းရံခနေသော သူ့ဝန်းကျင်တွင်ပင် ဤမျှပြီးပြည့်စုံသော အလှတရားကို မတွေ့ဘူးခဲ့ဟု သူသေချာ သိနေသည်။ သူမ၏အလှအပကိုခံစားရသည်မှာ

ကန္တာရ ခရီးကြမ်းနှင်ပြီး အိုအေစစ်တွင်နား ဒိုင်သိုက်ရသလိုမျိုး၊ အမြဲစိမ်းသစ်တောထဲ သစ်လုံးအိမ်နှင့်နေရသလိုမျိုး၊ အသထိုရ်မြင်းကိုစီး၍ တိမ်ညွှန့်စားရသလိုမျိုး၊ ဆောင်းနံနက်၏နှင်းပွင့်များကြား လမ်းလျှောက်ရသလိုမျိုး၊ ငန်းဖမ်းသလို ဖျားနေခိုက် ဘရန်ဒီတစ်ခွက်သောက်လိုက်ရသလိုမျိုးထိ ရသစုံပေးစွမ်းနိုင်လောက်အောင် ထူးခြားဆန်းသစ်နေလေ၏။

လွတ်လပ်သူ လည်ချောင်းထဲမှ တုန်ခါနှုန်းမမှန်သော ရှတအက်ကွဲသံတချို့ ထွက်ကျသွားသည်။

"ကျ ကျွ ကျွန်တော် လွတ်လပ်သူပါ ဒွေးမယ်နော်"

လျှပ်စီးလက်သလို တောက်ပသော အပြုံးကိုမြင်ရသည့်အခိုက်



www.burmeseclassic.com

www.burmeseclassic.com



မိုက်ခနဲ လဲကျမသွားအောင် ကောင်တာကို ဖေးမမှီတွယ်ထားလိုက်ရသည်။ ကောင်တာမှ စာရေးမလေး ယမုံနွယ်က လွတ်လပ်သူအား ပြုံးစိစိနှင့်ကြည့်နေသဖြင့် သူ ရှက်သွားမိသည်။

"ကိုလေး ဒေဝီ့ကို မမှတ်မိဘူးလားဟင်"

"ဒေဝီ ဒွေး ဒွေးမယ်နော်ဆို"

ကွန်ပျူတာ ဆော့(ဖ်)ဝဲတို့နှင့် တုပဖန်တီး၍မရနိုင်လောက်အောင် ပီသကြည်မြနေသည့် ဂီတသံလိုအသံမျိုးနှင့်ပြောသော စကားသံကိုကြားရသည့်အခိုက်မှာ သတိလက်လွတ်ဖြစ်မတတ် ခံစားလိုက်ရပြန်သည်။

"ဒွေးမယ်နော်ဆိုတာ ဒေဝီပဲပေါ့ ကိုလေးရဲ့ ဦးစိုင်းမောင် ဒေါ်နန်းခမ်းတို့ရဲ့သမီး ဒေဝီပါ"

"ဟာ ဒေဝီ နင် နင် ငယ်ငယ်တုန်းကအတူတူ ဆော့ဝိုင်းအမြဲကျိုကျတဲ့ ဒေဝီမက နင် ဟုတ်လား"

"ပြော် ဟုတ်ပါတယ်ဆို ကိုလေးကလည်း"

"ဝမ်း ဝမ်းသာလိုက်တာ ဒေဝီရာ၊ လာ ဒေဝီ စတူဒီယိုထဲမှာ အဲကွန်းရှိတော့ သက်တောင့်သက်သာရှိတယ်"

လွတ်လပ်သူ၏ဖိတ်ခေါ်မှုကို လက်ခံပြီး ထရပ်လိုက်သောအခါ ကိုယ်ကာယ၏အလှကိုလည်း ရှုစားခွင့်ရသွား၏။ ထိုအခိုက်မှာလည်း လွတ်လပ်သူ၏ရင်သွေးအရပ်အား ဥက္ကာပျံဝင်တိုက်သကဲ့သို့ ခံစားသွားရပြန်သည်။





ဒွေးမယ်နော်နှင့်ဆုံစည်းခြင်းသည် သူ၏အရှေ့အလယ်ပိုင်းအရပ်၌ တည်ရှိသော နှလုံးသားရပ်ဝန်းကို ဖရိုဖရဲဖြစ်စေမည်မှန်းသာ သိခဲ့လျှင် သူ ရှောင်ပုန်းနေဖို့ ကြိုးစားဖြစ်လိမ့်မည်လား မပြောတတ်တော့ချေ။

ငယ်ငယ်တုန်းက စုတ်ချွန်းချွန်းနှင့် အငြင်းသန်ပြီး အလွန်ကိုကျတတ်သော ကလေးမလေးသည် သူ၏စိတ်ကို ပြောင်းဆန်အောင် ဖမ်းစားနေနိုင်တာ ဘာကြောင့်ပါလဲ။ ထိုအခိုက်အတန့်ကလေး၌ လွတ်လပ်သူ၏အတွေးထဲတွင် သင်းသင်းသန့်သည်လည်းကောင်း၊ ကောင်းမွှသည်လည်းကောင်း၊ အကြင်နာသည်လည်းကောင်း ဘယ်အရပ်သို့ နယ်နှင်ခံလိုက်ရသည်မှန်းမသိ။ သူ့ရင်တွင်း၌ ရှိမနေခဲ့တာ အမှန်ပင်ဖြစ်သည်။

"ကဲ ပြောပါဦး ဘယ်လိုက ဘယ်လို ဒွေးမယ်နော် ဖြစ်သွားရတာလဲ"

"အဟင်း အနုပညာလောကထဲဝင်မယ် ဆိုတော့ နာမည်လှလှလေးရွေးလိုက်တဲ့ သဘောပါ၊ ဘာရယ်လို့ မဟုတ်ပါဘူး"

"ဒွေးမယ်နော်က ဘာကိုဝါသနာပါတာလဲ ဘာဖြစ်ချင်တာလဲ"

"မရယ်နဲ့နော် ကိုလေး"

"အေးပါဟ"

"အဟင်း သရုပ်ဆောင်ဖြစ်ချင်တာ ကိုလေးရဲ့"

လွတ်လပ်သူ မအံ့သြမိတော့ချေ။ သည်လို မိန်းမလှမျိုးကို သူသာတင်ပေးလိုက်လျှင် ပွဲဆူအောင် နည်းနည်းလုပ်ရှားလိုက်လျှင် ပရိ



www.burmeseclassic.com

www.burmeseclassic.com



ဂျူဆာတွေ အုံခဲလာတော့မည်ဆိုတာ ကွန်ပျူတာနှင့်တွက်ချက်စရာ မလိုအောင် သေချာလွန်းနေသည်။

“သရုပ်ဆောင် ဟဲ ဟဲ ဒွေးမယ်နော်က တကယ်ဝါသနာပါတာလား”

“အင်းပေါ့ ကိုလေးရဲ့၊ ဝါသနာပါလွန်းလို့ နိုင်ငံခြားမှာတောင် အလုပ်မလုပ်ဘဲ ပြန်လာခဲ့တာ”

“အိုကေလေ ကိုလေး တတ်အားသရွေ့ ကူညီပါ့မယ်”

“တကယ်”

ချစ်စဖွယ်ဟန်ပန်နှင့် မျက်ဝန်းထောင့်ကပ်ပြီး ပြောလိုက်သည့် အခါမှာတော့ သွေးများပြောင်းပြန်စီးဆင်းသလို ဖြစ်သွားရတော့၏။ ထိုသို့ ဒွေးမယ်နော်နှင့် တွေ့ဆုံပွဲအား လက်မှတ်မဝယ်ဘဲ အထူးတန်းမှ ထိုင်ကြည့်နေသူမှာ ထွန်းမင်းကျော်သာဖြစ်သည်။ မုန့်လုစားခံရမည်ကို စိုးထိတ်သော ကလေးတစ်ယောက်အတွေးမျိုးနှင့် စားမာန်ခုတ်သည့် အမူအရာကိုမြင်လိုက်ရတော့ လွှတ်လပ်မှာ ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရသည်။

“ထွန်းမင်းကျော်”

“ဗျာ အာ အာစရိ”

“စတော်ဘယ်ရီဖျော်ရည် နှစ်ခွက်လောက် သွားဝယ်ပေးပါလား ကွာ”

“ဟုတ်ကဲ့”





အစာကိုလက်လွှတ်လိုက်ရသော မြွေတစ်ကောင်၏မျက်လုံးမျိုး နှင့်ကြည့်ပြီး စောင်းငန်းစောင်းငန်းနှင့် ထွက်သွားသည့် ထွန်းမင်းကျော် ပုံစံက တကယ့်ကလေးဆိုးတစ်ယောက်ပမာ။

“ကိုလေးက ဒွေးမယ်နော် ဘာကြိုက်သလဲဆိုတာ မမေ့သေးဘူးနော်”

“မေ့စရာလား ဒွေးမယ်နော်ရယ် ပျော်စရာကောင်းတဲ့တကယ့် အမှတ်တရတွေပဲဟာ”

လွှတ်လပ်သူ၏စကားကြောင့် ဒွေးမယ်နော်မျက်နှာ ဝင်းပသွားပုံမှာ ကြယ်ကြွေသလိုမျိုးပင်ဖြစ်သည်။ ခက်တော့ခက်နေချေပြီ။ ဒွေးမယ်နော် ဘာလုပ်လုပ် ရင်ကိုထိခတ်လှုပ်ရှားသွားရတာ ဘာကြောင့်များပါလိမ့်။

“သူငယ်ချင်းတွေကပြောတယ် ကိုလေး”

“ဘာတဲ့လဲ ဟင်”

“မော်ဒယ်(လ်)လုပ်မှာလား မင်းသမီးလုပ်မှာလား။ ဘာပဲလုပ်ချင်လုပ်ချင် ခေတ်ပုံလွှတ်လပ်သူဆီကိုသာ သွားတဲ့”

“ဟဲ ဟဲ အဲဒါ ကိုလေးကြောင့်မှမဟုတ်ဘာ၊ ရုပ်ချောပြီး တော်တဲ့သူတွေဖြစ်သွားကြတာပဲဟာ”

“ဒွေးမယ်နော်ကော မချောဘူးလားဟင် ကိုလေး”

ထိုအမေးကိုဖြေဖို့ လွှတ်လပ်သူ လုံးဝဟန်ဆိုင်းမနေခဲ့ပါ။

“ဒွေးမယ်နော်သာ မင်းသမီးလုပ်မယ်ဆိုရင် ဗီဒီယိုနဲ့ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



လောကသားတွေ ရှုံးကုန်ကြမှာ သေချာတယ်လေ”

“အဟင်း ဟင်း ဟင်း ဒါဆို ဒွေးမယ်နော်ရဲ့အိပ်မက်တွေ အကောင်အထည်ဖော်ဖို့ ကိုလေးကိုပဲ အပ်လိုက်တော့မယ်နော်”

“လက်တွဲပြီး ကြိုးစားကြည့်ကြတာပေါ့ ဒွေးမယ်နော်”

“ကိုလေးကြောင့် ဒွေးမယ်နော်ရဲ့ယုံကြည်ချက်တွေ ပိုခိုင်မာသွားပြီ ကိုလေးရယ်”

ဘယ်အချိန်က ပြန်ရောက်နေမှန်းမသိသော ထွန်းမင်းကျော် လာချပေးသည့် စတော်ဘယ်ရီဖျော်ရည်ခွက်များ ရောက်လာမှ စကားခဏပြတ်သွား၏။

“အာစရိ သုံးနာရီခွဲမှာ ကောင်မလေးသုံးယောက် စာရင်းပေးထားတာ ကျန်သေးတယ်နော်”

“ထားလိုက်ကွာ လာရင်လည်း မင်းရိုက်ပေးလိုက်”

“ဟာ ဖြစ်မလား အာစရိရဲ့”

“ဒါဆိုလည်း လာရင်ခဏစောင့်ခိုင်းထားလိုက် သွားတော့”

ထွန်းမင်းကျော် ဂျစ်ကန်ကန်နှင့်ထွက်သွားတော့မှ စကားဆက်ရ၏။

“ဒါနဲ့ လေးလေးတို့ကော နေကောင်းကြရဲ့လား၊ ဒွေးမယ်နော်”

“ကောင်းပါတယ် ကိုလေးရယ်၊ ဖေဖေတို့က ပဲခူးကလွဲပြီး ဘယ်မှသွားချင်ကြတာမဟုတ်ဘူးလေ၊ ဒါကြောင့် ဒွေးမယ်နော် တစ်ယောက်ထဲ ဒေါ်လေးတို့ဆီမှာ လာနေရတာ”





“အင်း ကိုလေး ခုလိုအောင်မြင်နေတာ လေးလေးရဲ့ကျေးဇူးတွေအများကြီးပါပါတယ်၊ ကိုလေးရဲ့ဝါသနာကို မြေတောင်မြှောက်တဲ့အနေနဲ့ ကင်မရာတစ်လုံးဝယ်ပေးခဲ့တာရော၊ ဓာတ်ပုံ ဦးပြည့်စုံဆီမှာ တပည့်အဖြစ် အပ်ပေးခဲ့တဲ့ကျေးဇူးတွေကော ကိုလေး မမေ့ပါဘူးကွာ”

ထိုစဉ် သာသနာဖျက် ထွန်းမင်းကျော်က ကောင်မလေးသုံးယောက်ကိုခေါ်ပြီး စတူဒီယိုထဲ ဝင်လာ၏။ ဒွေးမယ်နော်က အလိုက်သိရှာသည်။

“ဒွေးမယ်နော် ပြန်တော့မယ်လေ၊ ကိုလေး အခု အဆက်အသွယ်ရပြီပဲဟာ၊ နောက်မှပဲ ဖုန်းဆက်ပြီးချိန်းမယ်”

“ကောင်းပြီ ဒွေးမယ်နော် ဒွေးမယ်နော်အတွက် ကိုလေး တစ်ယောက်လုံးရှိတယ်ဆိုတာ မမေ့ရင်ပြီးတာပဲ၊ ဒါနဲ့ ဘယ်လိုပြန်မလဲ”

“အဆင်ပြေပါတယ် ဒေါ်လေးဆီက ကားယူလာတယ်လေ”

“အိုကေ ဆီးယူ ဘိုင့်ဘိုင်”

လက်ချောင်းလေးများလှုပ်၍ နှုတ်ဆက်ပြီး လှည့်ထွက်သွားပုံက လွတ်လပ်သူ၏ဝိညာဉ်ကိုပါ နှုတ်ယူခေါ်ဆောင်သွားသလိုမျိုးမို့ မလှုပ်မယှက်ကျန်ရစ်ခဲ့၏။ ထွန်းမင်းကျော်က ပခုံးတို့၍ အသက်ပြန်သွင်းပေးသည်။

“အာစရိ ကောင်မလေးတွေ စောင့်နေတယ်လေ”

ထိုနေ့က ဒွေးမယ်နော် ပြန်သွားပြီးနောက် အလုပ်ဆက်လုပ်နေသော်လည်း အလုပ်တွင် အာရုံကမငြိ၊ တစ်ယောက်နှင့်တစ်ကိုယ် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မပါဘဲ ခါတ်ပုံရိုက်မိသည်မှာ သည့်တစ်ကြိမ်သာ ရှိမည်ထင်၏။

■ ■ ■

အပြန်လမ်းတစ်လျှောက်တွင်လည်း လွတ်လပ်သူ အတွေးထဲ ဒွေးမယ်နော် လိုက်ပါလာပြန်သည်။ သူ့စိတ်တွေ ဘာဖြစ်သွားမှန်း သူ စဉ်းစား၍မရ။ သူ့အနေနှင့်အခြားတစ်ပါးသော မိန်းမတစ်ယောက် အကြောင်း တွေးနေမိသည်ဆိုတာကိုက သဘာဝမကျ။

မဟာပုရိသဝါဒကို လက်တည့်စမ်းချင်နေတာများလားဟု တွေးမိတော့ နည်းနည်းရင်ခုန်သွား၏။ အိမ်ထောင်သက် ဆယ်နှစ်ရှိနေနှင့်ပြီးသော ယောကျ်ားတစ်ယောက်က မိန်းမလှတစ်ယောက်ကို တစ်ကြိမ်တစ်ခါတွေ့မိရုံမျှနှင့် အခုလို ဖြစ်ရသတဲ့လား။

တကယ်တော့ လွတ်လပ်သူမှာ လူမှုရေးစည်းကမ်းကို တော်တော်လေးလိုက်နာထိန်းသိမ်းခဲ့သူတစ်ယောက်သာ ဖြစ်သည်။ သူ့နေရာ သူ့အဆင့်အတန်းသည် မိန်းမချောများစွာနှင့် ဓာတ်ရှုမ်ခွင့်ကို အလွယ်တကူ ကြုံတွေ့နိုင်သောနေရာဖြစ်၏။

ဒါတောင်မှ သူ့သိက္ခာကို မယိမ်းမယိုင်အောင် ထိန်းသိမ်းထားနိုင်ခဲ့သည်။ အခုတော့ သူ့ကိုယ်သူ ပဒေသရာဇ်၊ ကေရာဇ်တစ်ပါးလို စိတ်ကြီးဝင်နေမိပြီလားမသိ။ မင်းတုန်းမင်းကို ဂုဏ်ပြုချင်သလိုလို သီပေါမင်းကိုချီးကျူးချင်သလိုလို ဖြစ်နေမိ၏။

မြန်မာဘုရင်များတွင် မိန်းမစိုးဆိုသော လူတန်းစားတစ်ရပ်ရှိခဲ့ဖူးသည်။ တရုတ်မင်းများကိုလည်း ကုန်းကုန်းတို့က ချုပ်ကိုင်ထား





ကြ၏။ ကိုရီးယားဘုရင်များ၏ နန်းတွင်းရေးကိုလည်း အထိန်းတော်ဆိုသူများက မရှုပ်ရှုပ်အောင်မွှေခဲ့ကြသည်။

အခေါ်အဝေါ်တွေ ဘယ်လိုပဲ ကွဲပြားကွဲပြား သူတို့တွေ အားလုံး ယောကျ်ားဘဝကို စွန့်လွှတ်၍ ဘုရင်၏မယားကြီး မယားငယ်များ အခြားယောကျ်ားများနှင့်မတွေ့အောင် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရသော မိန်းမထိန်းများသာ ဖြစ်ကြလေသည်။

ဒါ ဓားမိုး၍ ပုရိသဝါဒကို ထူထောင်ခဲ့သော ပဒေသရာဇ်ခေတ်က ကေရာဇ်တို့၏ညာဉ်ဆိုးသာ ဖြစ်၏။

ကမ္ဘာပျက်ဖို့ လက်နှစ်လုံးလောက်သာ လိုတော့သော ယနေ့ခေတ်မှာတော့ မိန်းမကို ဓားမိုး၍ယူစရာမလိုတော့ပါ။ တစ်ခုတော့ ရှိသည်။ ငါးထောင်တန်ကို ကြမ်းခင်း၊ တစ်ထောင်တန်နှင့်ပျဉ်ကာ၍ ငါးထောင်တန်ကိုအမိုး မိုးထားသည့် ငွေစက္ကူနှင့်ဆောက်ထားသာ အိမ်ကလေးထဲတွင် ထိုမိန်းမများကို ထားနိုင်ရမည်။ ဒါဆိုပြီးပြီ၊ အေးဆေး။

အလုပ်မရှိ အကိုင်မရှိ အရက်သမားတစ်ယောက်တောင် မိန်းမနှစ်ယောက်သုံးယောက် ယူနေကြသည့် ခေတ်ကြီးမဟုတ်လား။ လွတ်လပ်သူတစ်ယောက် လျှပ်ပေါ်လော်လီခြင်း မိုးကြိုးပစ်သည်ကို ပုရိသဝါဒ ထန်းလက်နှင့်ကာနေမိလေပြီ။

အိမ်ပြန်ရောက်သည်နှင့် သင်းကျေနပ်အောင် ထုံးစံရှိသမျှ မမေ့မလျော့ နှုတ်ဆက်ပြီး သင်း၏ယုံကြည်မှုရအောင် အရင်တည်ဆောက်ရသည်။ ပြီးသည်နှင့်ရေချိုးခန်းထဲဝင်ပြီး အေးရာအေးကြောင်း နေမိ



www.burmeseclassic.com

www.burmeseclassic.com



လောင်းနေလိုက်၏။

သိပ်ကြာနေသဖြင့် သင်းကိုယ်တိုင် တံခါးခေါက်အော်ခေါ်မှ ဧရာချိုးခန်းထဲက ထွက်မိသည်။ အဝတ်အစားလဲပြီး ထမင်းစားခန်းထဲ ရောက်တော့ ဖနီးသည်သင်းက တာဝန်ကျေပြီးသား။ အရက်အသင့် အမြည်းအသင့်။

"နေ့ခင်းက အဖေ ဖုန်းဆက်သေးတယ် ကိုကို"

"ဟုတ်လား ဘာတဲ့လဲ နေကော ကောင်းရဲ့လား"

"ကောင်းပါတယ် ဟိုလေ အဖေကပြောတယ် ကိုကိုတို့ငယ်ငယ်တုန်းက ပဲခူးမှာ ခြံချင်းကပ်နေခဲ့ကြတဲ့ ဦးစိုင်းမောင်တို့ရဲ့သမီး ဒေဝီဆိုတာ လာလိမ့်မယ်တဲ့၊ ရောက်လာလားဟင်"

"ရောက်လာတယ်လေ သင်းရဲ့၊ မင်းသမီးဖြစ်ချင်လို့တဲ့ နာမည်တောင် သူ့ဟာသူပေးထားတာ ဒွေးမယ်နော်တဲ့"

"ချောလားဟင်"

"မင်းသမီးဖြစ်ချင်တယ်ဆိုတာ သရဲရုပ်နဲ့မိန်းမတွေရဲ့အိပ်မက်မှ မဟုတ်တာ သင်းရာ"

သင်းမျက်နှာညိုသွားတာကို မသိကျိုးကျွံပြုရင်း အရက်ကို ဇိမ်ခံသောက်နေလိုက်၏။ သူ စဉ်းစားမရတာက အဖေ ဘာလို့ ဒေဝီကိစ္စကို သင်းအား အသိပေးရသလဲဆိုတာပဲဖြစ်သည်။ အဖေလည်း ယောကျ်ားတစ်ယောက်ဖြစ်သည့်အတွက် မွေ မွေချင်းခြေမြင်သည့် သဘောနှင့်ကြိုတင်ကာကွယ်တားဆီးနေတာများလား။ ဒါဆို အဖေလည်း





ဒွေးမယ်နော်ကိုတွေ့ပြီးပြီပေါ့။

တွေ့ပြီးလို့သာ အဖေက သင်းကို သတိပေးသလိုလိုနှင့် သတင်းပေးခြင်းဖြစ်ရမည်။

"နေပါဦး အဖေက ဒီကိစ္စကို သင်းဆီဝ ကူးတက ဘာလို့ ပြောရတာလဲ"

"တကူးတက မဟုတ်ပါဘူး၊ ကလေးတွေအားတဲ့တစ်ရက် လောက် ပဲခူးက ဦးစိုင်းမောင်တို့ခြံကို အလည်သွား ချိန်းရင်းနဲ့ စကား စပ်မိလို့ပြောသွားတာပါ"

သင်းက လုံလောက်သော အကြောင်းပြချက် ကိုပေးပြီး လင်သား ၏မျက်နှာကို ဖတ်ရှုလေ့လာနေ၏။ လွတ်လပ် မလုံမ သဲဖြစ်သွားရသဖြင့် သူ့မျက်နှာကို အရက်ခွက်နှင့်ကာထားလိုက်ရသည်။ ငံ သ တော်တော်များ များ သောက်ပစ်လိုက်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်လိုက်၏။

"သူ့မိဘတွေကလည်း ကိုကို့ကျေးဇူးရှင်တွေဆို"

အရက် မသီးအောင်ထိန်းလိုက်ရင်း

"ဟုတ်တယ်လေ ဒီကိစ္စက အသစ်မှမဟုတ်တာ၊ သင်းကို ကိုကို ပြောပြဖူးတယ်လေ ငယ်ငယ်တုန်းကအကြောင်းတွေ"

"ဟုတ်ပါတယ် ဒါပေမဲ့ ဒေဝီအကြောင်း မပါဘူးမဟုတ်လား"

"အဲဒီတုန်းက ဒေဝီက ရှစ်နှစ်သမီးလောက်ပဲရှိသေးတာ၊ အမှတ်တရ ပြောစရာ ဘာမှမရှိခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က ဒွေးမယ်နော်ဖြစ်သွားပြီလို့ ကိုကို ပြောတာ ကြားရတော့ ဘာလို့မှန်းမသိဘူး ရင်ထဲတစ်မျိုးကြီး ဖြစ်သွားတယ်"

"ဘာဖြစ်ရပြန်တာလဲ သင်းရယ်"

"အဟင်း ဘာရယ်မဟုတ်ပါဘူး၊ သုခနဲ့ ဒွေးမယ်နော်တ ဇာတ်လမ်းကို သတိရမိလို့လား မသိပါဘူး"

သင်း ရင်တွင်းစကားအမှန်ကို ထိမ်ချန်၍ ဖော့ပြောလိုက် ကြောင်းသိသော်လည်း တူးဆွရှာဖွေဖော်ထုတ်ဖို့ မကြိုးစားမိတော့ အရက်ကိုကုန်အောင်မော့ပြီး ထမင်းစားချင်ယောင်ဆောင်နေလိုက်၏

သင်းမှာ ပြောစရာစကားတွေ ကုန်သေးဟန်မတူချေ။ သို့သော် လည်း သမီးငယ်၏ပွက်လောရိုက် ငိုသံထွက်ပေါ်လာသဖြင့် သင်း ပြေ ထွက်သွားသည်။ လွတ်လပ်လည်း ပုလင်းကိုဆွဲယူပြီး အလောတော် ငှ ထည့်လိုက်၏။

ရေခဲတုံးလေးများထည့်ပြီး သမအောင်မွှေနှောက် ခလောက် နေစဉ်မှာပင် အရက်ခွက်ထဲသို့ ဒွေးမယ်နော် သက်ဆင်းလာ၏။ သူ မှုးနေပြီအထင်နှင့် မျက်လုံးများကို ပွတ်သပ်ပစ်လိုက်သည်။ သို့သော်လည်း ဒွေးမယ်နော်က ပျံမသွားပါ။ သို့နှင့် သူ့အား ရင်ထဲတွင်သိမ်းဆည်းထာ ရန် မော့သောက်မျှောချပစ်လိုက်တော့သည်။

■ ■ ■



## ပြုစားရက်တယ် . . . နော်

ကျေးငှက်တို့ ရာကီရာ၏ဝါကာဝါကာ သီချင်းသံစဉ်ကို စာသားပြောင်း၍ သီဆိုကာ ပျံသန်းမြူးကြူးနေကြ၏။ နေလုံးကြီးသည်လည်း တိမ်တိုက်များအား တွန်းဖယ်ကာ သက်ရှိလောကကြီးကို ချောင်းမြောင်းကြည့်ရှုရန် အားထုတ်နေချေပြီ။

လိုက်ကာကြားမှ စူးစူးရှရှ အလင်းတန်းကြောင့် လွတ်လပ် မျက်လုံးများမပွင့်ချင် ပွင့်ချင် ပွင့်လာခဲ့၏။ သူ၏ဘယ်လက်မောင်းမှာ သွေးမလျှောက်လောက်အောင် ထုံကျင်ပြီး လေးလံနေသည်။ ငုံ့စောင်း၍ ကြည့်မိရာ သူ၏ဘယ်လက်ရုံးကို ခေါင်းအုံးပြီး အိပ်နေသည့် ဇနီးသည် ကိုတွေ့၏။ ခေါင်းကလည်း တစစ်စစ် ကိုက်ခဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှိုးရမှာ အားနာသော်လည်း မခံနိုင်တော့သဖြင့် ဘယ်လက်အ
ဆွဲနှုတ်ရန် ကြိုးစားရသည်။ သင်း လူးလွန့်ပြီး တစ်ဖက်သို့စောင်းလိုက်
သဖြင့် သက်သာရာရသွား၏။ လက်မောင်းကို နှိပ်နယ်၍ သွေးလျှောက်
အောင် ပွတ်ချေပေးနေမိသည်။

သင်းလည်း အလင်းရောင်ကို သတိပြုမိသွားပြီထင်၏။ အ
ညောင်းဆန့်ရင်း ထထိုင်လိုက်သည်။

"ဟင် ကိုကို အစောကြီးနိုးနေတယ် အိပ်မပျော်လို့လား"

"ပျော်ပါတယ် သင်းရယ် လိုက်ကာကြားက အလင်းရောင်
ကြောင့် မျက်စိကျိန်းပြီး နိုးလာတာ"

သင်းက လွတ်လပ်အား ပြုံးပြုံးကြီးစိုက်ကြည့်ရင်း ပါးကိုလိမ်
ဆွဲကာ ကျီစယ်၏။ သင်း၏အပြုအမူအတွက် နားမလည်သလိုဖြစ်နေစဉ်

"တော်တော်ကဲတဲ့ ကိုကို၊ လွန်ခဲ့တဲ့ ဆယ်နှစ်က တကယ့်လူပျ
သိုးတစ်ယောက်နဲ့ ပြန်ဆုံရသလိုပဲ ဟင်း ဟင်း"

သင်း၏စကားထဲမှ အဖြေကိုရသဖြင့် ညကအဖြစ်ကို သူ သတိ
ရသွားသည်။ ညက သူတော်တော်မူးသွား၏။ ဖန်ခွက်ထဲမှ ရေခဲတုံးပေါ်
ထိုင်ရင်း ကိုယ်ထင်ပြနေသည့် ဒွေးမယ်နော် ပျောက်သွားအောင် ဒလ
ကြမ်းသောက်မိခဲ့သည်။

ကလေးတွေသိပ်ပြီး သင်းပြန်ရောက်လာသောအခါ လွတ်လပ်
ဒေါင်ချာစိုင်းနေပြီ။ သင်းကိုပင် သင်းဟုမမြင်။ ဒွေးမယ်နော်ဟု ထင်၏။
ထို ဒွေးမယ်နော်ကိုပွေ့ချီပြီး အခန်းထဲခေါ်လာခဲ့တာပဲ သူ မှတ်မိတော့





သည်။

"ကိုကိုက သိပ်ချစ်တတ်တာပဲ၊ ဒါကြောင့် သင်းက အသည်း
ခွဲနေတာ"

လွတ်လပ် ဘာဆိုဘာမှ ပြန်မပြောမိ။ လည်ချောင်းထဲ တစ်ဆို့
နေသော စကားလုံးများထွက်လာမှာစိုး၍ ကမန်းကတန်း မျိုချနေရ၏။
ငုံခုန်နှုန်းမြန်လွန်း၍လားမသိ နှလုံးထဲမှ သွေးတွန်းပို့မှုက ပိုများလာ
သည်။ နားထင်သွေးကြောမှ တဒိတ်ဒိတ်တိုးနေသော သွေးခုန်နှုန်းကို
ခံစားသိနေ၏။

သူ့ကိုယ်ပိုင်လိပ်ပြာက ရုက်ရွံ့စွာနှင့် သူ့ထံမှ ထွက်ခွာသွား
သောကြောင့် လိပ်ပြာမလုံသလို ခံစားလိုက်ရသည်။ ညက သူသည်
သူ့စိတ်ထဲမှ ဒွေးမယ်နော်အမှတ်နှင့် သင်းကိုအလွဲသုံးစားပြုမိခဲ့သည်။

ကာမပိုင်မဟုတ်သော အခြားတစ်ပါးမိန်းမတစ်ယောက်အား
တွဲပြီး သင်းနှင့်အတူ အိပ်ခဲ့မိ၏။ ဒါ မနောကံနှင့်ဖောက်ပြန်မိခြင်းပင်
ဖြစ်သည်။ ခါးဝတ်ပုဆိုးလို ခဏခဏလျှောကျနေသော ကံငါးပါး တကယ်
ကျိုးပေါက်သွားပြီလား။

လွတ်လပ် အလန့်တကြား ထရပ်လိုက်၏။

"ဘာ ဘာဖြစ်လို့လဲ ကိုကို"

"ညက မူးသွားတယ်လေ ခေါင်းတွေ တအားကိုက်နေလို့
ရေသွားစိမ်လိုက်ဦးမယ် သင်း"

အမှန်တော့ သင်းရှေ့မှ သူ ထွက်ပြေးလာခြင်းဖြစ်သည်။ သူ၏



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထဲသော လွတ်မြောက်နယ်မြေဖြစ်သည့် ရေချိုးခန်းထဲတွင် ညစ်ညမ်း နေသော အတွေးစိတ်ကူးများကို ရေနှင့်ဆေးကြောနေလိုက်၏။

■ ■ ■

စတူဒီယိုသို့ရောက်သည့်တိုင် ခေါင်းကမကြည်ချင်သေး။ အလုပ်ကိစ္စများကိုဘေးဖယ်ပြီး Black coffee ကို သံပုရာရည်ညှစ်ပြီး ဖျော်စပ်ထားသည့် အရက်နာကျထုံးဆေးကြီးအား မှီဝဲနေရသည်။

အရက်နာဆေးကြောင့် ပျောက်ပြီးလန်းသွားလောက်သော်လည်း ရင်ထဲမှာမလန်းဘဲ နွမ်းနေသည်။ ထွန်းမင်းကျော်က ကြော်ငြာတစ်ခုအတွက် ဒါဗင်တီးလုံးကို လက်စွမ်းပြတီးခတ်နေ၏။ ကွန်ပျူတာရှိရုံနှင့် တီးဝိုင်းတစ်ဖွဲ့လုံးကို ဒီစားပွဲပေါ်တင်ထားလို့ရသည့်ခေတ်မဟုတ်လား။ ဒီကောင် အလိုက်တသိ အလုပ်လုပ်နေ၍သာ တော်တော့သည်။

ထိုအခိုက် ဖုန်းလာ၏။ ဒွေးမယ်နော်ဆီက များလားအတွေးပေါက်ပြီး ခပ်သွက်သွက် ကောက်ကိုင်လိုက်သည်။ လွတ်လပ်အိမ်၏ မျက်နှာရှုံ့တွသွား၏။

''ဟဲလို ပြောပါ နီမိုးလွင်''

''မနက်ဖြန် တစ်ရက်နေ့နော် ကိုလွတ်လပ်သူ''

''ကျွန်တော် သဘောပေါက်ပါတယ်၊ နီမိုးလွင် မနက်ဆယ်နာရီမှာဆုံပြီး စကားပြောကြတာပေါ့၊ ကြော်ငြာရှင် ဖောင်းပေးချင်တဲ့ ပို့င့်ကို အကြမ်းဖျင်းစာစီလာခဲ့ပါ၊ ပြီးမှ ထပ်ညှိမယ်''

''အိုကေ ကိုလွတ်လပ်သူ မနက် ဆယ်နာရီအရောက် ကျွန်မ





လာခဲ့ပါ့မယ်''

''ဘိုင့်ဘိုင်''

ဒေဝတာ အုပ်စုမှ အပူတပြင်းမကို ချွေးသိပ်ပြီး တစ်ရေးအိပ်ပြင်ဆင်လိုက်၏။ ဒီနေ့ ဒိတ်လုပ်ထားသော ဓာတ်ပုံရိုက်မည့်သူများက ညနေပိုင်းနှင့်ညဦးပိုင်းမှာ စုပုံနေသဖြင့် စိတ်ချလက်ချ အိပ်ပျော်သွားခဲ့သည်။

အရက်နာကျပြီး အိပ်ပျော်သွားတော့ အိပ်မက်ဆန်းဆန်းမက်၏။ လွတ်လပ်နှင့် သင်းက ရေခဲတုံးများပေါလောပျောလျက်ရှိသော ဘရန်ဒီမြစ်အတိုင်း လှေငယ်တစ်စီးဖြင့် စုံဆင်းလှော်ခတ်လာကြသည်တဲ့။

ထိုစဉ် ကောင်းကင်မှပျံသန်းလာသော ဒွေးမယ်နော် တစ်ယောက် ဘရန်ဒီမြစ်အတွင်း ရေချိုးဆင်းလာခဲ့သည်။ လွတ်လပ်တို့လှေကလေး ဒွေးမယ်နော် ရေချိုးနေသော နေရာသို့အရောက် လှေပေါ်မှ လွတ်လပ်အား မြင်သွားသည့် ဒွေးမယ်နော်က မြင်မြင်ချင်း ချစ်သွားမိ၏။

ထို့ကြောင့် လှေနားကပ်လာပြီး လွတ်လပ်အား ဤသို့ စကားဆိုသည်။ မောင်ကြီးကို မြင်မြင်ချင်း ချစ်ခင်စုံမက်မိသဖြင့် ကျွန်မကိုယောက်ျားလုပ်ပေါင်းဖော်ပြီး ဒီမှာပဲ ပျော်ပျော်ကြီးနေရစ်ခဲ့ပါ။ ထိုအခါ လွတ်လပ်က 'သင်း'ကို ညွှန်ပြ၍ ဒါ ငါရဲ့ဇနီးဖြစ်တယ်။ ဒါကြောင့် သင်းရဲ့စိတ်ကူးကို စွန့်လွှတ်လိုက်ပါ။

လွတ်လပ်၏ ငြင်းဆိုမှုကြောင့် ရှက်သွားသော ဒွေးမယ်နော်၏ဒေါသများက သင်းအပေါ်ပုံကျသွားပြီး သင်းကို ဘရန်ဒီမြစ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲချ၍ အရက်နှင့်နှစ်၍သတ်၏။ လွတ်လပ်က ဒွေးမယ်နော်ကို ဖမ်းချုပ်ပြီး အတောင်ပံနှစ်ဖက်ကိုချိုး၍ အပြစ်ပေးသည်။

ထိုအခိုက် ဆိုင်ရှင်က ဘရန်ဒီအရက်မြစ်ထဲသို့ တွက်ခြေကိုက်ရန်အလို့ငှာ ရေများရောထည့်လိုက်သဖြင့် ဘရန်ဒီမြစ်အတွင်း အရက်ကြီး အဲ ရေကြီးပြီး သင်းနှင့်ဒွေးမယ်နော် နှစ်ယောက်လုံး မျောပါသွားကြတော့၏။

လွန်စွာ စိုးရိမ်ပူပန်သွားသော လွတ်လပ်မှာ လှေကို အားကုန်လှော်ခတ်၍ မျောပါသွားသူတို့နောက်သို့ လိုက်၏။

မီလာသောအခါ ဘယ်သူ့ကို အရင်ဆယ်ရမှန်းမသိဖြစ်ပြီး ဗျာ များနေလေတော့သည်။

ထိုအခိုက်တွင်ပင် ဖုန်းက အဆက်မပြတ် မြည်လာ၏။ ဖုန်းသံကြောင့် လွတ်လပ်လည်း လန့်နိုးလာပြီး ဂယောက်ဂယက် ဘရန်ဒီအိပ်မက်မှ လွတ်ကင်းသွားခဲ့သည်။ အိပ်ချင်မူးတူးနှင့် ဖုန်းဖွင့်ပြီး

"ဟဲလို"

"ကိုလေးလား ဒွေးမယ်နော်ပါ"

"ဟင် ဒွေးမယ်နော်လား ပြော ဘာကိတ်"

ဒွေးမယ်နော်ဆို၍ အိပ်ချင်စိတ်များပျောက်ပြီး ခေါင်းကိုက်ခြင်းပါ သက်သာရာရသွား၏။ အားတက်သရော လေသံကြောင့် ထွန်းမင်းကျော်က မျက်စောင်းထိုး၍ လှမ်းကြည့်သည်။ လွတ်လပ် လုံးဝ မမှု။

"ကိုလေး အားလား"





"ဒွေးမယ်နော်အတွက်ဆို အားတယ်"

"အဟင်း မနောက်နဲ့ ကိုလေး တကယ်ပြောတာ"

"တကယ်ပါ အားတယ်"

"ဒွေးမယ်နော် ရည်မှန်းချက်အတိုင်းဖြစ်ဖို့ ဘာကိုအရင်ဆုံးလုပ်ရင်ကောင်းမလဲ ဟင်"

"အမြန်ဆုံးလမ်းကို ပြောမယ်၊ မော်ဒယ်သင်တန်းတစ်ခု အရင်တက်လိုက်ပါ ဒွေးမယ်နော်"

"ဘယ်သူ့ဆီမှာ တက်ရမှာလဲ"

"တင်မိုးလွင်ဆီမှာ တက်ပေါ့၊ မော်ဒယ်မိ◌င်ကြီးပဲဟာ"

"ကိုလေး လိုက်အပ်ပေးမလား"

"လာခဲ့လေ အခု သွားလိုက်မယ်"

"အိုကေ နာရီဝက်ပဲစောင့်"

"ကောင်းပြီ"

စိတ်ဆာနိုက်တွင် တွေ့ရမည်ဆို၍ လွတ်လပ်လန်းသွားသည်။ လှုပျိုပေါက်တစ်ယောက်လို သွက်လက်စွာ လှုပ်ရှား၍ ရုပ်ဖွင့်နေလိုက်၏။ ထွန်းမင်းကျော်က မလိုတမာ လှမ်းကြည့်ရင်း

"အာစရိ ဒွေးမယ်နော်က ရှယ်ပဲနော် အ◌တော်မှည့်တာ"

"အဲဒါ ပင်မှည့်လေးလေ ဈေးကွက်ထဲက◌ အချိန်မတန်ခင်ညှိနေတဲ့ 'အုပ်မှည့်'မဟုတ် အုပ်လိုက်ရင် ပုပ်သွား◌မှာကွ ဟား ဟား ဟား"

www.burmeseclassic.com



"အာစရိတို့က ငယ်ပေါင်းတွေဆို"

"အေး"

"အာစရိကြည့်ရတာ ဒွေးမယ်နော်အပေါ် စိတ်ယိုင်နေသလိုပဲ"

"ဟာမ် ဘာပြောတယ်"

"ဟုတ်တယ်လေ မိန်းမချောလေးတွေနဲ့ လက်ပွန်းတတီး နေလာတာ ကြာလှပြီ၊ အာစရိ ဒီလို ကြွေပျက်တာ တစ်ခါမှ မတွေ့ဖူးဘူး"

ထွန်းမင်းကျော် စကားက မှန်ကြည့်ရသလို ဖြစ်နေ၍ လွတ်လပ် အတော်ရှက်သွားသည်။ သူ့ပုံစံက ဒီလောက်တောင် သိသာနေပြီလား။ ဒါဆို သူ သတိထား ထိန်းသိမ်းနေထိုင်သွားမှ ဖြစ်တော့မည်ဟု သဘောပေါက်လိုက်၏။ ထွန်းမင်းကျော်ကို ဘာမှတုန့်ပြန်ပြောဆိုမနေတော့ဘဲ စတူဒီယိုရှေ့က ထွက်စောင့်နေလိုက်၏။

နောက်နှစ်နာရီခန့်ကြာသောအခါ လွတ်လပ်နှင့်ဒွေးမယ်နော်တို့ စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ရောက်နေကြ၏။ အသားကင်အစုံမှာယူစားသောက်ကြရင်း စကားဖောင်ဖွဲ့နေမိသည်။ ဒွေးမယ်နော်၏ဆက်ဆံရေးသည် မတွေ့တာကြာပြီဖြစ်သော်လည်း ရှိုးတိုးရှန့်တန့်ဖြစ်မနေဘဲ ရင်းနှီးဖော်ရွေ၏။

အပြောအဆိုကလည်း ပွင့်လင်းသွက်လက်သည်။ လွတ်လပ်အား အစ်ကိုရင်းတစ်ယောက်ကဲ့သို့ ဆက်ဆံ၏။ လွတ်လပ်က အလိုက်သင့်သာ ပြုမူဆက်ဆံနေရသော်လည်း ဒီကောင်မလေးကို သူ စွဲလန်း





တပ်မက်နေမိပြီဖြစ်ကြောင်း သူ့ဘာသာ သိနေသည်။ ဆက်ဆံရေး နယ်ကျွံသွားလျှင် ရမ္မက်ကျွန်ဖြစ်သွားနိုင်ကြောင်း သူ သဘောပေါက်၏။

ခက်နေသည်က သူတို့နှစ်ကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်သော်လည်း လွတ်လပ်၏ကိုယ်ရေးကိုယ်တာကို လုံးဝမေးမြန်းခြင်းမပြုတာဘဲဖြစ်သည်။ တကယ်ဆို နှစ်ပေါင်းများစွာ ဝေးကွာခဲ့ကြသော မိတ်ဆွေများ ပုံစံအတိုင်း ပြန်လည်ဆုံတွေ့သည်နှင့် အိမ်ထောင်ကျပြီလား၊ သားသမီးတွေရပြီလား စသည်ဖြင့် မေးမြန်းသင့်သည်။

ဒွေးမယ်နော်က လွတ်လပ်သူအကြောင်း ဘာမှမမေးသလို သူမအကြောင်းကိုလည်း လုံးဝမပြောချေ။ လွတ်လပ်ကလည်း အိမ်ထောင်ရှင်တစ်ယောက်ဖြစ်နေပြီဟု ဖွင့်ပြောရန် ဝန်လေးနေလျက်ရှိ၏။

သို့သော် အမေနှင့်လေးလေး ဦးစိုင်းမောင်တို့ထံမှ တစ်ဆင့် လွတ်လပ်အကြောင်း သိသင့်သလောက် သိပြီးဖြစ်မည်ဟုတော့ ယုံကြည်ရသည်။ ဘာပဲဖြစ်ဖြစ် လက်ရှိအနေအထားလေးကိုပဲ သဘောကျနေမိ၍ လွတ်လပ်တစ်ယောက် တမင်တကာပင် ရောင်ရှောင်နေ နေလိုက်၏။

"အတော်ပဲ ဒွေးမယ်နော် နောက်နှစ်လခွဲ မြောင်မိုးလွင် ဦးစီးပြီး ရှိုးပွဲအကြီးကြီးလုပ်မယ်ဆိုတော့ အဲဒီပွဲက စပြီး အရည်အချင်းအားလုံး ထုတ်ပြလိုက်ပေတော့၊ အဲဒီပွဲမှာ နာမည်ရရင် ကျန်တာတွေ အားလုံး သူ့အလိုလို ဖြစ်လာလိမ့်မယ်၊ အောင်မြင်မှုက လက်တစ်ကမ်းမှာ ရောက်နေပြီလို့သာ ယုံကြည်ထား"

"ကိုလေးရယ် အဲသလောက် လွယ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာလို့မလွယ်ရမှာလဲ ဒီလောကထဲမှာ ကိုလေး စင်တင်ပေးခဲ့တဲ့သူတွေ အများကြီးပါ၊ ကိုလေးပြောတာယုံ၊ မဖြစ်နိုင်ရင် ဘာမှကို ပြောမနေဘူး"

"အဟင်း ဟုတ်ပါပြီ ကိုလေးရယ်၊ ကိုလေးနဲ့တွေ့ရတာ သိပ်အားရှိတာပဲ"

"အရေးကြီးတာက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပဲ၊ အဲဒါဆို ဘာမဆိုဖြစ်နိုင်တယ်၊ သင်တန်းကာလအတွင်းမှာ ကြိုးစားဖို့က ဒွေးမယ်နော်ရဲ့တာဝန်ပဲ၊ မတင်မိုးလွင်ကိုလည်း ကိုလေး သေချာပြောဆိုအပ်ပေးပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့ပါ ကိုလေး 'နော်' ကြိုးစားပါ့မယ်"

ဒွေးမယ်နော်က သူ့ကိုယ်သူ နော်ဟူသည့် နာမ်စားသုံး၍ ပြောဏ်။ ထို 'နော်' လေးကို သူတော်တော် သဘောကျသွားသည်။ ထိုအခိုက် ဖုန်းမြည်ပြန်၏။ ပိတ်မထားလိုက်မိတာကို နောင်တရသွားသည်။

"ပြော ထွန်းမင်းကျော်"

"စတူဒီယိုမှာ ဓာတ်ပုံရိုက်မယ့်သူတွေ ရောက်နေကြပြီ အာစရိ"

"အေး စောင့်ခိုင်းထားလိုက် မိနစ်နှစ်ဆယ်အတွင်း ရောက်မယ်"

"ဟုတ်ကဲ့"

ဖုန်းပိတ်လိုက်သည့်အခိုက်တွင် ဒွေးမယ်နော်က အားတုံ့အားနာ စကားဆိုရှာသည်။





"နော့်ကြောင့် ကိုလေး အလုပ်တွေပျက်ကုန်ပြီ၊ အားနာလိုက်တာ"

"ထားလိုက်စမ်းပါ နော်ရာ၊ ဒါတွေက မိုင်နာ၊ နော် ကမှ မေဂျာ"

လွှတ်ခနဲ ထွက်သွားသော စကားက အဓိပ္ပာယ်မလွှတ်သော်လည်း နော်က ကျေနပ်နေပုံရ၏။ ထိုစကားအတွက် ဘာမှမှတ်ချက်မပေး။ လွတ်လပ်မှာသာ ဖိန်းတိန်းရှိန်းတိန်း ဖြစ်သွားသည်။

■ ■ ■

စတူဒီယိုအတွင်း အလုပ်စားပွဲတွင် လွတ်လပ်၊ နီမိုးလွင်နှင့် ထွန်းမင်းကျော်တို့ ကြော်ငြာကိစ္စဆွေးနွေးနေကြ၏။ ရေသန့်၊ ဖက်ရှင်နှင့် အသံလွှင့်စတူဒီယိုအတွက် ဒေဝတာအုပ်စုမှ လိုချင်သောပုံစံကိုချပြသည်။

လွတ်လပ်နှင့် ထွန်းမင်းကျော်က ဖြည့်စွက်ဆွေးနွေးကြ၏။ ကုန်ကျစရိတ်ကို ခန့်မှန်းတွက်ချက်ကြ၏။ စိတ်ကြိုက်ရွေးချယ်ထားသော မင်းသား၊ မင်းသမီးတို့၏ရိုက်ကူးရက် ရနိုင်မည့်အခြေအနေ၊ အကယ်၍ မင်းသား မင်းသမီးစိတ်တိုင်းကျ မရပါက အစားထိုးပြောင်းလဲမည့် အရံ မင်းသားမင်းသမီးစာရင်း၊ စသည်ဖြင့် ဘက်ပေါင်းစုံမှ တွက်ချက်ပြင်ဆင်ကြသည်။

အလုပ်စပြီဖြစ်၍ အလုပ်သဘောအရ စရံငွေ ဆယ့်ငါးသိန်းကိုလည်း အခက်အခဲမရှိ ထုတ်ပေး၏။ ဒါ လွတ်လပ်သုတစ်ယောက်ထဲအတွက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်ကူးရေးစမယ့်ရက် အတိအကျ သတ်မှတ်ပေးနိုင်မလား ရှင့်"

"မပေးနိုင်ပါဘူး နီမိုးလွင်"

"နှစ်ဦးနှစ်ဖက် သဘောတူလို့ စရံတောင်ချေပြီးပြီပဲရှင်၊ တာဝန်ယူတဲ့စကားတစ်ခုခု ပြောရမှာပေါ့၊ မဟုတ်ဘူးလား ကိုလွတ်လပ်သူ"

"အဲဒါဆိုရင်တော့ စရံငွေ ပြန်ယူသွားပါ နီမိုးလွင်၊ ကျွန်တော် ဒီအလုပ်ကို မလုပ်နိုင်ပါဘူး၊ လက်မခံတော့ဘူး။ ထွန်းမင်းကျော် ညွှန်သည်ကို အပြင်ထိလိုက်ပို့ပေးလိုက်"

လွတ်လပ်သူ စရံငွေကို နီမိုးလွင်ရှေ့သို့ ပြန်တွန်းပို့ပြီး ထရပ်လိုက်၏။ နီမိုးလွင် မျက်နှာပျက်သွားသည်။

"ခဏ ခဏလေးပါရှင်၊ ကျွန်မ စကားပြော မှားသွားတယ်ဆိုရင် တောင်းပန်ပါတယ်၊ ဒါပေမဲ့ ရက်အတိအကျ သတ်မှတ်မပေးနိုင်တာ ဘာကြောင့်လဲဆိုတာတော့ ရှင်းပြပေးပါ၊ ကျွန်မလည်း ဘော့(စ်)ကို ပြန်ပြီး အစီရင်ခံရမှာမို့ပါရှင်"

နီမိုးလွင်က တောင်းတောင်းပန်ပန်နှင့် ပျာပျာသလဲ ပြောလာ၍ လွတ်လပ်သူ မျက်နှာကြော လျှော့လိုက်၏။

"ဒီလိုရှိတယ် နီမိုးလွင် မြန်မာပြည်မှာ လူလက်ခံတဲ့ မင်းသား မင်းသမီးက ရှားတယ်၊ သူတို့မှာ အလုပ်တွေကတစ်ပုံကြီး၊ ပြီးတော့လည်း နိုင်ငံတော်အတက်ကားကြီးတွေနဲ့ တိုက်ဆိုင်သွားရင် ကိုယ်ရထားတဲ့ရိုက်ရက်က အလကားဖြစ်သွားရော နောက်တစ်ခါ နာမည်ရတဲ့သူတိုင်း တီွ





အစီအစဉ်တစ်ခုမဟုတ် တစ်ခုမှာ ပရင်(န်)စင်တာအဖြစ် တာဝန်ယူနေကြတာပဲလေ၊ အဲဒီရက်နဲ့တိုက်ရင်လည်း ကိုယ်ကပဲနောက်ဆုတ်ပေးရမှာ"

"ဪ် ဟုတ်ကဲ့"

"ဒါက လူနဲ့ပတ်သက်တာပဲ ရှိသေးတယ်၊ ရာသီဥတု အနှောင့်အယှက်မပါသေးဘူး၊ ရိုက်ချက်တစ်ခုရဲ့ First cut ကို နေပူထဲမှာ ရိုက်ထားရင် နောက် cut တွေကိုလည်း နေပူထဲမှာပဲ ဆက်ရိုက်ရတာ တိမ်ကြောင့် နေရိပ်သွားတာနဲ့ ဆက်ရိုက်လို့ မရပြန်ဘူး၊ နေပြန်ထွက်လာတာကို စောင့်ရပြန်ရော"

"ဪ် ဟုတ်ကဲ့ရှင်"

"ပြီးတော့ လိုကေးရှင်းရဲ့အနီးအဝေး သွားရေးလာရေးအတွက် အချိန်ဘယ်လောက်ပေးရမလဲဆိုတာလည်း ကြိုမပြောနိုင်ဘူး။ ဒါကြောင့် ခန့်မှန်းခြေကလွဲပြီး ဘာကိုမှ အာမမခံနိုင်ဘူး နီမိုးလွင်'

"ဪ် ဟုတ်ကဲ့ ကျွန်မသဘောပေါက်ပါပြီ၊ ဆောရီးပဲနော် အခု ကျွန်မရနိုင်တာက"

"ကျွန်တော် တစ်ယောက်ထဲလုပ်မယ့် ကြော်ငြာသုံးခုအတွက် Story Board က နောက်တစ်ပတ်မှာရမယ်၊ ဒီကြော်ငြာထဲမှာ မင်းသား မင်းသမီးတွေကို ဒိတ်လုပ်ကြည့်မယ်၊ ဘယ်ရက်ချောင်မလဲလို့ လောလော ဆယ် ပြောနိုင်တာကတော့ ဒါပဲ"

"ဟုတ်ကဲ့ရှင့် ဒါကို ကျွန်မပြန်ပြီး အစီရင်ခံလိုက်ပါ့မယ်"

"သဘောပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ဖုန်းလာပြန်၏။ ဒီတစ်ခါတော့ နီမိုးလွင်ဖုန်းဖြစ်နေသည်။ နီမိုးလွင်က ဖုန်းကိုကြည့်လိုက်ပြီး

''ခဏနော် ကျွန်မ ဘော့(စ်)ဆီက''

နီမိုးလွင် အပြင်သို့ထွက်သွား၏။ ထွန်းမင်းကျော်မှာ အလွတ်မပေးစတမ်း လိုက်ကြည့်နေရင်းမှ

''အဟဲ အာစရိကတော့ တကယ်ပြတ်တယ်ဗျာ ပြောလိုက်တာများ အားကိုမနာဘူး''

''ဟ အားနာပြီးလိုက်လျှောရင် ခံသွားရမှာပေါ့ကွ၊ သူတို့က စာအုပ်ကြီးအတိုင်း၊ တစ်နဲ့တစ်ပေါင်း နှစ်လို့ လာပြောနေတာကိုးကွ၊ တို့အလုပ်မှာက တစ်နဲ့တစ်ပေါင်းရင် သုည ရချင်ရနေတာလေ''

''ဟုတ်ပါတယ် အာစရိ''

''မင်းလည်း တစ်သက်လုံးမှတ်ထား အလုပ်လုပ်တဲ့နေရာမှာ ဘယ်တော့မှ အားမနာနဲ့''

''ဟုတ်ကဲ့ အာစရိ''

နီမိုးလွင် အခန်းထဲ ပြန်ဝင်လာ၏။ လွှတ်လပ်သူအား တောင်းပန်သလိုပြုံးပြသည်။ ပြီးတော့

''ကိုလွှတ်လပ်သူ ပြောတဲ့အတိုင်း တင်ပြလိုက်ပါတယ်၊ ဘော့(စ်)က ဘာမှစောဒက မတက်ပါဘူး၊ ဒါပေမဲ့ တစ်ခုတော့''

''ပြောပါ နီမိုးလွင်''

''ဘော့(စ်)ကလေ Story Board ပေးမယ့်နေ့ကျရင် သူ့ရုံးခန်းမှာဆုံရအောင်လို့ ဖိတ်လိုက်ပါတယ်၊ မိတ်ဆက်တဲ့သဘောပါပဲ အဲဒါ''

''ဖြစ်ပါတယ် ဘယ်မှာတွေ့တွေ့ရတယ်၊ သွားတာလာတာနဲ့ စကားပြောတာ စုစုပေါင်း တစ်နာရီအချိန်ရမယ်ဆိုတာတော့ ကြိုပြောထားလိုက်ပါ''

''ကောင်းပါပြီရှင် ကျွန်မကိုပြန်ခွင့်ပြုပါ''

''ဟုတ်ကဲ့''

နီမိုးလွင် ထွက်သွားတော့ လွှတ်လပ်က လုံဝဂရုမစိုက်။ ထွန်းမင်းကျော်သာ သူ့အတွက်နေ့ဖို့ညစာရအောင် မင်(န်)နုဂီသွင်းလျက်ရှိလေသည်။ ယနေ့အတွက် အစီအစဉ်များအရ စတူဒီယိုတွင် ရှိုန်းဆိုထားသူနှစ်ယောက်သာရှိပြီး ညနေလေးနာရီမှ ဟိုတယ်နီကိုးတွင် မင်္ဂလာဆောင်ဓာတ်ပုံရိုက်ရမည်ဖြစ်သည်။

''ထွန်းမင်းကျော်ရေ In door ပုံတွေ မင်းပဲရိုက်၊ ငါဘေးက ညွှန်ကြားပေးမယ်''

''ဟာ တကယ်လား အာစရိ''

''တကယ်ပေါ့ကွ မင်းလည်း တစ်သက်လုံး ငါ့တပည့်လုပ်နေမှာမဟုတ်တာ၊ တိုးတက်လမ်းရှာရမှာပေါ့''

''ကျေးဇူးပဲ အာစရိ''

ထိုနေ့က အမှန်တကယ်ပင် ထွန်းမင်းကျော်အား စိတ်လိုလက်ရ နှင့်ပညာကုန်သင်ပေးခဲ့သည်။ ညနေ ဟိုတယ်နီကိုးသို့လည်း ထွန်းမင်းကျော်ကို အပါခေါ်သွားပြီး မင်္ဂလာဆောင်ဓာတ်ပုံရိုက်နည်းကို လက်တွေ့







www.burmeseclassic.com

www.burmeseclassic.com



ပြခဲ့သည်။

ဆက်ခံသူရှိမှ ပေးဝေသူက ပညာဖြန့်ခွင့်ရှိမည်မဟုတ်လား။ ဆရာများထံမှ စနစ်တကျသင်လာခဲ့သည့် ပညာများအား ဖြန့်ဝေပေးခွင့် ရသဖြင့် တစ်ညနေလုံး ပီတိများနှင့် လွှတ်လပ်အိမ် လန်းဆန်းခဲ့ရသည်။

■ ■ ■

ညခုနစ်နာရီလောက်တွင် လွှတ်လပ် အိမ်သို့ပြန်ရောက်၏။ အိမ်တွင် အဖေရောက်နေတာ တွေ့ရသဖြင့် ရင်ထိတ်သွားသည်။ သူမရှိတုန်း ဒေဝီအကြောင်းတွေ သင်းကိုလာပြောတာများလားဟု ဇဝေဇဝါ ဖြစ်သွား၏။

သို့သော် သူ့ခြေလှမ်း ဘာမှမမှားသေးသည့်အတွက် ဘာကိုမှ ကြောက်စရာမလိုသေးဘူးဟူသည့် အမှန်တရားကို ကိုင်တွယ်ထားနိုင်ကြောင်း ရှင်းရှင်းလင်းလင်း သိထားသည့်အတွက် ရင်ကော့ပြီး အခန်းထဲ ဝင်လာခဲ့၏။

''အဖေရောက်နေတာကိုး ထမင်းစားပြီးပြီလား အဖေ''

''အေး ပြီးပါပြီကွာ၊ မင်းမလည်း အိမ်ပြန်တာ အတော်မိုးချုပ်တာကိုးကွ''

''ဒီနေ့က ညနေပိုင်းမဂ်လာဆောင်တစ်ခု ဓာတ်ပုံရိုက်နေရလို့ပါ''

''သြော် ဟုတ်လား အေး အေး သွား သွား မင်းလည်းပင်ပန်းလာတာဆိုတော့ ရေလေးမိုးလေး ချိုးချိုးဦး''





''ဟုတ်ကဲ့ အဖေ အေးဆေးမှပြန်နော် သားပြန်ပို့ပေးမယ်''

''အေးပါကွ ငါ့မြေးတွေနဲ့ ဆော့ဦးမှာ''

အဖေ့ကို သူ့မြေးများနှင့်စိတ်ချလက်ချ ထားခဲ့ရင်း သင်းနှင့်အတူ ထမင်းစားခန်းသို့ လာခဲ့ကြ၏။

''ကိုကို ရေမချိုးတော့ဘူးလား''

''မချိုးတော့ဘူး သင်း၊ ဟော်တယ် အဲကွန်းခန်းထဲမှာ တစ်ချိန်လုံးနေခဲ့ရတာ ချွေးတောင် မစို့ဘူး''

''ဒါဆို စားတော့မယ်ပေါ့၊ အရက်မသောက်တော့နော်၊ အဖေရောက်နေတာ''

''အင်းပါ ကိုကိုမသောက်ပါဘူး၊ မြန်မြန်စားပြီး အဖေ့ကိုပြန်လိုက်ပို့ပေးလိုက်ဦးမယ်လေ''

''ဒါဆို အေးအေးဆေးဆေး စားနေတော့ သင်း အဖေနဲ့စကားသွားပြောလိုက်ဦးမယ်''

လွှတ်လပ် ခေါင်းညိတ်ပြတော့ သင်း ထွက်သွား၏။ လွှတ်လပ်တစ်ယောက်ထဲ ထမင်းကိုခပ်သွက်သွက် စားနေလိုက်သည်။ အကဲခတ်သလောက် အဖေနှင့်သင်းတို့ မှုမပျက်ကြ။ စောစောက စိတ်ပူနေခြင်းက အိုးမလုံအုံပွင့်သလို ဖြစ်နေပြီဟု တွေးပြီး ပြုံးစိစိဖြစ်သွားရ၏။

သို့နှင့်ထမင်းကိုမြန်မြန်လက်စသတ်လိုက်သည်၊ သူ အိမ်ရှေ့ထွက်လာသောအခါ အဖေတို့မြေးအဘိုးတစ်သိုက်၏ ဘာါးဝါး တဟားဟားရယ်သံများကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ဒီလောက်သဘောကျနေတာလဲ အဖေ"

"ဟား ဟား မင်းရဲ့သားက သူ့သူငယ်ချင်းမှာ အဘိုးကော အဘွားပါရှိတယ်တဲ့၊ ဒီတော့ သူ့အတွက်လည်း အဘွားရှိအောင် လုပ်ပေးပါတဲ့လေ၊ ဟား ဟား"

"ဟုတ်သားပဲ အဖေကလည်း ဒီကိစ္စ သား အစောကြီးကတည်းက ပြောထားတာပဲ ဥစ္စာ၊ အဖေကမှ သဘောမတူတာ၊ အခု အပြောခံရပြီပေါ့"

"ဟား ဟား ဟား တော်ပါကွာ၊ စကားနောက်တရားပါ ဖြစ်ကုန်ပါဦးမယ်"

"အဖေက ဖြစ်ချင်နေတာ မဟုတ်လား"

"ဟော့ကောင် ဟော့ကောင်"

"ဟား ဟား ဟား ဟား"

"ကဲ ဘိုးဘိုးပြန်မယ် ငါ့မြေး အဘိုးနဲ့လိုက်မလား"

"ဘွားဘွားရှိလား ရှိရင် လိုက်ခဲ့မယ်"

"ဟား ဟား ဟား တော်စမ်းပါ ကောင်းမူရာ၊ မင်းလည်း မင်းအဖေနဲ့ တစ်ချိုးထဲပဲ၊ ကဲ ကောင်းမူနဲ့အကြင်နာ ဘိုးဘိုးကို အာပွားပေးပြန်တော့မယ်"

"ဟုတ်ကဲ့ ဘိုးဘိုး"

မြေးများ၏ချစ်ခင်မှုကို ကျေနပ်စွာခံယူပြီး အဖေပြန်ဖို့ ဟန်ပြင်သည်။





"ကဲ သမီး အဖေပြန်မယ်"

"ဟုတ်ကဲ့ အဖေ"

"သားလိုက်ပို့မယ် အဖေ"

"နေပါစေကွာ မင်းလည်း ခုမှရောက်တဲ့ဥစ္စာ၊ ပင်ပန်းနေမှာပေါ့"

"အသွားအပြန် နာရီဝက်လောက်ပဲဥစ္စာ လာပါ"

"ဟုတ်သားပဲ အဖေရယ်၊ ကိုကို လိုက်ပို့ပေးပါလိမ့်မယ်၊ ဘာမှကြာတာမှမဟုတ်တဲ့"

"ကဲ ကဲ ဒါဆိုလည်းလုပ်၊ ကဲ မြေးတို့ရေ အဘိုးပြန်ပြီနော်"

"ဟုတ်ကဲ့ အဘိုး တာ့တာ"

သားအဖနှစ်ယောက် ကားကိုဖြည်းဖြည်းချင်းမောင်း၍ စကားတပြောပြောနှင့်ထွက်လာခဲ့ကြ၏။

"ဒေဝီ့ကို ဘာတွေလုပ်ပေးထားလဲ သား"

"လောလောဆယ် မော်ဒယ်သင်တန်း တက်နိုင်းထားတယ် အဖေ"

"ဖြစ်နိုင်ချေကော ရှိရဲ့လား သား"

"ဖြစ်သွားမှာပါ အဖေ၊ သူ့အလုက ပြီးပြည့်စုံနေတဲ့ဟာ"

"အင်း အဲဒီလို ပြီးပြည့်စုံနေလို့လည်း အဖေ စိတ်မအေးနိုင်ဘဲဖြစ်နေတာ"

"ဗျာ ဘာဖြစ်လို့လဲ အဖေ"



www.burmeseclassic.com

www.burmeseclassic.com



မေးမိပြီးမှ သူနှင့်ပတ်သက်ဆက်နွယ်မှုကို ကန့်သတ်စကား ပြောတော့မည်ဖြစ်ကြောင်း ရိပ်မိပြီး စိတ်လေးသွား၏။

"သူ့အလုက ယောကျ်ားတွေကို ဒုက္ခပေးနိုင်တဲ့အလုမျိုးကွ"

"ဟာ အဖေကလည်း သားမှာအိမ်ထောင်နဲ့ပဲဟာ၊ ပူစရာမရှိ ကြဲဖန်ပူနေရသလားဗျာ"

"မင်း ဒေဝီ့အကြောင်း မသိသေးပါဘူး"

အဖေ့စကားကြောင့် ဘရိတ်ကို ဆောင့်နင်းလိုက်မိ၏။ ထို စိတ်လှုပ်ရှားမှုကို အဖေရိပ်မိသွားသည်။

"မင်း သိပ်သိချင်သွားပြီမဟုတ်လား၊ ဘာလို့ ဒီလောက် စိတ် လှုပ်ရှားသွားရတာလဲ လွှတ်လပ်သူ"

လွှတ်လပ်သူ ဘာစကားမှမပြောနိုင်ဘဲ အဖေ့ကိုသာ စိုက်ကြည့် နေမိ၏။

"မင်း ဒေဝီ့အပေါ် စိတ်ကစားနေမိပြီမဟုတ်လား"

အဖြေပေးဖို့ မလုံမလဲဖြစ်ရသဖြင့် ဂီယာပြောင်းပြီး ကားကို ဆက်မောင်းလာခဲ့သည်။ အဖေ့သက်ပြင်းချသံကို သူ ကောင်းကောင်း ကြားလိုက်၏။

"လုံးဝမဖြစ်ဘူး သား၊ မင်းစိတ်ကစားလို့ မရဘူး၊ သင်းသင်း အပေါ် သစ္စာဖောက်လို့ မဖြစ်ဘူး"

"ကျွန်တော့်မှာ အဲလို စိတ်ကူးမရှိပါဘူး အဖေ"

"ဒါဆိုရင် ကောင်းတာပေါ့၊ တကယ်တော့ ဒေဝီလေးဟာ





အပျိုစင်တစ်ယောက်မဟုတ်ဘူး၊ သူက တစ်ခုလပ် ဘစ်လင်ကွာ"

"ဗျာ"

ဒီတစ်ကြိမ်မှာ လွှတ်လပ်သူကားဘရိတ်ကို မနင်းမိပါ။ သူ့ ရှေ့မှကားကိုသာ တိုက်မိမလိုဖြစ်သွားသဖြင့် ကမန်းကတန်း ကွေ့ရှောင် လိုက်ရသည်။

"သူ စင်ကာပူမှာကျောင်းတက်နေတုန်းက လူတစ်ယောက်နဲ့ နှစ်ဦးသဘောတူ လက်ထပ်ခဲ့တယ်၊ ဒါပေမဲ့ သူယူလိုက်တဲ့ယောကျ်ားက လူလွှတ်တစ်ယောက် မဟုတ်ဘူး"

"ဗျာ"

လွှတ်လပ်သူတစ်ယောက် ဒီညတစ်ညလုံး 'ဗျာ'တွေကိုသာ ဖောဖောသီသီ ရေရွတ်နေမိ၏။

"တိုတိုပြောရရင်တော့ကွာ အဲဒီလူရဲ့မယားကြီးက စင်ကာပူ လိုက်သွားပြီး ပွဲကြမ်းတော့မှ ဒေဝီလေးက အကြောင်းသိပြီး အရက်တကွဲ နဲ့ မြန်မာပြည်ကို ပြန်လာခဲ့ရတာလေ"

"ဖြစ်မှဖြစ်ရလေဗျာ"

"ဒါတင်ဘယ်ကမလဲ ဟိုလူက သူ့ကိုလုံးဝ ကွာရှင်းမပေးဘူး တဲ့လေ"

"ဟာ မိုက်ရိုင်းလိုက်တာဗျာ"

"အေး အဲဒါပဲ မင်း ဒေဝီအပေါ် စိတ်ကစားလို့ မရဘူးဆိုတာ အဲဒါကြောင့်ပဲ သဘောပေါက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့ပါ ကျွန်တော် သဘောပေါက်ပါပြီ အဖေ"

အဖေ့အိမ်ရှေ့ ကားရပ်ပေးပြီး အဖေ ကားပေါ်မှဆင်းသွားသည်နှင့်

"သွားတော့မယ် အဖေ၊ အိမ်မှာ သင်းနဲ့ကလေးတွေပဲရှိတာ"

"အေး ဘယ်ကိုမှ ဝင်မနေနဲ့တော့၊ အဖေပြောတာကိုလည်း ခေါင်းထဲ သေချာထည့်ထား"

"ဟုတ်ကဲ့ပါ သွားပြီနော် အဖေ"

လွတ်လပ် ကားမောင်းထွက်လာတော့ အဖေ မျက်စိတဆုံး ရပ်ကြည့်ကျန်နေခဲ့တာကို နောက်ကြည့်မှန်မှတစ်ဆင့် တွေ့ရသည်။ လွတ်လပ် အတွေးတွေ ချာချာလည်နေ၏။ ဒေဝီခေါ် ဒွေးမယ်နော်၏ဘဝက လွတ်သနားစရာကောင်းနေတာ သိလိုက်ရမှ ဒွေးမယ်နော်အပေါ် တွယ်တာစိတ်က ဒီဂရီပိုမြင့်လာသလို ခံစားရသည်။

ဒါကြောင့် လွတ်လပ်သူအကြောင်း မမေးခဲ့သလို သူ့အကြောင်းကိုလည်း မပြောခဲ့ခြင်းပဲဖြစ်မည်ထင်၏။ ငယ်ငယ်ရွယ်ရွယ် နော့်ကို နှလုံးသားဒဏ်ရာပေးခဲ့ပြီး တစ်လင်ကွာ သရဖူဆောင်းခိုင်းရက်သော သူ၏ယောကျ်ားဆိုသူအား အမုန်းကြိတ်ပစ်လိုက်ချင်သည်။

ထိုဒေါသနှင့် လီဘာကို ဆောင့်နင်းနေမိရာ ဆယ်မိနစ်ခန့်နှင့် အိမ်သို့ပြန်ရောက်လာခဲ့၏။ သင်းကို ဧည့်ခန်းတွင် တစ်ယောက်ထဲ စာဖတ်နေတာတွေ့ရသည်။

"ကလေးတွေ အိပ်ပြီလား သင်း"





"အိပ်ကုန်ကြပြီ ကိုကို"

"ဒါဆို ကိုယ်တို့လည်း အိပ်ကြစို့၊ ဒီနေ့ အရမ်းပင်ပန်းနေပြီ"

"အင်း ကိုကိုတက်နှင့်၊ သင်း တံခါးတွေပိတ်ပြီး လိုက်လာခဲ့မယ်"

နောက်ဆယ်မိနစ်ခန့်ကြာသောအခါ တစ်ေ ာင်းအိပ်နေသော လွတ်လပ်အား နောက်မှသိုင်းဖက်လာသည်ကို ခံစားသိ ိုက်၏။ သင်း ရောက်လာပြီပေါ့။ သင်း၏ခပ်နွေးနွေး အထိအတွေ့က အေးစက်စပြုနေ ပြီဖြစ်သော ရာသီဉတုတွင် တန်ဖိုးရှိလွန်းလှသည်။

သင်းကို သင်းမှန်းသိသည်နှင့် ဒွေးမယ်နေ ်ကို အတွေးထဲမှ မောင်းထုတ်ပစ်ရသည်။ သူ့စိတ်ကို သူတ တ်အားသရှေ့ ဘိန်းကာ သင်း အပေါ်သစ္စာစောင့်သိမည်ဟု စိတ်ပိုင်းဖြတ်ထား၏။ ဒွေ မ ယ်နော်က မစား ကောင်းသောအသီးဖြစ်နေသည် မဟုတ်လား။

သူ မြတ်နိုး၍ လက်ထပ်ရယူထားသော နှ ်သားမွေး နှစ်သွေးလှသည့် ဂန္ဓဝင်မယား သင်း။ စိတ်ဆင်းရဲ ကိုယ်ဆ ်းရဲ မဖြစ်စေရဟု အားတင်းလိုက်၏။ ထို့ပြင် ထောက်ထားစရာ ကောင် ့နှင့် အကြင်နာ်တို့ ရှိနေသေးသည်ဆိုတာ နှလုံးသွင်းထားလိုက်သည်။

အနည်းငယ် တည်ငြိမ်စ ပြုလာသဖြင့် သ င်း၏အထိအတွေ့တွင် ပျော်ဝင်နစ်မွန်းသွားစေဖို့ အာရုံစိုက်လိုက်၏၊ သင်းက သူ၏ ကျောပြင်ကို ပွတ်သပ်ချော့မြူပေးနေသည်။

"ကိုကို အလုပ်တွေ သိပ်ပင်ပန်းနေသလ ားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပင်ပန်းတယ်တော့ မဟုတ်ပါဘူး၊ စိတ်အနှောင့်အယှက် ဖြစ်မိတာ"

"ဘာကိုလဲဟင်"

"ဒေဝတာ လုပ်ငန်းစုရဲ့ကြော်ငြာကိစ္စတွေပေါ့"

"ဒေဝတာက လုပ်ငန်းစုံလုပ်တယ်နော်၊ သင်း ဂျာနယ်ထဲမှာ ဖတ်ဖူးတယ်"

"ဟုတ်တယ် သင်း၊ အင်အားကြီးသလောက် ဆက်ဆံရေးမှာလည်း မောက်မာသလိုပဲ၊ ဒါပေမဲ့ အဆင်ပြေသွားရင် အလုပ်က သုံးလေးလစာလောက်မပူရတော့ဘူး"

"စိတ်အမောခံပြီး မကြိုးစားလည်း ရပါတယ် ကိုကိုရယ် ပုံမှန် ဓာတ်ပုံရိုက်တာနဲ့တင် အဆင်ပြေနေတာပဲဟာ"

"အဲလိုပြောလို့တော့ မရဘူး သင်း၊ ကိုယ့်မှာ အဖေရှိတယ် မိသားစုရှိတယ်၊ တပည့်နဲ့အလုပ်သမားတွေရှိတယ်၊ အားလုံး လူနှစ်ဆယ်ရဲ့တာဝန်က ကိုယ့်ပခုံးပေါ်မှာ ပိနေတာလေ၊ တစ်ချိတည်းနဲ့ အလုပ်များများရလိုက်တော့လည်း အားလုံးအတွက် နိုင်တာပေါ့"

"ဒါတော့ ဒါပေါ့ ဒါပေမဲ့ ကိုကိုပင်ပန်းတာ သင်း မကြည့်ရက်ဘူး"

"သင်းရှိရင် အားရှိပါတယ်ကွာ၊ သားနဲ့သမီးအတွက်လည်း အကောင်းဆုံးတွေပဲ ပေးဆပ်ချင်တာ"

"ကိုကို့စကားတွေ ကြားရတာ စိတ်ချမ်းသာလိုက်တာ၊ ကိုကိုက





သင်းတို့အပေါ် သိပ်ကောင်းတာပဲနော်၊ သင်းလေ ကိုကို့မေတ္တာကို လက်ခံလိုက်မိတာ သိပ်ကိုဂုဏ်ယူမိတာပဲ သိလား"

"ဒီလိုပြောပေးလို့ ကျေးဇူးတင်ပါတယ် သင်း ့ယံ၊ ဒါနဲ့ ကိုယ်တို့အိမ်ထောင်သက်ဆယ်နှစ်ပြည့်တော့မယ်နော်"

"အတိအကျ ပြောရင် လေးလလိုပါသေးတယ်"

"အဲဒီနေ့မှာ ကိုယ်တို့ဘာလုပ်ကြရင် ကောင်းမလဲ"

"အိမ်မှာ ဆွမ်းကပ်မယ်၊ မိသားစုစုံစုံညီညီနဲ့ ဘုရားဖူးထွက်မယ်"

"ကိုယ်က ဒီထက်ပိုပြီး အမှတ်တရဖြစ်ချင်တာ"

"လိုသေးတာပဲ ကိုကိုရယ်၊ ဖြည်းဖြည်းချင်း စဉ်းစားပေါ့၊ ကိုကို ပင်ပန်းနေတယ် မဟုတ်လား အိပ်တော့နော်"

အဆက်မပြတ် စကားပြောလိုက်သဖြင့် ခေါင်းထဲမှငွေးမယ်နှော် ထွက်သွား၏။ သင်းက သူ့သားသမီးတွေကို သိပ်ယုယသိုမျိုး တင်ပါးကို ပုတ်၍ ချော့သိပ်နေသည်။

သူ၏နှလုံးစရာ ရင်ခွင်အစစ်သည် သင်းမှလွဲပါး အခြားမရှိဟု ဆုံးဖြတ်လိုက်ရင်း ဇနီးသည်၏ပြုစုမှုကို ကြည်နူးနွေးထွေးစွာ ခံယူနေမိ၏။ သို့သော် မျက်လုံးများကို မှေးမှိတ်လိုက်သောအခါ မဟူရာမြင်လွှာ သက်တွင် ပေါ်လာသူက ငွေးမယ်နှော်ဖြစ်နေလေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## 'သင်း' နှင့် 'နော်'

တစ်ဆောင်းသစ်ပြန်လေပြီ။

သို့သော် သူ့ထံတွင် နှင်းနှင့်ချမ်းအေးမှုက

ပါမလာခဲ့၊ မေ့ကျန်ခဲ့တာလား

သို့တည်းမဟုတ် ထိုအရာများ သူ့ထံတွင်

လုံးဝမရှိတော့တာလားဆိုတာ

သူကိုယ်တိုင်သာ သိပေလိမ့်မည်။

ဟေမန္တ သည် ရိုးရာကိုထိန်းသိမ်းရန် အစွမ်းအစရှိပုံမ

သို့ဖြစ်၍ သူ၏ကိုယ်ပိုင်ဟန်များ ပျောက်ဆုံးကာ အစစ်ကိုယ်၌က အတ

ဖြစ်နေလေပြီ။

ဆောင်းရောက်ပြီဟုသော အသိနှင့် ဂျာကင်ကို တခုတ်တ

ဝတ်ဆင်လာခဲ့မိသော လွတ်လပ်မှာ ကားမောင်းရင်း ချွေးစို့လာသည်





ချစ်နာရီခွဲနေသည်ပင် အားကောင်းမောင်းသန် ဖြစ်နေသည်။ သို့နှင့် ကားအဲကွန်းကိုဖွင့်လိုက်ရသည်။ ဟေမန္တ၏ရသကို ငံပြီပြင်ပြင် ခံစားလို လျှင်တော့ ခါကာဘိုရာဇ်တောင်ထိပ်တက်ဖို့သာ ရှိတော့၏။

ဥတုသုံးပါးတွင် လွတ်လပ် အနှစ်သက်ဆုံး ဆောင်းရာသီဖြစ် သည်။ သူ ငယ်စဉ်က နှင်းကိုမျက်ဝါးထင်ထင် မြင်ပူးခဲ့၏။ အဖေပြော သော ဆောင်းပုံပြင်က မီးလှုံရလောက်အောင် ချမ်းခဲ့သည်တဲ့၊ ထိုစဉ်က လွတ်လပ် မယုံခဲ့ပါ။ အခုတော့ ဆောင်းမှာ နှင်းကျတတ်ကြောင်း၊ သားနှင့်သမီးကို ပြောပြသောအခါ သက်သေအဖြစ် ကိုင်းယားဓာတ်လမ်း တွဲများကို လက်ညှိုးထိုးပြနေရသည်။

ဆောင်းက အတုကြီးဖြစ်နေ၍ စိတ်အိုက်ဟောိုက် ဖုန်းမြည်သံ ကြားရသည်။ နံပါတ်များက ဒွေးမယ်နော်ဟု ဖော်ညွှန်းနေသဖြင့် အဆော တလျင် ကောက်ကိုင်လိုက်သည်။

"ကိုလေး အခု အိမ်မှာလား"

"ဟင့်အင်း လမ်းပေါ်မှာ ကားမောင်းနေတယ်"

"ဘယ်သူပါသေးလဲ"

"တစ်ယောက်ထဲ"

"ကောင်းလိုက်တာ 'နော်' ဘရိတ်ဖတ်(စ်)စားမလို့၊ အဲဒါ အဖော်မရှိလို့ လှမ်းဆက်ကြည့်တာ"

"ဟုတ်လား ကိုလေးလည်း ဘာမှမစားရသေးဘူး၊ ဘယ်မှာ ဆုံမလဲ"



www.burmeseclassic.com

www.burmeseclassic.com



" First Food ဆိုရင်ကော"

"အိုကေ"

ဆောင်းအတုကြောင့် ရင်ပူနေခိုက် အိုက်စကရင် စားလိုက်ရသလို အာသာပြေသွားရလေသည်။

ဆယ့်ခြောက်နှစ်သားတစ်ယောက်လို ရင်ခုန်သံမြန်သွားရသော ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မနေတော့ဘဲ လီဘာကိုသာ ဖိနင်းလိုက်၏။

First Food ဆိုင်၏ ကားပါကင်တွင် နော် စီးနေကျ ကားကို တွေ့ရသဖြင့် ဘေးချင်းယှဉ်၍ ရပ်လိုက်သည်။

မှန်အပြည့်ကာထားသော ဆိုင်ထဲမှ 'နော်'က လက်ပြလှမ်းခေါ်နေ၏။ 'သင်း' ကျွေးလိုက်သော ပေါင်မုန့်မီးကင် ထောပတ်သုတ်နှင့် ကော်ဖီက အစာမကျေသေးသော်လည်း 'နော်'နှင့်အတူ ထပ်မံစားသောက်ရန် အဆင်သင့်ဖြစ်နေလေပြီ။

သွက်လက်သောခြေလှမ်းများနှင့် ဆိုင်တွင်းသို့ ပြေးဝင်သွားမိသည်။ 'နော်' ၏အပြုံးက ရန်ကုန်ဆောင်းတွင် မရှိတော့သော နှင်းကဲ့သို့ အေးမြနေ၏။

"မတွေ့တာကြာပြီ 'နော်' အဆင်ပြေရဲ့လား"

"ဘာကိုမေးတာလဲ ကိုလေး"

"ဩော် အစစအရာရာပေါ့"

"ရည်ရွယ်ချက်အတွက် သင်တန်းတက်ရတာတော့ အဆင်ပြေပါတယ် ကိုလေးရယ်"





နွမ်းလျလျ အပြောကြောင့် နော်၏ ပန်းဦးကို ရွေ့ရှုးပန်ဆင်ပြီး နှင်းချေသွားရက်သည့် မမြင်ဘူးသောသူအား ဒေါသပွားမိသည်။ ဒွေးမယ်နော်၏စင်ကာပူမှ ငရဲကျကာလများဆီ နောက်ပြန်သွား၍ အမှားများကို ပြင်ဆင်ပေးလိုက်ချင်၏။

သုံးလေးနှစ်သာသာ နောက်ကျခဲ့သော ဆုံစည်းမှုက မချင့်မရဲ သနားစိတ်ကို ပိုမိုရင့်သန်လာစေသည်လား။ နော်၏ သောကကိုလျှော့ကျစေလိုသောကြောင့် ရင်ဖွင့်လိုက ဖွင့်နိုင်စေရန် ရေလာမြောင်းပေး စကားပြောပေးလိုက်၏။

"ဘာတွေက အဆင်မပြေဖြစ်နေလို့လဲ နော်"

နော်က ရီဝေသော သူမ၏အကြည့်များကို အဝေးဆီမှ ပြန်လည်ခေါ်ယူပြီး လွတ်လပ်သူအား စူးစူးနစ်နစ် ကြည့်သည်။

"နော့်ဘဝမှာ ပြင်မရတဲ့အမှားတစ်ခု ရှိခဲ့တယ် ကိုလေး"

"လူတိုင်း အမှားကင်းကြတာမှ မဟုတ်ဘဲကွာ"

"လျှော်ဖွပ်လို့ ပျောက်မသွားတဲ့ အစွန်းအထင်းလို သတိရတိုင်း တအနှောင့်အယှက်ဖြစ်ရတယ်"

"ဘာရယ်မှန်းမသိပေမယ့် ကိုယ် စာနာပေးလို့ရပါတယ် နော်"

နော်က မြေမြှုပ်သိုဝှက်သိမ်းဆည်းထားပုံရသော ဒိုင်ယာရီ မှတ်စုနာဟောင်းများကို လှန်ပြရန် ပြင်ဆင်နေပြီလား။ ဒါဆို သူကလည်း လွတ်လပ်သူ၏ သံမိုင်းမော်ကွန်းကို ရေးထွင်းပြဖို့ လိုအပ်နေပြီ ဟု ဆုံးဖြတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"နော့် နှလုံးသားမှာ အတွင်းဒဏ် ရခဲ့ဘူးတယ် ကိုလေး"

မှာယူထားသော ဒင်း(န်)ဆမ်းများထဲမှ တူနှင့်ညှပ်ယူလိုက်သည့် ဖက်ထုပ်ကြော် ပြုတ်ကျသွားသည်။ အချဉ်ရည်ပန်းကန်ထဲ ပြုတ်ကျသွားခြင်းဖြစ်၍ ဟန်မပျက် ညှပ်ယူစားလိုက်ရသော်လည်း စိတ်လှုပ်ရှားမှုကိုလုံအောင် မဖုံးအုပ်နိုင်ခဲ့။

နော်က အက်ကြောင်းထင်နေသော သူမနှလုံးသားကို ခင်းကျင်း ပြသဖို့ ပြင်ဆင်လာသည်မို့

"အင်း ဒီအရွယ်ရောက်ပြီးသူတိုင်း ဒီလိုအတွေ့အကြုံမျိုး ခံစားကြရမှာပါပဲ နော်၊ ဒီလိုဖြစ်စဉ်နဲ့ပတ်သက်တာဆိုရင်တော့ ကိုယ်က ပွဲကြည့်ပရိသတ်ရဲ့ကိုယ်ချင်းစာမှုမျိုးပဲ ပြန်ပေးနိုင်မှာ၊ ဘာလို့လဲဆိုတော့ ကိုယ်က ချစ်သူကို ပိုင်ဆိုင်ခွင့်ရပြီး အောင်မြင်တဲ့အိမ်ထောင်ရေးတည်ဆောက်နိုင်ခဲ့လို့ပဲ"

ဘောလုံးပွဲဝေါဟာရနှင့်ဆိုလျှင်တော့ နော့်ကို အဝါကဒ်ပြလိုက်ခြင်းပင်ဖြစ်သည်။ သို့သော် နော်က ပရိုခေတ်မှ ကြေးစားဘောလုံးသမားတစ်ယောက်လို ကြမ်းကြမ်းတမ်းတမ်း ကစားခြင်းကို မစွန့်လွှတ်ဘဲ ဖက်တွယ်ထားဆဲပင်ဖြစ်၏။

"ကိုလေးရဲ့ဖေဖေပြောပြလို့ ကိုလေးရဲ့သာယာတဲ့ အိမ်ထောင်ရေးဘဝကို အားကျမိရပါတယ်၊ ကိုလေးကို ပိုင်ဆိုင်ခွင့်ရတဲ့ မမသင်ဘဝက သိပ်ကံကောင်းတာပဲနော်"

စာနာသည့်သဘောလား၊ မနာလိုသည့်အပြောလား၊ မကွဲပြား





သော်လည်း နော့် ရင်တွင်းဝေဒနာကိုတော့ မျှဝေခံစားလို့ရနေ၏။

"အိမ်ထောင်ရေးဆိုတာ ထီထိုးရသလိုပါပဲနော်၊ အတိတ်ကံအကျိုးပေးလို့ ပစ္စုပ္ပန်လုပ်ရပ်တွေ မှန်ကန်ရင် သိန်းတစ်သောင်းဆုပေါက်တတ်ပါတယ်"

"နော်ကတော့ ဆုကြီးနဲ့လွဲခဲ့ရတဲ့အပြင် အလိမ်ပါခံခဲ့ရတာ"

"ဘယ်လို ဆိုးဝါးတဲ့ကိစ္စတွေများ ကြုံခဲ့ရလို့လဲနော်"

ဒီမေးခွန်းက နော့်ကို ကိုယ့်ပေါင်ကိုယ်လှန်ထောင်းနိုင်းခြင်းဖြစ်၏။ သို့သော် ဘယ်မိန်းမက သူ့ကိုယ်သူ တစ်ခုလပ် တစ်လင်ကွာပါဟု ကြေညာချင်ပါ့မလဲ။ နော်က သက်ပြင်းကို မသဲမသာချိုးရှိုက်ရင်း

"ဒီအကြောင်းတွေ ပြန်မပြောချင်တော့ပါဘူး ကိုလေးရယ်၊ ကိုယ်တိုင်က မတွေးမိအောင် ကြိုးစားနေရတာဆိုတော့ ပြန်ပြောနေရင် ဒဏ်ရာကျက်ဖို့ ပိုကြာသွားမှာစိုးလို့ပါ"

"ရပါတယ်နော်ရယ် မပြောချင်ရင် မပြောနဲ့ပေါ့၊ ပြီးခဲ့တာတွေကို ပြန်တမ်းတလို့လည်း ပြင်ဆင်ခွင့်မှ မရှိတော့တဲ့ဟာ၊ နော့်မှာ အချိန်တွေ အများကြီးကျန်ပါသေးတယ်၊ နော့်ရဲ့အစွန်းအထင်းတွေကို စာနာဖေးမပေးမယ့်လက်တွဲဖော်နဲ့ ကြုံရဦးမှာပါ"

လွှတ်လပ်၏ နှစ်သိမ့်စကားကိုယုံကြည်မှု မရှိသလိုမျိုး ခပ်ယဲ့ယဲ့ပြန်ပြုံးပြ၏။

"တကယ်တော့ ကိုလေးနဲ့ပြန်ဆုံရမှ သေငယ်ဇောနဲ့မျောနေတဲ့ နော့်ဘဝ နည်းနည်းအဓိပ္ပာယ်ရှိလာတာပါ၊ နော့်ရည်မှန်းချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်ဖို့အတွက် ကိုလေးကို အထိုက်အလျောက်တော့ အားကိုးခွင့်ပြုပါနော်''

နော်က နှစ်ယောက်ကြားမှ ဆက်ဆံရေး နယ်နိမိတ်ကို သူ့ဘာသာကန့်သတ်ဘောင်ခတ်စကား ဆို၏။ တစ်ဘဝလုံး ပုံအောပေးဆပ်ချင်နေမိသော လွတ်လပ်မှာ စိတ်ပိုင်းဖြတ်ထားသည့် ကတိစကားနှင့် အလျင်အမြန် တုန့်ပြန်လိုက်သည်။

''သိပ်ကိုသေချာတာပေါ့၊ လိုအပ်တဲ့ အတိုင်းအတာအထိ ကိုယ့်ကိုအမှီသဟဲပြုလို့ ရပါတယ်နော်''

''ဝမ်းသာလိုက်တာ ကိုလေးရယ်၊ ကိုလေးကို နော့်ဘဝရဲ့ လမ်းပြကြယ်အဖြစ် သတ်မှတ်ပါတယ်၊ စောင့်ရှောက်ပေးပါနော်''

''စိတ်ချပါနော် ကိုယ် ကတိပေးပါတယ်''

နော်က မိတ်ကပ်တစ်ဘူး ဝယ်လူးရုံနှင့် တန်ဖိုးကြီးကြီး ကံစမ်းမဲပေါက်သူတစ်ယောက်လို ဝမ်းသာအားရ အမူအရာနှင့် ပြောလာသဖြင့် လွတ်လပ်က ရွေးကောက်ပွဲ အကြိုကာလ အမတ်လောင်းတစ်ယောက်၏ မဲဆွယ်စကားမျိုးဖြင့် အလျင်အမြန် တုံ့ပြန်လိုက်၏။

ထို့နောက် ကစားကွင်းမှ သာရဲရထား အတူစီးပြီး ထွက်လာခဲ့ကြသူများကဲ့သို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ပြုံးလိုက်ကြ၏။

ထိုစဉ် ဒိုင်လူကြီး၏ပွဲသိမ်းခရာသံနှင့် ဆင်တူလှသော ဖုန်းခေါ်သံကို ကြားလိုက်ရ၏။ ကြည့်လိုက်တော့ ချစ်ဖနီးထံမှဖြစ်နေသဖြင့် ကျောင်းလစ်ပြီး လျှောက်သွားနေစဉ် အဖေနှင့်ပက်ပင်းတိုးသည့် ကျောင်း





သားတစ်ယောက်လို အထိတ်တလန့်ဖြစ်သွားမိသည်။

''ပြော သင်း''

''သင်း နေမကောင်းဘူး ကိုကို''

''ဟင် သိပ်ဆိုးနေလား ဆေးခန်းမသွားဘူးလား၊ ကိုကို ပြန်လာခဲ့ရမလား''

''သိပ်အဆိုးကြီးမဟုတ်ပါဘူး၊ ကိုက်ခဲပြီး ကိုယ်လက်မအီမသာဖြစ်နေတာလောက်ပါ''

''ဘာပဲဖြစ်ဖြစ် မပေါ့နဲ့လေ၊ ဆေးခန်းသွားမလား၊ ကိုကို လာခေါ်မယ်''

''ဆေးခန်းတော့ မသွားချင်ပါဘူး ကိုကိုနဲ့အတူလျှောက်သွားပြီး အိန္ဒိယစားသောက်ဆိုင်မှာ နေ့လယ်စာ စားချင်တယ်၊ အဲဒါဆို ပြန်ကောင်းသွားမှာ''

''အိုကေ ဒါဆို နေ့လယ်လောက် စတူဒီယိုကိုလာခဲ့လေ သင်း''

''ဟယ် ကိုကို တကယ်ပြောနေတာလား''

''တကယ်ပေါ့ သင်းရဲ့''

''ဟုတ်ပြီ သင်း ဝေအားပျော်သွားပြီ၊ တက္ကစီနဲ့ပဲ လာခဲ့လိုက်မယ် ဒါပဲနော်''

''ကောင်းပြီ သင်း''

ဖုန်းပိတ်ပြီး နော်အား မလုံမလဲကြည့်မိ၏။ ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com



အထင်ကြီးနေ၍လားမသိ။ နော်၏မျက်ဝန်းတွင် မနာလိုရိပ်တို့ စွန်းထင်နေသည်ဟု ထင်မြင်မိသည်။

"မမသင်းဆီကလား ကိုလေး"

"ဟုတ်တယ် နော်၊ အလုပ်မအားလို့ သူ့ကိုပစ်ထားသလိုဖြစ်နေတာ ကြာပြီလေ၊ အတူတူ ထမင်းစားထွက်ရင် နေကောင်းသွားမှာပဲ"

"ဟုတ်လား သိပ်ကိုကြည်နူးစရာကောင်းမှာပဲနော်"

အားနာသဖြင့် ဘာစကားမှ မပြောမိ၊ နော်က နာရီကိုကြည့်ရင်း

"ကဲ အလုပ်တွေများပြီး အိမ်ထောင့်တာဝန်ကြောင့် မအားမလပ်တဲ့ကြားထဲက နော့်အတွက် အချိန်ဖဲ့ပေးလို့ သိပ်ကိုကျေးဇူးတင်မိပါတယ် ကိုလေးရယ်၊ သင်တန်းချိန်နီးနေပြီ သွားကြရအောင်နော်"

"အိုကေ နော်၊ သင်တန်းမှာ အထူးချွန်ဆုံးဖြစ်ရမယ်နော်"

နော်က လွတ်လပ် အစွဲလန်းဆုံး အပြုံးတစ်ပွင့် ပေးသနားရင်း လက်မထောင်ပြသည်။ ထို့အတွက် လွတ်လပ်တစ်ယောက် နေ့ခင်းကြောင်တောင် ထမင်းလုံးတစ္ဆေနှင့်ပက်ပင်းတွေ့သလို ဖြစ်သွားလေသည်။

■ ■ ■

ထရိုင်ပေါ့ပေါ်မှ ကင်မရာနှင့် သေချာချိန်ရွယ်ပြီးနောက် Lighting ပေးထားမှုကို နောက်ဆုံးအကြိမ် ပြန်လည်စစ်ဆေးလိုက်၏။ စိတ်ကျေနပ်မှုရမှ အိုက်တင်လုပ်နေသည့် မော်ဒယ်အား

"အိုကေ ရိုက်မယ် ရယ်ဒီ ဝမ်း တူး သရီး"





"ဖြောင်း ဖရောင်း"

camera ခလုပ်နှိပ်လိုက်သည်နှင့် Auto လင်းလက်သွားသော နံရံတွင် တပ်ဆင်ထားသည့် Flash များအသံက တိတ်ဆိတ်နေသော စတူဒီယိုခန်းမအတွင်း ကြောက်မက်ဖွယ်ရာ ပေါ်ထွက်လာ၏။

စိတ်ကြိုက် stay ပုံရသွားပြီဖြစ်၍ ထရိုင်ပေါ့မှ ကင်မရာကို ဖြုတ်ယူလိုက်ပြီး လှုပ်ရှားမှုပုံများရိုက်ရန် ပြင်ဆင်လိုက်သည်။

"ကဲ သမီး အိုက်တင်တွေ အဆက်မပြတ်ပေးပ်တော့ Non stop ရိုက်သွားတော့မှာနော်"

"ဟုတ်"

လွတ်လပ်၏ညွှန်ကြားမှုအတိုင်း မော်ဒယ်လေးက ကော့ကော်ကန်ကားအိုက်တင်များ အဆက်မပြတ် ပြုလုပ်ပေးနေသည်။ လွတ်လပ်သည်း စိတ်လှုပ်ရှားဖွယ်ပုံများကို တဖြောင်းဖြောင်းနှင့် အဆက်မပြတ်ရိုက်ယူ၏။ ပုံနှစ်ဆယ်ခန့်ရိုက်ပြီးသွားသောအခါ

"သမီးရေ ထိုင်ပြီး ပို့(စ်)ပေးဦး၊ ဟုတ်ပြီ ခေါင်းလေးနည်းနည်းငိုက်၊ ကိုယ်ကိုလိမ်ပြီး မျက်နှာက ကင်မရာကိုကြည့် မဟုတ်ဘူး ညာဘက်နည်းနည်းစောင်း ဟုတ်ပြီ အိုကေ ရိုက်မယ်"

ကြမ်းပြင်ပေါ်ထိုင်သည့်ပုံများ စိတ်ကျေနပ်လောက်အောင် ရပြီးသည့်နောက် ဆိုဖာပေါ်တွင် ပုံစံမျိုးစုံနှင့်ထိုင်ခိုင်းပြီး စိတ်ကြိုက်ရိုက်ယူပြန်သည်။ ထွန်းမင်းကျော်နှင့်တပည့်နှစ်ယောက် ဝိုင်းဝန်းကူညီပြင်ဆင်ပေး၏။ အမျိုးသားအားတိုးဆေးကြော်ငြာအဖြစ် သုံးမည့်ပုံများဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်မှုရှိအောင် စိတ်လှုပ်ရှားဖွယ်ကောင်းအောင် ရိုက်နေရသည် ပုံသုံးဆယ်ခန့် ရသောအခါမှ

"ကဲ ဆယ်မိနစ်နားမယ်၊ ပြီးရင် အဝတ်အစားတစ်စုံလဲမယ်"

"ဟုတ်ကဲ့"

တက်သစ်စ မော်ဒယ်လေးက ကျိုးနွံစွာပြောပြီး သူ၏အခြောက် မကိုခေါ်ကာ နားနေခန်းထဲဝင်သွား၏။ ထိုအခါမှ လွတ်လပ်လည်းခ နားရသည်။ ခြေပစ်လက်ပစ်ဝိုင်းဖွဲ့ထိုင်လိုက်ကြပြီးနောက်

"အင်း ဘဝပေး အခြေအနေအရ ဆရာဝန်မဖြစ်တာ ကျေးဇူးတင်ရတော့မယ် ထင်ပါရဲ့"

"ဘာဖြစ်လို့လဲကွ ထွန်းမင်းကျော်ရ"

"ဘာဖြစ်ရမလဲ ဆရာသမားရယ်၊ ဆရာဝန်လုပ်စားရင် အမြဲ တွေ့နေရမှာက လူမမာနဲ့ရောဂါသည်တွေပဲလေ၊ ရှုနာရှိုက်ကုန်း အရိုး ကမ္ဗဋ္ဌာန်းရုပ်နဲ့ အမယ်လေး အဘလေး တနေတဲ့သူတွေကြားထဲမှာ ဘယ်လိုလုပ် စိတ်ချမ်းချမ်းသာသာ နေနိုင်ပါ့မလဲ"

"ဒီတော့"

"ကျွန်တော် camera man ဖြစ်ချင်နေပြီ ဆရာ"

"ဟား ဟား ဟား ဟား"

"ဟုတ်တယ် ဆရာ နေ့ရှိသ၍ အလန်းဖယား အမိုက်စား အလန်းလေးတွေနဲ့နှစ်ပါးသွားနေရတာ ဘယ်လောက်မိုက်သလဲ၊ အသက် ရှည်ဆေး အမြဲစားနေရသလိုပဲဥစ္စာ"





ထွန်းမင်းကျော် အပြောကြောင့် အားလုံးသဘောကျ ရယ်လိုက်ကြ၏။ လွတ်လပ်သူက ဗဟုသုတအလို့ငှာ သူ့ငယ်စဉ်ဘဝ camera အရူးထစဉ်ကအကြောင်းကို ပြန်ပြောင်းပြောပြမိသည်။

"မင်းတို့ဒီဂျစ်တယ်ခေတ်မှာ လူလာဖြစ်တာ ကံကောင်းတယ် မှတ်ပါ၊ ငါ လူပျိုပေါက်ဘဝမှာ ဒီဂျစ်တယ်တွေ ပေါ်နေပြီ၊ ဒါပေမဲ့ မတွင်ကျယ်သေးဘူး၊ လူတိုင်း မကိုင်နိုင်သေးဘူး၊ ဖလင် ကင်မရာတွေ သုံးနေကြတုန်းပဲ၊ ငါ့မှာအဖေဝယ်ပေးထားတဲ့ အိုလံပတ်(စ်)ကင်မရာလေး တစ်လုံးရှိတယ်၊ ရသမျှမုန့်ဖိုး မစားရက်မသောက်ရက် စုပြီး ဖလင်တစ် လိပ်ဝယ်ထည့် ဟိုရိုက်ဒီရိုက်နဲ့ လက်တည့်စမ်းနေတဲ့အချိန်ပေါ့"

"ဆက်ပါဦး အာစရိ"

"ဖြစ်ချင်တော့ သူငယ်ချင်းတစ်ယောက်ရဲ့အစ်ကိုက မင်္ဂလာ ဆောင်ရော၊ သိပ်မရှိရှာကြတဲ့ သူတွေဆိုတော့ မင်္ဂလာပွဲမှာ မှတ်တမ်း တင်ဖို့ ရပ်ကွက်ထဲက ဓာတ်ပုံဆရာတောင် မငှားနိုင်ကြဘူးလေ၊ အဲဒီပွဲ မှာ ငါကရဲရဲကြီးဝင်ပြီး တာဝန်ယူလိုက်တာပေါ့"

"ပွဲက ကြည့်ကောင်းပြီ အာစရိ၊ ဆက်ပြော ကောင်းခန်းတွေ ပါတယ်မဟုတ်လား"

"သိပ်ပါတာပေါ့ကွာ အဲဒီတုန်းက ငါ့မှာ ကင်မရာပဲရှိတာ၊ ဖလက်(ရှ်)ဂန်းတောင်မရှိလို့ ငှားပြီးရိုက်ရတာ၊ ဘိုဘိုပြောရရင်တော့ ငါရိုက်ချက်တွေအတွက် ကံကောင်းလို့ အရိုက်မခံရတာပေါ့"

"ဘာဖြစ်လို့လဲ အာစရိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းကွာ မင်္ဂလာမောင်နှံက မညားခင် သရဲဖြစ်နေကြတာလေ၊ ခေါင်းပြတ်ကြီးတွေနဲ့ ကိုယ်လုံးတစ်ခြမ်းပဲ ပါတဲ့သူနဲ့ မျက်နှာတစ်ဝက်ပဲပါတဲ့သူနဲ့ ဖလင်တစ်လိပ်လုံး ပစ်လိုက်ရရော"

"ဟင် ဒါဆို သေပြီဆရာပဲ အာစရိ ထွက်ပြေးရရောလား"

"ဘယ်ပြေးမလဲကွာ ငါက လက်ရာမကောင်းပေမယ့် ဉာဏ်ကောင်းတယ်လေ၊ ဖလင်သုံးလိပ်လောက် ရိုက်တာဆိုတော့ ပထမတစ်လိပ်ကုန်တာနဲ့ သူငယ်ချင်းကို မြို့ထဲလွှတ်ပြီး ချက်ချင်းကူးဆေး စစ်ကြည့်နိုင်းရတာပေါ့၊ အခြေအနေမကောင်းတာလည်းသိရော ဖလင်တစ်လိပ်ထပ်ဝယ်ပြီး ပြန်ပြေးလာတာ"

"ဟား ကံကောင်းလို့ပါလား အာစရိရယ်"

"မင်္ဂလာပွဲက ပြီးကာနီးနေပြီ၊ ငါမှာ နှစ်ဖက်ဆွေမျိုးတွေကို တောင်းတောင်းပန်ပန်နဲ့ ပြန်ခေါ်ပြီး အသေအချာချိန်ရင်း ထပ်ရိုက်ပေးရတာ ချွေးဒီးဒီးကို ကျလို့"

"ကိုယ့်ကိုယ်ကိုယ် ယုံပြီး မင်္ဂလာပွဲပြီးမှ ဖလင်ကူးဆေးတာတွေသာလုပ်ရင် ပြဿနာတက်ပြီပေါ့နော်"

"သေချာတာပေါ့ မင်္ဂလာဆောင်ဆိုတာ ပြန်လုပ်လို့ရတာမှမဟုတ်ဘဲဟာ"

"နောက်ပြန်ရိုက်တဲ့ ပုံတွေကကော ဂွတ်ရဲ့လား"

"ဘုရား သိကြားမလို့ အတော်လေး သေသပ်တယ်ကွ၊ ပြီးတော့လည်း ငါက လက်ဖွဲ့သဘောမျိုး အခမဲ့ကူညီတာဆိုတော့ မင်္ဂလာ





မောင်နှံလည်း ဘာမှမပြောသာဘူးပေါ့ကွာ"

"ဟား ဟား ဟား ဟား သည်းထိတ်ရင်ဖိုပါပဲလား အာစရိရယ်"

"အဲဒါကြောင့် ပြောတာပေါ့ မင်းတို့ကံကောင်းတယ်လို့၊ အခုကင်မရာတွေက မော်နီတာပါ ပါပြီးသား၊ ကိုယ်ရိုက်မယ့်ဖရိန်ကို မရိုက်ခင် အသေအချာ စစ်ဆေးလို့ရတယ်၊ မသေချာရင် သေချာအောင်လုပ်လို့ရတယ်၊ မကြိုက်သေးရင် ဖရိန်ပြောင်းလိုက်လို့ ရသေးတယ်"

"ဟုတ်တယ်နော် အဲဒါ နည်းပညာတွေရဲ့ကျေးဇူးပဲ"

"ဒါပေါ့ကွာ camera ရဲ့ဖရိန်တွေအကြောင်း ကောင်းကောင်းနားလည်ရင် ဆရာကြီးလုပ်လို့ရပြီ"

"ဟုတ်ကဲ့ အာစရိ"

ထိုစဉ် အခန်းထဲဝင်လာသော ခြေသံကြောင့် လှည့်ကြည့်လိုက်ရာ သင်း ဝင်လာတာ မြင်လိုက်ရသည်။

"ဟော အစ်မ ဘယ်ကလှည့်လာတာလဲ"

"ဒီလိုပါပဲဟယ် နင့်ဆရာနဲ့ချိန်းထားလို့"

သင်း၏အဖြေကြောင့် ထွန်းမင်းကျော်က မယုံနိုင်သလိုနှင့် လွှတ်လပ်သူအား လှည့်ကြည့်၏။ လွှတ်လပ်သူက မသိကျိုးကျွံပြုရင်း

"လာလေ သင်း ထိုင်ဦး၊ ဆာပြီလား နာရီဝက်လောက် စောင့်နိုင်သေးလား"

"ရပါတယ် ကိုကို အလုပ်ရှိရင် ပြီးအောင်လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခဏနော် သင်း၊ ကဲ ထွန်းမင်းကျော်ရေ တံခါးခေါက်ပြီး အချက်ပေးလိုက်ပါဦးကွာ"

"ဟုတ်ကဲ့ အာစရိ"

သင်းက သင့်ရာတွင်ထိုင်ပြီး ခင်ပွန်း၏လုပ်ငန်းခွင်ကို လေ့လာနေ၏။

"သိပ်မကြာပါဘူး ဆယ်ပုံလောက်ပဲ"

"ရတယ် ကိုကို၊ စိတ်ဖြောင့်ဖြောင့်သာလုပ် သင်းကို ဂရုစိုက်မနေနဲ့"

သင်းကိုအားတုံ့အားနာပြုံးပြလိုက်ပြီး အဝတ်အစားလဲ၍ ထွက်လာသည့်မော်ဒယ်မအား စတီးပိုက်တိုင်တစ်လုံးကို ဖက်တွယ်ကာ အိုက်တင်အမျိုးမျိုးလုပ်နိုင်း၍ မြင်ရသူ စိတ်နှလုံးကို ဆွဲစိပြီး အသည်းငြိစေနိုင်လောက်သော Sexy ပုံများသာ ဒလစပ်ရိုက်ကူးနေလေတော့၏။

နာရီဝက်မပြည့်မီတွင်ပင် စိတ်ကြိုက်ပုံများ ပြီးပြည့်စုံပြီဖြစ်၍ ရိုက်ကူးရေးကို အနားသတ်လိုက်လေသည်။

"ကိုင်း အိုကေ ဖင်းနစ်(ရှ်) သိုင်းကျူး"

"ဟုတ်ကဲ့ ဦး ပုံတွေထွက်ရင် သမီးဆီလည်း တစ်စုံလောက်ပို့ပေးပါနော်"

"စိတ်ချ အရင်လိပ်စာပဲ မဟုတ်လား၊ ချာတိတ်တွေ လွှတ်လိုက်မယ်"

"ဟုတ်ကဲ့ရှင့် ကျေးဇူးပါပဲ၊ သမီးပြန်ပါဦးမယ်ရှင့်"





"ကောင်းပြီ"

မော်ဒယ်နှင့် အခြောက်မ နှုတ်ဆက်ပြီး ပြန်သွားကြ၏။ ထွန်းမင်းကျော်တို့အုပ်စု အရေးပေါ် ဆက်တင်များကို သိမ်းဆည်းနေသည်။ ကင်မရာ မင်(န်)မိုရီစတစ်ထဲမှ ပုံများအား ကွန်ပျူတာထဲထည့်လိုက်၏။

"ကိုင်း ပြီးပြီ၊ သင်း ဗိုက်ကော ဆာနေပြီလား၊ လာ သွားကြမယ်"

"ရပါတယ် ကိုကိုရယ် အဟင်း သင်းထိုင်ကြည့်နေတာ ကိုကို့အလုပ်က မိုက်တယ်နော်၊ ဒါကြောင့်လည်း ကိုကိုက တစ်နေ့တခြားနုပျိုနေတာ ထင်ပါရဲ့"

"ဟော လုပ်ပြီ သင်းရာ၊ ဘာလဲ ကိုကို ပင်စင်ယူရတော့မှာလား၊ သင်းရှာကျွေးမယ် ဆိုပါတော့"

"အင်း သင်းလည်း ဖိုတိုဂရပ်ဖာလုပ်ပြီး ကောင်လေးတွေပုံချည်းပဲ သီးသန့်ရိုက်ရင် ကောင်းမလားလို့"

"ဟင်း ဟင်း အဲလိုရှာကျွေးမယ့် ထမင်းမျိုးဆိုရင်တော့"

"ဘာလဲ မျိုမကျဘူးပေါ့"

"ဒါပေါ့ ကိုယ့်မိန်းမချောချောလေးကို ယောကျ်ားတောထဲမှာ ကျိုးတိုးကျဲ ခွေးစားစားဆိုပြီး ပစ်မထားနိုင်ပါဘူးကွာ"

"ဟား ဟား ဟား အပြောကောင်းတဲ့ ယောကျ်ားတွေကို သတိထား အစ်မရေ"

"စိတ်ချ ထွန်းမင်းကျော် နောက်ဆို အစ်မကိုယ်တိုင် ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



စာရေးမလာလုပ်မှာ လုံးဝအလွတ်မပေးတော့ဘူး''

''ဟား ဟား ဟား ဟား''

တပည့်များအား ရယ်မောနှုတ်ဆက်၍ သင်းကို လက်ဆွဲပြီး အတူတွဲထွက်လာကြ၏။ စားသောက်ဆိုင်သို့သွားရာ လမ်းတစ်လျှောက်တွင်လည်း သင်းမှာ အပျိုဘဝက သမီးရည်းစားတို့လို ယော်မူပြန်လျက် လန်းဆန်းပျော်ရွှင်နေ၏။ 'သင်း' ရွှင်မြူးနေပုံကိုကြည့်ရင်း လွတ်လပ်ပါ စိတ်ပျိုကိုယ်နုဖြစ်လာသည်။

''ကဲ သင်း ရုပ်ရှင်ကြည့်မလား၊ ပန်းခြံသွားထိုင်မလား ပြော''

''ကလေးကလား ကိုကိုရယ်၊ ကိုယ့်အသက်အရွယ်နဲ့ ဒီလိုလုပ်စရာလား''

''သင်း မြူးနေတာကိုကြည့်ပြီး လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်လောက်ကဘဝကို လွမ်းလို့ပါကွာ''

''သင်းလည်း လွမ်းတာပေါ့၊ ဒါပေမဲ့ ထမင်းလက်ဆုံစားရရင်ပဲ ပြည့်စုံပါပြီ ကိုကိုရယ်''

''ဟင့်အင်း မရဘူးကွာ၊ ဟိုတုန်းကလိုပဲ တည်းခိုခန်းပါ သွားကြမယ်''

''ဟိုး ဆရာ၊ ဟိုးတော်ပြီ ဗိုက်ဆာပြီ ထမင်းဆိုင်က ဘယ်မှာလဲ မရောက်သေးဘူးလား''

သင်းက စကားလမ်းလွှဲလိုက်သဖြင့် တက်ကြွနေသော စိတ်တို့ ပြန်လည်ဝပ်ဆင်းသွား၏။





''သင်းပဲ ကုလားစာ စားချင်တာဆို''

''အင်းလေ''

''ရောက်ပါပြီ နောက်နှစ်မိနစ် သုံးမိနစ်ပေါ့''

လွတ်လပ်က ၁၀၆ နှင့်ချော်တွင်းကုန်းကြားမှ ကန့်ရိပ်သာ လမ်းသွယ်ထဲ ချိုးကွေ့ဝင်လိုက်သည်။ ထိုလမ်းအလယ်မှာ ရေကန်ကြီး တစ်ကန်ဘေးတွင် ချစ်တီးထမင်းဆိုင်တစ်ဆိုင် ရှိ၏။ အလွန်လက်ရာ ကောင်းပြီးနာမည်ကြီးသော ဆိုင်ဖြစ်၏။

ဆိုင်အနီးတစ်ဝိုက်တွင် ကားငါးစင်းခန့်ရပ်ထ းတာ တွေ့ရသည်။ ထမင်းစားချိန်ပေကိုး။ ကားရပ်၊ မှန်တင်၊ တံခါးပိတ် လော့ခ်ချပြီး သင်းကိုပခုံးဖက်၍ ဆိုင်ထဲဝင်လာ၏။ ထိုင်စရာနေရာကမရှိတော့။ သို့နှင့် ကန်ဘေးတွင် ခင်းထားသော စားပွဲနှင့်ထိုင်ခုံပု လေးများဆီ ပြေးထိုင် နေရာယူရ၏။

''သင်း ဘာဟင်းစားမလဲ ဗိုက်တင်ဘော (လ်)ရတယ်နော်''

''တော် ရွံစရာကြီး''

သင်းက မျက်စောင်းထိုးကာ ငြင်းဆိုရင်း menu ကဒ်ပြား လေးကိုဖတ်ကြည့်နေ၏။ အကုန်လုံးဖတ်ပြီးမှ စားပွဲထိုးကို ဟင်းမှာသည်။

''ကဏန်းမဆလာချက် ငါးကြော်နှပ်နဲ့ ကြက်သားဆီပြန် ဒါပဲ''

လွတ်လပ်သူက သင်းကိုစေ့စေ့စပ်စပ်ကြည့်လိုက်ရင်း

''သင်း ကုလားလိုပဲ ဖက်ပေါ်ပုံပြီး စားမှာလား''

''ဟယ် အဲလိုကြီးတော့ မစားချင်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သူ့ဝလေ့နဲ့သူလေ၊ ပဲဟင်းလေးရွှဲရွှဲဆမ်း လက်ငါးချောင်းနဲ့အားပါးတရနှယ် ဆားလေးတို့လိုက် ငရုတ်သီးတောင့်ကြော်လေးကိုက်လိုက် ရှူးရှူးရှဲရှဲနဲ့ ပလုပ်ပလောင်းစားမှ အရသာရှိတာ သင်းရဲ့"

"ဟင်း ဟင်း အဲလိုကြီးတော့ မစားရဲပါဘူး ကိုကိုရယ်"

"အဲဒါဆို ချစ်တီးထမင်းရဲ့အရသာက ပီပြင်မှာမဟုတ်ဘူး သင်း"

"ရပါတယ် ကိုကိုရယ် ချစ်တီးထမင်းကို ဗမာလိုပဲ အရသာခံပါရစေ"

ထမင်းဟင်းများ ရောက်လာသော အခါတွင်လည်း သင်းက ပန်းကန်ပြားနှင့်သာ ဇွန်းခက်ရင်းဖြင့် ကလေးကလေး... 





အစာကြေရင်ချောင်ပြီး ဝမ်းမီးကောင်းစေသည်။ မနံကျည်းဖျော်ရည်ကို ရေခဲနှင့်ခပ်အေးအေးသာ သောက်ဖူးသော သင်းကတော့ ထိုဖျော်ရည်ကိုမကြိုက်ချေ။

ခြုံ၍ဆိုရသော် ထိုနေ့က အနည်းငယ်အေးခက်စပြုနေပြီဖြစ်သော လင်မယားဆက်ဆံရေးကို နွေးထွေးလာအောင် ပြန်လည်တည်ဆောက်နိုင်ခဲ့ကြတာတော့ အမှန်ပင်ဖြစ်လေသည်။

အပြန်လမ်းတစ်လျှောက် ဂီယာတံပေါ်မှ လွတ်လပ်၏လက်ကို သင်းက တစ်ချိန်လုံးဆုပ်ကိုင်လာခဲ့၏။

"ကိုကို"

"ဆို"

"ဟိုလေ သင်းတို့အိမ်ထောင်သက် ဆယ်နှစ်ပြည့်အတွက် အစီအစဉ် စဉ်းစားပြီးပြီလား ဟင်"

"စဉ်းစားပါတယ် သင်းရယ်၊ ဒါပေမဲ့ စိတ်ဝင်စားဖွယ်ကို တွေးလို့ရသေးဘူး။ ကိုကိုက တကယ့်ကိုထူးထူးခြားခြား ဖြစ်စေချင်တာ"

လွတ်လပ်၏အပြောကို သင်းက အပြုံးနှင့်နားဆင်၏။ ကျေနပ်ပီတိဖြစ်နေမှုက မျက်နှာပေါ်တွင် အထင်းသား။ တကယ်တော့ ထိုကိစ္စကို လွတ်လပ်သူ မေ့နေခဲ့၏။

မလုံမလဲစိတ်နှင့် ပိပိရိရိ လိမ်ပြောလိုက်ခြင်းသာဖြစ်သည်။ ထိုကို သင်း မရိပ်မိ၍သာ တော်တော့သည်။

မည်သို့ပင်ဖြစ်စေ သင်း၏အလိုကို လိုက်၍ ထမင်းစားခဲ့သည်

www.burmeseclassic.com



ထွက်ဖြစ်သည့်အတွက် သူ့အပေါ် သင်း၏ယုံကြည်မှု ခိုင်မာသွားစေတာတော့ အထင်အရှားပင်ဖြစ်၏။ ထို့အတွက် လွတ်လပ်သူ အသက်ရှူချောင်သွားတာလည်း အမှန်ပင်ဖြစ်တော့သည်လေ။

■ ■ ■



## ကဝေနှင့်ပက်ပင်း

သမိုင်းမတင်မီကာလက စာဖူးတောင်းအသ်ကသည်
ယနေ့ခေတ် စာဖူးတောင်းအသိုက်နှင့် အကူတူပင်ဖြစ်၏။
ထိုအတူ ကျားရဲတို့၏ သားရဲတွင်းသည်လည်း
နှစ်တွေ ဘယ်လိုပြောင်းပြောင်း အဟောင်းအတိုင်းသာ
ရှိမြဲ ရှိဆဲ ရှိနေမြဲပင်ဖြစ်လေသည်။

သို့သော် ကျောက်ခေတ် ဂူအောင်းလူသားတို့၏ အသိုက်သည်ကား ဆင့်ကဲဖြစ်ပေါ် တိုးတက်မှုများနှင့်အတူ အကြီးအကျယ် ပြောင်းလဲသွားခဲ့ပြီဖြစ်၏။ ဆင်းရဲချမ်းသာ ကွာဟမှုအရ တဲပိုင်သူနှင့်တိုက်ပိုင်သူဟူ၍သာ ကွာခြားတော့သည်။

(သို့သော်) ထိုသို့သော်က နည်းနည်းနောနော သို့သော်မဟုတ်။ တော်တော်လေးကို ကြီးသော သို့သော်ဖြစ်နေ၏။ မြန်မာပြည်တွင် လူချမ်းသာများရှိနေပြီဟုတော့ ရိုပ်ဖမ်းသံဖမ်းအနေနှင့် လောတိုင်းသိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုလွတ်လပ်သူ မြင်နေရသော ချမ်းသာကြွယ်ဝမှုကတော့ တကယ့်ကို ကြောက်ခမန်းဖြစ်၏။

သူတို့ကားရပ်ထားသော ဂိတ်ဝသည်ပင် နိုင်ငံရပ်ခြား ရုပ်ရှင်ဇာတ်ကားများထဲကသို့ ကြီးကျယ်ခမ်းနား ဆန်းပြားနေလေသည်။ ဂိတ်ဝမှ အစောင့်တဲသည်ပင် နှစ်ထပ်တိုက်တစ်လုံးဖြစ်နေ၏။

တူညီဝတ်စုံဝတ် လူဆယ်ယောက်ခန့်သည်လည်း ဝေါကီတော်ကီများ နံပါတ်တုတ်များကိုင်ကာ ဝင့်ကြွားစွာ ဟိုဒီလျှောက်နေကြသည်။ တကယ်တော့ ထိုလူများသည် လုံခြုံရေး(အစောင့်)များသာဖြစ်၏။

ဝင်ခွင့်ရဖို့ စောင့်နေရင်း လွတ်လပ်သူနှင့်ထွန်းမင်းကျော် အချင်းချင်းကြည့်ကာ ပခုံးတွန့်လိုက်မိကြသည်။ ကြိုတင်ချိန်းဆိုထားပြီးဖြစ်သည့်အပြင် နီမိုးလွင်ကိုလည်း လာနေပြီဖြစ်ကြောင်း လှမ်း၍ ဖုန်းဆက်ထားသေး၏။

ဒါတောင်မှ စောင့်နေရ၍ လွတ်လပ် ဒေါ်ပွလာသည်။ ထို့ကြောင့် နာရီကိုသာ အသေအချာ မှတ်ထားလိုက်၏။

ငါးမိနစ်ခန့်ကြာမှ ခြံဝင်းတံခါးပွင့်လာပြီး ဝင်ခွင့်ရ၏။ ခမ်းနားဆန်းပြားသော အဆောက်အဦကြီး၏ ဆင်ဝင်အောက် ကားရပ်လိုက်သောအခါ နီမိုးလွင်ကိုယ်တိုင် ထွက်စောင့်နေတာ တွေ့လိုက်ကြရသည်။

Story Board နှင့်ခန့်မှန်းကုန်ကျစရိတ် စာရင်းဖိုင်များ ကိုယ်စီကိုင်ပြီး နီမိုးလွင်ခေါ်ရာနောက်သို့ လိုက်ပါလာခဲ့ကြ၏။

ထည်ဝါလွန်းလှသော ဧည့်ခန်းကျယ်ကြီးအရောက်တွင်





...မိုးလွင် က နေရာပေးသဖြင့် ထိုင်လိုက်ကြရပြန်သည်။

"ဘော့(စ်)ကို အကြောင်းကြားထားပြီးပါပြီ ရှင် ဒါပေမဲ့ အထဲ...ဧည့်သည်နဲ့စကားပြောမပြတ်သေးလို့ ခဏလောက်စောင့်ပေးပါရှင်"

"ဟာ ကျွန်တော်တို့ ကြိုတင်ချိန်းထားပြီးသားလေ"

"မှန်ပါတယ်ရှင်၊ စိတ်မရှိပါနဲ့ ခဏလေးပါနော်"

နီမိုးလွင်က ပျာပျာသလဲ တောင်းပန်ပြီး အခန်းတစ်ခုထဲသို့...ဝင်ရောက်၍ ကိုယ်ယောင်ဖျောက်သွားတော့၏။ အံ့သြဖွယ်ကောင်းလွန်း ထည်ဝါမှု...နှင့် ကြောက်ဖွယ်လီလီ နေအင်အားကြောင့် သိမ်ငယ်စိတ်က လွှမ်းမိုး...လာသည်။ ထွန်းမင်းကျော်ဆိုလျှင် မျက်စိမျက်နှာပျက်ပြီး အေးအေး...ဆေးဆေး ထိုင်မနေနိုင်လောက်အောင် မငုံ့မရဲဖြစ်လာလိုက်ရှိ၏။

လွတ်လပ်ကိုယ်တိုင်လည်း ထိုနေအင်အားဖိစီးမှုကို အပြင်း...အထန် ခံစားနေရသည်။ ထိုလွှမ်းမိုးမှုကို ကိုယ်ပိုင်ပညာဟာနှင့် အာခံ...နိုင်ပြင်ဆင်နေမိ၏။

နှစ်ယောက်သား သိမ်ငယ်မှုထဲ နစ်မွန်းပြီး ယောက်ကန်ယက်ကန်...ဖြစ်နေစဉ် နီမိုးလွင်က လင်ဗန်းတစ်ချပ်နှင့်ကော်ဖီဟုထင်ရသော ဖန်ခွက်...များသယ်ယူကာ ပြန်ထွက်လာသည်။

"ကော်ဖီ သုံးဆောင်ကြပါဦးရှင်"

"ဟုတ်ကဲ့ ဒါနဲ့ နီမိုးလွင် ဒီမှာအလုပ်ဝင်တာ ကြာပြီလား"

"ကျောင်းပြီးကတည်းက ဆိုပါစို့၊ နှစ်ဆယ်မှာ စဝင်တာဆို...တော့ ငါးနှစ်ရှိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တဖြည်းဖြည်း ရာထူးတက်လာတာပေါ့နော်"

"မဟုတ်ဘူးရှင့် စဝင်ကတည်းက ပီအေပဲ"

"ဩော် လခကော"

"ကောင်းပါတယ် သုံးသိန်း"

"ဟား မိုက်လှချီလား"

"မိုက်ပေမယ့် ကျွန်မမကြိုက်ဘူး၊ ပြောရရင် ရယ်စရာကောင်းနေမလား မသိဘူး၊ ကျွန်မဖြစ်ချင်တာက သရုပ်ဆောင်ပါ"

"ဟင်း ဟင်း ဟင်း ဒီလိုပါပဲ ဖြစ်ချင်တာ မဖြစ်ရတာကိုက လူ့ဘဝလေ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဒီအလုပ်ကိုတောင် ကျွန်မ မိဘတွေကြောင့် ရခဲ့တာ၊ တစ်ခါတော့ အလုပ်ထွက်ဖို့ကြိုးစားကြည့်ဖူးတယ်၊ မရပါဘူး နောက်ဆုံးတော့ ပြန်လုပ်ရတာပါပဲ၊ အဖေဆုံးသွားတော့ ပိုဆိုးတာပေါ့ ဘယ်မှပြေးလို့မရတော့ဘူး၊ အပြင်မှာ အလုပ်ရှာရင် ဒီလောက်မှ မရနိုင်တာ"

"ဟုတ်တာပေါ့ ဒါပေမဲ့ စိတ်ဓာတ်မကျပါနဲ့ ဒီမှာ အဆင်မပြေရင် ကိုယ့်ဆီလာခဲ့လေ၊ သူ့လောက် လခမပေးနိုင်ပေမယ့် ဝါသနာပါတာ လုပ်ခွင့်ရမယ်"

"ရှင် ကိုလွတ်လပ်သူ တကယ်ပြောတာနော်"

"တကယ်ပါ ကိုယ်ကူညီနိုင်ပါတယ်"

"ကျေး ကျေး"





နီမိုးလွင် ကျွန်မဆည်နိုင်အောင် ဝမ်းသာသွားဟန်နှင့် ကျေးဇူးစကားပြောသည့်အခိုက်မှာပင် ဘောစိ ရုံးခန်းတံခါးပွင့်သွားပြီး လွန်စွာခန့်ညားသပ်ရပ်သော လူကြီးတစ်ယောက် ထွက်လာသဖြင့် စကားဆုံးအောင်ပင် မပြောနိုင်တော့။

ကမန်းကတန်း ထရပ်ပြီး ထိုလူကြီးအား ဦးညွှတ်နှုတ်ဆက်နေရာ၏။ ထို့နောက် ဘောစိအခန်းထဲဝင်သွား၏။ တစ်မိနစ် မပြည့်ခင် ပြန်ထွက်လာသည်။

"ကိုလွတ်လပ်သူတို့ ဝင်တွေ့နိုင်ပါပြီရှင်၊ ဘော့(စ်)စောင့်နေပါတယ်"

လွတ်လပ်သူ နာရီကြည့်ပြီး ထရပ်လိုက်၏၊ ထွန်းမင်းကျော် တုန်တုန်လှုပ်လှုပ် ဖြစ်နေ၍ သူက ခေါင်းမော့ရင်ကော့ပြီး ဦးဆောင်ဝင်သွားလိုက်သည်။ ထွန်းမင်းကျော် တုန်တုန်ချီချီနှင့်လိုက်ပါလာ၏။

ဦးအောင်ခန့်နီ ဆိုသော သူဌေးကြီးနှင့် မျက်နှာချင်းဆိုင်တွေ့ရလိုက်ကြပြီပေါ့။ ဦးအောင်ခန့်နီက ထိုင်ရာမှ ထရပ်ပြီး ကြိုဆိုရန် ခလေးဟန်နှင့် အဆင်သင့်ရပ်ပြီး ပြတင်းမှတစ်ဆင့် ရှုခင်းကြည့်ချင်ယောင်ဆောင်နေ၏။ ဝင်လာခဲ့ကြပြီး တံခါးပိတ်သံကြားရသည့်တိုင်အောင် လှည့်မကြည့်သေးဘဲ အိုက်တင်ခံနေသဖြင့် လွတ်လပ်သူ ရယ်ချင်သွားသည်။ ထို့ကြောင့် လွတ်လပ် မဖြစ်မနေ ချောင်းဟန့်လိုက်ရ၏။

ထိုအခါမှ သူဌေးကြီး လှည့်ကြည့်ပြီး

"ဩော်"

"ကြော်ငြာကိစ္စနဲ့ ချိန်းထားတဲ့ ဓာတ်ပုံလွတ်လပ်သူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ဟုတ်ပြီ နာမည်ကြီးတစ်ယောက်ပဲကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်၊ လူကိုယ်တိုင် ဆုံချင်လို့ ဒီကိုချိန်းလိုက်တာပါ"

"ဟုတ်ကဲ့ သူက ကျွန်တော့်မန်နေဂျာ ထွန်းမင်းကျော်ပါ"

"ထက်မြက်တဲ့လူငယ်တွေပဲကိုး ကဲ ထိုင်ကြပါ"

တမင်တကာလုပ်ထားသည့် ရင်းနှီးဖော်ရွေသောအသံနှင့် ဖ လှဲတကင်းကြိုဆိုသဖြင့် အစာကြေသွား၏။

"ဒါက ကျွန်တော့် Plan ချထားတဲ့ ရိုက်ကူးရေး Sto Board တွေပါ"

လွတ်လပ် ကမ်းပေးသော ဖိုင်ကိုယူ၍ ဦးအောင်ခန့်နီက စေ့ စပ်စပ် လှေ့လာသည်။ အသေးစိတ်ကြည့်ရှုသည်။ သဘောကျဟန်န ပြုံးသည်။

"အိုင်ဒီယာတွေ တော်တော်ကောင်းပါတယ်၊ ဒီလို စနစ်တ တင်ပြမှုမျိုး အရင်က မတွေ့ခဲ့ဖူးပါဘူး"

"ဟုတ်ကဲ့ ဒါ ကျွန်တော့်ရဲ့ပုံစံပါပဲ"

"သောက်ရေသန့်ဘူးကို ဘောလုံးသမားတွေနဲ့ကြော်ငြာမ ဆိုတာ အသစ်ပဲ"

"ဟုတ်ကဲ့ မကြာခင်မှာ အန်ကယ်က MNL ပြိုင်ပွဲဝင် ဒေဝတာ FC ဆိုပြီး ဘောလုံးအသင်း တည်ထောင်ဖို့ အစီအစဉ်ရှိ တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို အသင်းကိုလည်း မိတ်ဆ ပေးပြီးသားဖြစ်သလို မောပန်းနွမ်းနယ်ပြီး တစ်ဂိုးရှုံးနေတဲ့အချိန်





ဒေဝတာ သောက်ရေသန့် သောက်ပြီး ပြန်ကစားတော့မှ အနိုင်ရသွား တယ်ဆိုတဲ့ မက်ဆေ့ကိုပုံဖော်ထားတာပါ"

"သိပ်ကောင်းတယ်ဗျာ ကြော်ငြာသုံးမျိုးလုံးရဲ့အချက်အလက် တွေ အကုန်သဘောကျတယ်၊ ဒါကြောင့် နောက်ထပ်ကြော်ငြာတွေကို လည်း ဒါရိုက်တာကြီးပဲ တာဝန်ယူပေးပါ"

"ဟုတ်ကဲ့ ရပါတယ် အန်ကယ်"

"ပြီးတော့လည်း နောက်ကြော်ငြာတွေမှာ

ဦးအောင်ခန့်နီ စကားမစမီ လွတ်လပ်က ယက်ကာပြပြီး ဟန့် တားလိုက်သဖြင့် ထိုသူဌေးကြီး ရှုံးတို့ရှုံ့တန့်ဖြစ်သွားလေ၏။

"အားတော့ နာပါတယ် အန်ကယ်၊ မနီမိုးလွင်ကို ကျွန်တော် ကြိုပြောထားပြီးသားပါ၊ ဒီနေ့အတွက် တစ်နာရီအချိန်ရမယ်လို့ အန်ကယ့်ကို တွေ့ဖို့ နာရီဝက်လောက်စောင့်လိုက်ရတာကိုး၊ အခုအချိန် စေ့သွားပါပြီ၊ ချိန်းထားတာတွေ ရှိသေးလို့ ခွင့်ပြုပါဦးခင်ဗျာ"

လွတ်လပ်သူ၏စကားအဆုံးတွင် ဦးအောင်ခန့်နီ မျက်နှာကြီး မည်းသွား၏။ မည်မျှချမ်းသာသည်ဖြစ်စေ တစ်ဖက်သားကို လေးစားရန် နှင့် အချိန်တိကျမှုကို အလေးထားလာစေရန် လက်တုန့်ပြန် ပညာပေး မှုက ထိရောက်သွားပုံရ၏။

လုံးဝဂရုမစိုက်တော့ဘဲ လွတ်လပ်သူ လှည့်ထွက်လာခဲ့၏။ ထွန်းမင်းကျော်မှာ မျက်စိမျက်နှာပျက်စွာနှင့် နောက်မှပြေးလိုက်လာသည်။

အပြင်တွင် စောင့်နေသော နီမိုးလွင်က



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးအဆင်ပြေတယ် မဟုတ်လား ကိုလွှတ်လပ်သူ"

"ထင်ရတာပဲ နှီမိုးလွင်၊ ဒါပေမဲ့ မင်းရဲ့ဘော့(စ်)ကို သွေးကျဆေး လေးတစ်လုံးလောက် တိုက်ထားရင်တော့ ကောင်းလိမ့်မယ်၊ သူ ဒေါပွနေမှာ အသေအချာပဲ"

နှီမိုးလွင်ကိုပါ ရိတ်တိတ်ပြော၍ လွှတ်လပ်သူတို့ ပြန်လာခဲ့ကြ၏။ ဦးအောင်ခန့်နီ၏နေအရိပ်မည်းအောက်မှ လွှတ်မြောက်လာမှ နှစ်ယောက်လုံး စိတ်သက်သာရာရသွားကြသည်။ ထွန်းမင်းကျော်က

"အာစရိကလည်း တင်းလိုက်တာဗျာ၊ ဘိုးတော်ကြီးမျက်နှာကို ပျက်သွားတာပဲ"

"တို့တွေ အလုပ်လုပ်နေတာလေကွာ သာရေး နာရေးနဲ့ အလ္လာပ သလ္လာပ ပြောဖို့လာကြတာမှ မဟုတ်ဘဲ"

"ဒါတော့ ဒါပေါ့ အာစရိရာ၊ ဒါပေမဲ့ သူက ဂေါ်ဇီလာကြီးနော် အကောင်ကြီးသလား မမေးနဲ့"

"အကောင်ကြီးလည်း လူပါပဲကွာ၊ လွန်ရော ကျွံရော တစ်နေ့ ထမင်းသုံးနပ်ပေါ့"

"ဟုတ်ပါတယ် ဒါပေမဲ့ ဘိုးတော် တင်းသွားပုံရတယ်နော်၊ တော်ကြာ အလုပ်အတွက် အနှောင့်အယှက်ဖြစ်နေဦးမယ်"

"ကြံကြောက်လည်းအောက် မအိပ်နဲ့တဲ့၊ ကြံဖန်ပြီးကြောက်နေရင် ဘာမှလုပ်လို့ရမှာမဟုတ်တော့ဘူး။ သူ့အလုပ်မလုပ်ရတော့လည်း ထမင်းမငတ်ပါဘူးကွာ"

"ဟာ အာစရိကိုတော့ လက်ဖျားတင်မကဘူး၊ လက်တစ်





ချောင်းလုံးခါတယ် အာစရိ"

"ဟား ဟား ဟား ဟား ဟား"

■ ■ ■

ထိုကိစ္စ၏နောက်ဆက်တွဲ အကျိုးဆက်က လွှတ်လပ်သူ၏ဘဝ အပေါ် ကြီးစွာသော သက်ရောက်မှုတို့ရှိလာလိမ့်မည်ဟု သူ မတွေးမိခဲ့။ ထိုသို့ဖြစ်လာမည်မှန်းသာ သိခဲ့လျှင် ဦးအောင်ခန့်နီအပေါ် သူ ဒီလိုဆက်ဆံဖြစ်လိမ့်မည် မထင်ချေ။

ဦးအောင်ခန့်နီနှင့်ဆုံတွေ့ခဲ့ပြီးနောက် လွှတ်လပ်သူမှာ လုပ်နေကျ အလုပ်များကို ပုံမှန်အတိုင်း ဆောင်ရွက်ခြင်းဖြင့် အချိန်တို့ကုန်ဆုံးစေခဲ့၏။ ဤသို့နှင့်တစ်ရက်တွင်မတော့ နှီမိုးလွင် ဖုန်းဆက်ချိန်းဆိုသဖြင့် အလုပ်သိမ်းအပြီးတွင် စားသောက်ဆိုင်တစ်ဆိုင်တွင် တွေ့ဆုံဖြစ်ခဲ့၏။

"ဖက်ရှင်ကြော်ငြာအတွက် စိုင်းစိုင်းနဲ့ ဝဝမှုံရွှေရည်ကို ပြောထားပြီးပြီ၊ ဒါပေမဲ့ သူတို့က ရိုက်ရက်ကို ကွန်ဖမ်းမပြောနိုင်သေးဘူး။ ဒီကြားထဲ သီချင်းပဲ အပ်ထားလိုက်တယ် နှီမိုးလွင်"

လွှတ်လပ်သူက အလုပ်ကိစ္စ ခရီးရောက်နေမှုများကို အားတက်သရော ပြောပြနေသော်လည်း နှီမိုးလွင်က စိတ်ဝင်စားဟန်မပြ။ စိတ်မသက်သာမှုများနှင့် မျက်နှာညှိုးနေရှာသည်။

"နှီမိုးလွင် နေမကောင်းဘူးလား"

"အဟင်း ကောင်းပါတယ် ကိုလွှတ်လပ်သူ၊ ကြော်ငြာရိုက်ကူးရေးက ပျက်မသွားပေမယ့် အနေအထား နည်းနည်းပြောင်းသွားဟယ်"



www.burmeseclassic.com

www.burmeseclassic.com



နီမိုးလွင်စကားကြောင့် လွတ်လပ် နည်းနည်းတော့အံ့သြသွား၏။ ဘာတွေများ ဘယ်လိုပြောင်းလဲသွားတာလဲဆိုတာ တအားသိချင်သွား၏။

"ဘိုးတော်က ဘာပြောလိုက်လို့လဲ"

"ကိုလွတ်လပ်သူ ဟာ ရည်လိုက်တာ အစ်ကိုလို့ပဲခေါ်မယ်နော်"

"ရတယ် နီမိုးလွင်"

"ဟိုနေ့က တစ်နာရီပြည့်ပြီဆိုပြီး ဘိုးတော်ကို အစ်ကိုလုပ်သွားတာ သူတော်တော်အီဆိမ့်သွားပုံပဲ၊ ဘဝတစ်လျှောက်လုံး သူ့ကို အဲသလို ဆက်ဆံတာ အစ်ကိုတစ်ယောက်ပဲရှိသေးတယ်တဲ့"

"ဟေ ဟုတ်လား၊ အဲဒီလောက်ထိ ကြီးကျယ်သွားတာလား"

"အသေအချာပဲပေါ့ အစ်ကိုရယ်၊ အားလုံးက မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး တရိုတသေနဲ့ သူပြောဆိုမှ ပြောရဲပြီး သူပြန်ဆိုမှ ပြန်ရဲတဲ့လူတွေချည်းပဲလေ"

"ကိုယ်က သူ့ဝန်ထမ်းမှ မဟုတ်တာ"

"အဟင်း အကျိုးတူလုပ်ငန်းရှင်တွေလည်း အတူတူပါပဲ၊ တရို တသေပဲ နေရဲကြတာ၊ အစ်ကိုလုပ်သွားတဲ့ပုံစံက သူကသာ သူများအပေါ် ဆက်ဆံတဲ့အနေအထားမျိုးလေ"

"အဲဒီတော့ ကိုယ့်ကိုတင်းပြီး အလုပ်မအပ်တော့ဘူးပေါ့ ဒါပဲ မဟုတ်လား"

"အဲလို မဟုတ်ဘူး အစ်ကို၊ အစ်ကို့ပုံစံက သူနဲ့ချွတ်စွပ်တူ





နေတဲ့အတွက် အရမ်းကို သဘောကျသွားတာ၊ သူ့လိုပဲ တောက်မယ့် မီးခဲ တရဲရဲပဲတဲ့"

"ဟင်း ဟင်း ဟုတ်လား ဒါဆို ကောင်းဘာပေါ့"

"မကောင်းဘူး အစ်ကို အဲဒါ လုံးဝမကောင်းဘူး"

အထိတ်တလန့်ပုံစံနှင့် အမောတကော ပြောလိုက်သည့် နီမိုးလွင်ကြောင့် လွတ်လပ်သူ တအံ့တသြဖြစ်သွား၏

"ဘာဖြစ်လို့လဲ နီမိုးလွင်"

"ဘာလို့လဲဆိုတော့ သူက အစ်ကို့ကို မွေးစားခန့်ချင်နေတာလေ၊ သူဖွင့်ထားတဲ့စတူဒီယိုမှာ ရိုက်ကူးရေးမန်နေဂျာအဖြစ် တာဝန်ယူ ပေးပါတဲ့၊ အခြေခံလစာက ဆယ်သိန်း"

"အလို့ တယ်ဟုတ်ပါလား"

"အဲဒီအလုပ်ကို လက်ခံမှ ကြော်ငြာတွေရပြီး ရိုက်ပါတဲ့"

"လက်မခံဘူးဆိုရင်ကော"

"အရင်ဆုံး စရံ ဆယ့်ငါးသိန်းပြန်လျှော်မယ် ပြီးတော့"

"ပြီးတော့ ဘာဖြစ်ဦးမှာလဲ နီမိုးလွင်"

"အစ်ကို့အလုပ် အစ်ကို အေးအေးဆေးဆေး လုပ်စားခွင့်ရမှာ မဟုတ်တော့ဘူး အဲဒါတော့ ယုံ"

"ဟား မင်းမဲ့တိုင်းပြည်မှ မဟုတ်တာကွာ"

"ဒါပေမဲ့ အဲဒါ ဖြစ်ရိုးဖြစ်စဉ်ပဲ အစ်ကို၊ အခက်အခဲမျိုးစုံတွေ စိန်ခေါ်မှုတွေ ဖိအားတွေ တစ်ပုံတစ်ခေါင်းကြီး ရင်ဆိုင်ရလိမ့်မယ် အစ်ကို့



www.burmeseclassic.com

www.burmeseclassic.com



ကို လူတွေရှောင်သွားကြလိမ့်မယ်၊ နောက်ဆုံးအလုပ်အပ်တဲ့သူတောင်ရှိမှာ မဟုတ်တော့ဘူး အစ်ကို''

ကြောက်စရာလန့်စရာ ပုံရိပ်များကို ပရိုဂျက်တာနှင့်ထိုးပြသလို မျိုး နီမိုးလွင်က မြင်သာလာအောင် ပြောနေသည်။

''ကိုယ်ဟာ လွတ်လွတ်လပ်လပ်နေတတ်တဲ့သူတစ်ယောက်ပါ၊ နာမည်ကိုက လွတ်လပ်သူတဲ့ အချုပ်အနှောင်မခံချင်လို့ ကိုယ်ပိုင်အလုပ်နဲ့ ရပ်တည်နေတာ၊ သူများလက်အောက်မှာ အခစားမလုပ်ဘူး။ ကိုယ့်ကိုမှီခို နေတဲ့ဝန်ထမ်း ဆယ့်ငါးယောက်ရှိတယ်၊ ဒါကြောင့် ဦးအောင်ခန့်နီ ကမ်း လှမ်းတဲ့အလုပ်ကို လက်မခံနိုင်ပါဘူး''

ဒေါသထွက်လာသော လွတ်လပ်သူက နီမိုးလွင်အား အ ကြောင်းစုံကို ခပ်ဆတ်ဆတ်ပြောပြလိုက်၏။ နီမိုးလွင်က ချွေးချွေးမြေ့ မြေ့လေးပြုံးရင်း

''လွန်ခဲ့တဲ့ နှစ်နှစ်က ကျွန်မ သူ့ဆီက ထွက်ပြေးဖူးပါတယ်၊ မန္တလေးထိ တက်ပုန်းနေခဲ့တာ၊ အခြေအနေ အေးဆေးပြီလို့ ထင်ရ လောက်မှ အလုပ်ရှာပြီး ဇာတ်မြုပ်နေခဲ့တယ်လေ''

''ပြောပါဦး နီမိုးလွင်''

''ရွှေဆိုင်မှာ အရောင်းစာရေးအဖြစ် တစ်လပဲအလုပ်လုပ်လိုက် ရတယ်၊ ကျွန်မတာဝန်ယူရတဲ့ကောင်တာက လက်ကောက်တစ်ကွင်း ပျောက်သွားတယ်လေ''

''ပြီးတော့ကော''





''အလုပ်ထုတ်ခံရပြီး ရန်ကုန်ပြန်ရောက်လာတော့တာပဲပေါ့''

''အဲဒီနောက် အဖေလည်း လူကြီးရောဂါနဲ့ဆုံးသွားတယ်လေ၊ ဘဝရပ်တည်ရေးအတွက် အမေက နားချသလို ဘော့(စ်)ကလည်း အလုပ် ပြန်ဝင်ပါလို့ အကြောင်းကြားခဲ့တယ်''

''ဒီတော့''

''ကျွန်မ သူ့အနားကို ပြန်ရောက်သွားရတော့တာပဲပေါ့''

နီမိုးလွင် ရှင်းပြမှုက ပြီးပြည့်စုံနေ၏။ အစွန်းရဲကို ကြက်ဥနှင့် မပေါက်ရန် နားချ၏။ ဦးအောင်ခန့်နီက သူလိုချင်တာမှန်သမျှ ဥပဒေ ဘောင်အတွင်းမှ ရအောင်ယူတတ်ကြောင်း ရှင်းပြသည်။

''ကိုယ့်ကိုတော့ သူလုပ်လို့ရမယ် မထင်ပါဘူး၊ သူ့လက်အောက် မှာ အလုပ်လုပ်ဖို့ဆိုတာကတော့ လုံးဝမဖြစ်နိုင်ပါဘူး၊ လစာ ဆယ်သိန်း ဆိုတာ ကိုယ်ရှာရင် တစ်ပတ်လောက်ပဲကြာတယ် နီမိုးလွင်''

''အဲဒါဆိုရင်တော့ ထိပ်တိုက်တွေ့ကန်ကြတော့မှာပဲ အစ်ကို''

''အစ်ကို မကြောက်ပါဘူး မနက်ဖြန်ကျရင် ဗီတူဒီယိုမှာ စရံ ဆယ်သိန်းပြန်လာယူပေးပါလား နီမိုးလွင်''

''အို ဆယ့်ငါးသိန်းလေ''

''ကိုယ် သူ့အတွက် အချိန်တွေပေးခဲ့ရတယ်လေ၊ Story Board သုံးမျိုးရေးပေးထားတာ လေးရက်အချိန်ကုန်တယ်၊ အားလုံး ခြောက်သိန်းကျတယ်၊ တစ်သိန်းလျှော့ယူထားတာ'

''ဒုက္ခပါပဲ ရှင်''



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာမရှိပါဘူး ကိုယ် သူ့ဆီဖုန်းဆက်ပြောလိုက်ပါ့မယ်"

"ဖုန်းတိုင်းကို သူမကိုင်ဘူး အစ်ကိုရဲ့"

"ဒါဆို Story Board ရယ်၊ ငွေဆယ်သိန်းရယ် အကျိုးအကြောင်း စာတစ်စောင်ရယ် ရေးပေးလိုက်မယ်လေ"

"သဘောပဲ အစ်ကိုရယ်၊ ကျွန်မတော့ အစ်ကိုတို့နှစ်ယောက်ကြားမှာ ရှုးတော့မှာပဲ"

"ဘာမှပူမနေပါနဲ့ကွာ၊ ကိုယ့်ကိစ္စကိုယ်ရှင်းလိုက်ပါ့မယ်"

"ဟူး ကျိုင်ပဲ အစ်ကိုရာ တကယ်ကို တိုင်ပတ်တာပဲ"

"ဘာမှတွေးပူမနေနဲ့ အမွှေးဖြူသွားလိမ့်မယ်၊ ကဲ သွားကြစို့"

လွှတ်လပ်သူက ဘာမှအလေးမထားဟန်နှင့် ပြန်ရန်ပြင်တော့ နီမိုးလွင် စိတ်ပျက်လက်ပျက်နှင့် စာရွက်ဆွဲပြီး လိုက်ပါလာ၏။

"ကိုယ် ပြန်ပို့ပေးမယ် ဘယ်မှာနေတာလဲ"

"ကျွန်မက ဒီနားမှာပဲနေတာပါ၊ လမ်းလျှောက်သွားရုံပါပဲ"

လမ်းခွဲကာနီးတွင် ရင်ထဲမရှင်းမလင်းဖြစ်နေသော မေးခွန်းတစ်ခုအား မေးပစ်လိုက်ဖို့ ဆုံးဖြတ်ပြီး

"စိတ်တော့ မရှိနဲ့နော် နီမိုးလွင် အခုအချိန်မှာ ကိုယ့်အနေနဲ့ ဦးအောင်ခန့်နီအကြောင်း တော်တော်များများ သိထားဖို့ လိုနေပြီ၊ တစ်ခုလောက်မေးပါရစေ"

"မေးပါ အစ်ကို"

"နီမိုးလွင်နဲ့ ဘိုးတော်ရဲ့ဆက်ဆံရေးက ရိုးရိုးသားသားပဲလား"

နီမိုးလွင်က လွှတ်လပ်သူအား မျက်လုံးရွှဲကြီးများနှင့်မော့ကြည့်





သည်။ နာကျည်းသလိုနှင့် နှုတ်ခမ်းတွန့်ရုံ ပြုး၏။

"အားလုံးက ကျွန်မကို အဲသလိုပဲ မြင်နေကြတယ်၊ ဒါပေမဲ့ ဘော့(စ်)နဲ့ ဆက်ဆံရေးက သိပ်ကိုသန့်ရှင်းလွန်းပါတယ်၊ ကျွန်မဆီက ဘာမှမတောင်းဆိုခဲ့ဖူးဘူး၊ ဒါလည်း အစ်ကိုယုံချင်မှယုံပါ၊ ကျွန်မအထင်တော့ ကျွန်မမိဘတွေနဲ့ ဘော့(စ်)က ကျေးဇူးခံကျေးဇူးစားတွေဖြစ်နေသလားလို့၊ ဒါကြောင့် ကျွန်မကို အလွတ်မပေးဘဲ အနားခေါ်ပြီး စောင့်ရှောက်ထားတာထင်တယ်၊ အဲဒီလို မျက်စိအောက်က အပျောက်မခံလို့ကို ကျွန်မ စိတ်ဆင်းရဲနေတာ"

ရှည်ရှည်ဝေးဝေး ရှင်းပြပြီးနောက် အမှန်တကယ် စိတ်ခတ်ကျသွားသလို နီမိုးလွင် ကားကိုမှီကာ အားပြုထားလိုက်၏။ လွှတ်လပ်မှာမေးမိသောမေးခွန်းအတွက် အားတုံ့အားနာ ဖြစ်သွားရသည်။

"ဆောရီးပဲ နီမိုးလွင် တကယ်လို့များ ဘိုးဖတ်က ကိုယ့်ကို အနှောင့်အယှက်မပေးဘူးဆိုရင် ကိုယ့်ဆီမှာ အလုပ်လာလုပ်ဖို့ ဖိတ်ခေါ်ပါရစေ"

"ကျေးဇူးတင်ပါတယ်ရှင် ကဲ ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ထိုညက လွှတ်လပ်၏အိမ်ပြန်ခရီးသည်လည်း စိတ်လေးလံမှုများနှင့်ထိုင်းမှိုင်းနေခဲ့သည်။ ဦးအောင်ခန့်နီဆိုသူမှာ မှန်တိုင်း၏ဇာတိဖြစ်သော လေဖိအားနည်းရပ်ဝန်းများဖြစ်နေပြီလားမသိ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အပြုံးတု

အိမ်ထောင်ရေးဆိုသည်မှာ ထီထိုးပြီး
ကံစမ်းရသည်နှင့်တူ၏ဟု အချို့က ဆိုကြသည်။
တချို့ကတော့ ဟယ်ရီပေါ်တာဇာတ်ကားကြည့်ရသလို
သည်းထိတ်ရင်ဖို ရသကို ပေးစွမ်းနိုင်သည်ဟု ဆို၏။
အများစုကတော့ ဇာတ်ပွဲ မိုးအလင်းကြည့်ရသလို
အော်ပရာမှာပျော်စရာကြုံ၍ နှစ်ပါးစွင်တွင် ဟာဒယရွှင်
ခဲ့ရပြီး နောက်ပိုင်းဇာတ်မှာ မျက်ရည်တောက်တောက်
ကျခဲ့ရပါသည်တဲ့။

ဉာုံးသုမင်္ဂလာအား မေးမြန်းလျှောက်ထားကြည့်ခဲ့လျှင်တော့ ဒယ်အိုးရောက်ကြောင်း လမ်းကြောင်းကောင်းဟုသာ မိန့်ကြားမည်ထင်ပါ ဒါကလည်း အမှန်ပင်ဖြစ်၏။ ပညာမဲ့သော လူအများတို့သည် လူ့ဘဝ





တွင် ကာမဂုဏ်ချမ်းသာကိုသာ အားပါးတရ ခံစား၍အပါယ်ဘုံသို့လား ကြ၏တဲ့။

လူဖြစ်ရခြင်း၏အဓိက ရည်ရွယ်ချက်ကိုသိသော ပညာရှိတချို့ လောက်သည်သာ လူ့ဘဝအား ကုသိုလ်ရဖို့အတွက် အသုံးချပြီး နိဗ္ဗာန်သို့ သွားကြသည်တဲ့။

လွတ်လပ်သူလို မိမိပညာအစွမ်းနှင့် ကိုယ့်ဝမ်းကိုယ်ဖောက် လျှမ်းလျှမ်းတောက်နေသည့်လူတစ်ယောက်အဖို့တော့ ကာမဂုဏ်အာရုံ ခံစားဖို့လည်း စိတ်သန်၊ လောဘ မောဟ ဒေါသများပါလည်း အားသန် နေသည့်အချိန်သို့ ဆိုက်နေသည်မို့ ထိုက်သင့်သလောက် မာန်တက်နေ ဘာလည်း သဘာဝကျလှလေသည်။

တစ်ခါ ဦးအောင်ခန့်နီ ကျပြန်တော့လည်း ငါးဆယ်သာသာ အရွယ်လောက်တွင်ပင် မြန်မာပြည်၏ဘီ(လ်)ဂိတ်ပဲ ပြောရလောက် အောင် ကြွယ်ဝသူဖြစ်နေပြန်ရော။ ငါနှင့်ငါသာ နိုင်းစရာဟု နားထင်သွေး ရောက် ငွေဂုဏ်မောက်နေတာကလည်း မမှတာပင်မဟုတ်ပါလား။

ဂုဏ်သိက္ခာကြီးပိုင်းအလယ်တွင် ထိုသူနှစ်ဦး ဆုံကြမည်ဆိုလျှင် တော့ ပွဲကြီးပွဲကောင်းဟုသာ ပြောရတော့မည်ဖြစ်လေသည်။

ဦးအောင်ခန့်နီ၏ကမ်းလှမ်းချက်အား ပြတ်ပြတ်သားသား ငြင်း ဆိုပြီးသည့်နောက် နှစ်ရက်အကြာတွင် ထူးခြားမှုတစ်ခု စတင်ကြုံတွေ့ရ ၏။ သူ၏ကွန်ပျူတာများအား ဗိုင်းရပ်(စ်)ဝင်ရောက် တိုက်ခိုက်ခြင်းခံ လိုက်ရသည်။ Overwrite Virus အမျိုးအစားမှ Way အမည်ရှိ Virus



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ခြင်းဖြစ်သဖြင့် အတော်အထိနာသွား၏။ ဖိုင်များ အကုန်ဖြုတ်ချပြီး ရှင်းလင်းပစ်ရသည့်အထိ ဖြစ်ခဲ့သည်။ ထိုသို့ Virus သတ်ပြီး Window အသစ်ပြန်တင်ကာ Antivirous ဝယ်ယူတပ်ဆင်၍ ကာကွယ်ထားလိုက်ရ၏။

သို့ဖြစ်၍ ဓာတ်ပုံပညာနှင့်ပတ်သက်သော အဖိုးတန်အချက်အလက်များအားလုံး ဆုံးရှုံးခဲ့၏။ ရိုက်ကူးထားသော ဓာတ်ပုံများကတော့ မန်မိုရီစတစ်နှင့် သိမ်းဆည်းထားခဲ့သဖြင့် ဆုံးရှုံးမှုမရှိသလို တည်းဖြတ်လက်စ ကြော်ငြာများမှာလည်း ရိုက်ကူးခွေတွင်ရှိနေ၍သာ ဒုက္ခမရောက်ခြင်းဖြစ်၏။

ဘယ်သူမပြု မိမိမှုဟု ဆိုသော်လည်း ဒီကိစ္စမှာ ဦးအောင်ခန့်နိုင်၏ပယောဂများလားဟု သံသယဖြစ်မိသည်။ သို့ဖြစ်၍ ထွန်းမင်းကျော်နှင့်တပည့်များအား သတိဝီရိယ ပိုမိုထားရှိကြရန် သတိပေးထားလိုက်သည်။

ထို့ပြင် နီမိုးလွင်လည်း ရောက်မလာသလို အဆက်အသွယ်တစ်စုံတစ်ရာလည်းမလုပ်သဖြင့် စိတ်ထဲမတင်မကျ ဖြစ်နေ၏။ စရံငွေလည်းလာမယူသလို ကြော်ငြာဆက်ရိုက်ဖို့လည်း မီးစိမ်းမပြသဖြင့် ခွကျနေတော့သည်။

အလုပ်ကိစ္စနှင့်ပတ်သက်ပြီး စိတ်မကြည်သည့်အတွက် ဒွေးမယ်နော်ကိုပင် မေ့နေခဲ့၏။ တစ်ညနေမှာတော့ သူ့ထံသို့ ဒွေးမယ်နော်တစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့၏။ 'နော်'က လူရောက်





ရှိလာခြင်းနှင့်အတူ စိတ်လှုပ်ရှားဖွယ်သတင်းတစ်ခုကိုလည်း ယူဆောင်လာခဲ့သေးသည်။

"ကိုလေး ဒီရက်ထဲ ဖုန်းဆက်ဖော်တောင် မရဘူးနော်"

"အလုပ်များတာလည်း တစ်ကြောင်း၊ စိတ်ရှုပ်နေတာကလည်း တစ်ကြောင်းကြောင့်ပါ နော်"

"ကိုလေးမှာ ဘာအခက်အခဲတွေ များနေလို့လဲ၊ နော် ကူညီလို့ရရင် ကူညီပါရစေ"

"အဟင်း နော် ကူညီနိုင်မယ် မထင်ပါဘူးကွာ"

"ပြောကြည့်ပါဦး ကိုလေးရဲ့"

နော်က မပြောမချင်း တိုက်တိုက်တွန်းတွန်း မေးနေသဖြင့် လွတ်လပ်မှာ ပြီးပြီးရော သဘောနှင့်ပြောပြမိ၏။

"ဒီလို နော်ရဲ့၊ ကိုယ့်ကို ဒေဝတာ အုပ်စုက ကြော်ငြာအပ်တယ်လေ"

"ရှင်"

နော်ထံမှ တအံ့တသြ အသံပြုတ်ကျလာသဖြင့် လွတ်လပ်သည့်ကြည့်ရင်း

"ဘာဖြစ်လို့လဲ နော်"

"ဩော် ဘာ ဘာမှမဖြစ်ပါဘူး ပြောပါဦး ကိုလေး"

"ဒေဝတာရဲ့ဘော့(စ်)က ကိုယ့်အရည်ချင်းကိုသဘောကျပြီး သူ့ကုမ္ပဏီမှာအလုပ်လုပ်ဖို့ စည်းရုံးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး လက်ခံလိုက်လား"

"ဟင့်အင်း ငြင်းလိုက်တယ်"

လွှတ်လပ် စကားကြောင့် နော့်မျက်နှာပေါ် အမျိုးအမည်မသိ အရိပ်အယောင်တို့ ယှက်နွယ်ဖြတ်သန်းသွား၏။

"ဒါဆိုရင်တော့ နော်လည်းမသိတော့ဘူး။ နော် ကူညီနိုင်တဲ့ ကိစ္စမဟုတ်ဘူးထင်တယ်"

"ကိုယ်ပြောသားပဲ နော် ကူညီနိုင်မှာမဟုတ်ပါဘူးလို့၊ ကဲ ဒါနဲ့ ကိစ္စအထူးရှိလား နော်"

ထိုအခါမှ နော်၏မျက်နှာ ကြည်သာရွှင်ပျ ပန်းနုယ်လှသွား၏။ တက်ကြွလန်းဆန်းမှုများ ပြန်လည်ဖြစ်ထွန်းလာ၏။ ဒါကမှ ဒွေးမယ်နော် အစစ်ဖြစ်သည်လေ။

"လာမယ့်အပတ် မန္တလေးမှာ ရှိုးပွဲတစ်ခုရှိတယ်၊ နော်တို့ သင်တန်းသားတွေအားလုံး Cat Walk လျှောက်ရမှာလေ၊ အဲဒါ မမကြီး က မှာလိုက်တယ်၊ အဲဒီပွဲကို မှတ်တမ်းတင်ရမယ့်လူက လွှတ်လပ်သူပဲ တဲ့၊ ကိုလေး အားတယ်မဟုတ်လား"

ဝမ်းသာအားရ ပြောလာသော နော့်ကို စချင်လာသဖြင့်

"ဟာ အဲဒီရက်ဆို မအားဘူး နော်ရဲ့ ပြဿနာပဲ"

"ဟင် မအားဘူး အို မရဘူး မရဘူး နော်ရဲ့ပထမဆုံးပွဲမှာ ကိုလေးမပါလို့ ဖြစ်မလား၊ ဘာအလုပ်ပဲရှိရှိ ဖျက်ပြီးလိုက်ခဲ့ရမှာပဲ"

ဤတွင် ထွန်းမင်းကျော်က လွှတ်လပ်သူအမှတ်များ နေသည်





အထင်နှင့် ဝင်ရှင်းလေ၏။ မှတ်တမ်းစာအုပ်ကို လှန်လှောပြန်စစ်ရင်း

"အာစရိ အဲဒီနေ့ ချိန်းထားတာက ကလေးတွေချည်းပဲလေ၊ အမည်ကြီးလည်း တစ်ယောက်မှမပါပါဘူး၊ ကျွန်တော် ရိုက်ပေးလို့ ရပါတယ်"

"ဟောကြည့် တွေ့လား ကိုလေးက သိပ်စိတ်ပုတ်တာပဲ၊ အားရဲ့သားနဲ့ဟာကို"

"ဟဲ ဟဲ ဟဲ ကိုလေးက နောက်တာပါကွာ ဟင်း ဟင်း"

"ဖေကြီး"

ထိုအခိုက် အကြင်နာ၏အော်ခေါ်သံနှင့်အတူ ခြေသံများကြား လိုက်ရ၍ တအံ့တသြ လှမ်းကြည့်မိရာ သင်းနှင့်သားသမီးများကို တွေ့၏။ သမီးကို ပွေ့ချီထားလိုက်ရသည်။

ဒွေးမယ်နော် ရောက်နေခိုက် တိုက်ဆိုင်စွာပေါက်ချလာကြသည် မို့ လွှတ်လပ်စိတ်ထဲ မသိုးမသန့်ဖြစ်သွားခဲ့သည်။

"ဟော သင်းတို့သားအမိတွေ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ပါလား"

"ဟုတ်တယ် ကိုကို၊ သားနဲ့သမီးက ဖေကြီးဆီလိုက်သွားပြီး အပြင်မှာထမင်းစားချင်ကြသတဲ့လေ၊ အဲဒါနဲ့ ခေါ်လာရတာ"

သင်းက လွှတ်လပ်၏အမေးကို အေးဆေးစွာ ဖြေလိုက်သော်လည်း သူ့အကြည့်များက ဒွေးမယ်နော်ထံ ဝေ့ဝဲနေတာ သတိပြုမိ၏။ မိတ်ဆက်မပေးလျှင် ပိုပြီးမသက်သာစရာတွေဖြစ်ကုန်မည်စိုး၍ မထူးဆန်းသောလေသံမျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



"သင်း ဒါ ဖေဖေပြောပြောနေတဲ့ ဒေဝီလေ၊ အခုတော့ ဒေ မယ်နော်ပေါ့၊ ဒေဝီ ဒါ ကိုယ့်ရဲ့မဟေသီလေ သင်းသင်းသန့်တဲ့"

"သြော် ဟုတ်ကဲ့ပါ မမသင်း၊ နာမည်ကို ရင်းနှီးနေတာတေ ကြာပါပြီ၊ လူချင်းတော့ ခုမှပဲ ဆုံရတော့တယ်၊ ကိုလေးတို့များ သိပ် လည်ကျတာပဲနော်၊ ဒီလို အချောအလှမျိုးကျတော့ ပွဲမထုတ်ဘဲ မော ပိုင်စီးပြီး အိမ်မှာသိမ်းထားတယ်ပေါ့ ဟုတ်လား"

"ဟင်း ဟင်း ကဲ သင်းရေ ပြောကုန်ကြပြီနော်"

"မဟုတ်တာ ညီမလေးရယ် မမတို့က အိုပယ်ဖြစ်နေပါပြီနေ ဈေးကွက်တောင် မရှိတော့ပါဘူး၊ ခုခေတ်က ညီမလေးတို့လို ပျောဒို ရဲ့ခေတ်ပါ"

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ ဒါပေမဲ့ အိုပယ်က ရှားပါးပစ္စည် လေ၊ တကယ့် အင်(န်)ဒိတ်ဖြစ်သွားပြီ၊ လေလံတင်ခံရတဲ့ မာရီလင်မွန် ရဲ့ ဂါဝန်လိုပဲ ဂန္ထဝင်ဖြစ်သွားပြီ"

"ဟား ဟား ဟား ဟား ဟား"

ထွန်းမင်းကျော်၏အပိတ်စကားကြောင့် အားလုံးထွက်ပေါက် ရသွားကြသလို စိတ်ပါလက်ပါ ရယ်လိုက်ကြ၏။

"ကြည့်ပါဦး အမေတင် ကမလား၊ ဟောဒီက သားနဲ့သမီး လည်း ပုံတူလေးတွေပဲဟာ အချောအလှလေးတွေချည်းပဲ"

"အဲဒါပေါ့ ဒေဝီရဲ့ မူရင်းကောင်းမှ မိတ္တူကောင်းမယ်ဆိုတာ လေ"





"ဟင်း ဟင်း ဟင်း ဟင်း"

လွတ်လပ်မှာ ခေါ်ဝေါ်သုံးစွဲနေကျ နော် ဟူသည့် နာမ်စား မပါအောင် သတိထားပြောဆိုနေရ၏။ အရေးမပါသော အသေးအဖွဲ့ လေးများက အထအနကောက်စရာ အချက်အလက်များဖြစ်သွားနိုင်သည် မဟုတ်လား။ ထိုအရာလေးသာ သံသယ မိုက်ခရိုစကုပ်အောက် ရောက် သွားလျှင် အိမ်ထောင်ရေးအတွက် အလွန်ကြီးမားသော ဗိုင်းရပ်(စ်) ဖြစ်သွားနိုင်သည်လေ။ ပြတ်တောက်သွားသော စကားဝိုင်းကို လွတ်လပ် က ဆက်ဖို့ကြိုးစားမိ၏။

"ဒေဝီက မတင်မိုးလွင်ဆီမှာ သင်တန်းတက်နေတာလေ၊ သင်တန်းပြီးမှ အိမ်ကိုအလည်လာဦးမယ်လို့ ပြောနေတာ သင်းရဲ့"

"ဟုတ်လား လာခဲ့ပါ ညီမလေး၊ အေးအေးဆေး စကားပြောလို့ ရတာပေါ့၊ ကိုကိုယ်ယ်က ဒေဝီတို့နဲ့ ဘယ်လိုသော့ခဲ့ကြသလဲဆိုတာ ဖျူးလို့ရအောင်ပေါ့"

"စိတ်ချ မမသင်း ကိုလေး ဘယ်လိုကဲတယ် ညီမကို ဘယ်လို နှိပ်စက်တယ်ဆိုတာ ရာဇဝင်လှန်ပြချင်နေတာ"

"ဟဲ ဟဲ ဟဲ"

"ကဲ ဖေဖေ သားတော့ဗိုက်ဆာနေပြီနော် ဖေဖေတို့စကားဝိုင်း က ဆန်းဒေးတော့(ခ်)ဖြစ်နေပြီ"

"ဟား ဟား ဟား ကောင်းပါပြီကွာ ရှေ့ဘဲမှာ ဘဲကင်ကြွပ် ကြွပ်လေး သွားစားကြမယ်၊ ဒေဝီ လိုက်ခဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ စားရင်း စကားပြောကြတာပေါ့"

"ကျေးဇူးပါ မမသင်း၊ ညီမ ချိန်းထားတဲ့ကိစ္စလေး ရှိနေလို့ပါ"

"ဗိုက်ဆာတယ်"

ဒီတစ်ခါတော့ အကြင်နာက ထပ်မံလောဆော်လိုက်ခြင်းဖြစ်၍ လူကြီးတွေ စကားဆက်ပြောဖို့ မဖြစ်နိုင်တော့သဖြင့်

"ကဲ နောက်မှဆုံကြမယ် ဒေဝီရေ ကားပါတယ်မဟုတ်လား"

"ပါတယ် ကိုလေး"

"ကိစ္စရှိ ဖုန်းဆက်"

"ဟုတ်"

"ထွန်းမင်းကျော်ရေ ဆော့(ဖ်)ဂတ်တွေ မိန်းဆွဲတွေ အကုန်ဖြုတ် တံခါးသော့ချာပိတ်"

"ဟုတ် အာစရိ စိတ်ချ"

မှာစရာရှိတာမှာပြီး အားလုံးအတူထွက်လာကြ၏။ နော်နှင့် မန္တလေးကိစ္စ သေချာဆွေးနွေးချင်သေးသော်လည်း အခြေအနေက မပေးတော့၊ နှုတ်ဆက်ရုံ နှုတ်ဆက်ပြီး ကိုယ့်လမ်းကိုယ် ဆက်ခဲ့ကြ၏။ ကားပေါ်တွင်ပင် သင်းက မအောင့်အည်းနိုင်စွာဖြင့်

"စိတ်လှုပ်ရှားစရာပဲနော်"

"ဘာကိုလဲ သင်း"

"ဩော် ဒေဝီရဲ့အလှကို ပြောတာပါ"

ဝန်တိုခြင်းနှင့်စပ်လျဉ်းသော လေသံဖြစ်လာသဖြင့် ပြတ်သား





သော အဖြေတစ်ခုပေးမှ အဆင်ပြေတော့မည် ဖြစ်သည်။

"မစောင်မိုးလွင်က ကိုယ့်ကို ရှိုးပွဲတစ်ခု ဓာတ်ပုံရိုက်ဖို့ ကမ်းလှမ်းတယ်လေ၊ သူက မော်ဒယ်အဖြစ်ပွဲဦးထွက်လျှောက်ရမယ့်သူဆိုတော့ စိတ်လှုပ်ရှားပြီး အတွေ့အကြုံတွေ လာမေးနေတာလေ သင်းရဲ့"

"ဟုတ်လား ဘယ်ဟိုတယ်မှာ လုပ်မှာလဲ"

"မန္တလေး ဆီဒိုးနားမှာ"

"ဟင် ဒါဆို ကိုကိုပါ မန္တလေးလိုက်သွားမှာပေါ့"

"အင်းပေါ့ အလုပ်ကိစ္စပဲဟာ"

လွတ်လပ်အနေနှင့် မဖြစ်မနေ လိုက်သွားမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်၍ အခွင့်သာခိုက် ကြိုတင်အသိပေးထားလိုက်လေ၏။ ရုတ်ချည်းဆိုသလိုပင် သောကတောင်ကျချောင်းရေ စီးဆင်းလာမှုမျိုးနှင့် သင်း၏ မျက်နှာမှာ စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိသွား၏။

"သင်းကော လိုက်လို့မရဘူးလား၊ မန္တလေးလည်း မရောက်တာကြာလို့လေ နှစ်ရက် သုံးရက်ပဲမဟုတ်လား"

"လိုက်ချင်ရင် ကိုယ်စီစဉ်ထားလိုက်မပေါ့လေ၊ လာမယ့် သောကြာလောက် သွားကြမှာ"

"လာမယ့်အပတ်ဆို သားတို့စာမေးပွဲရှိတယ်နော် မေမေ"

"ဟယ် ဟုတ်လား သား"

"ဟာ မေမေကလည်း သား မနေ့ကပဲပြောထားတာလေ"

"ကဲ သင်း အဲဒါ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တတ်နိုင်မလဲ ကိုကိုရယ်၊ လိုက်လို့မဖြစ်တော့ဘူးပေါ့"

သူ့အကြောင်းတရားနှင့်သူ လမ်းရှင်းသွားသဖြင့် လွတ်လပ် ရင်ထဲ လွတ်လပ်ရေးရလိုက်သလို ပေါ့သွားတော့၏။ သင်းမှာတော့ လင်နှင့်သားကိစ္စကြား ဗျာများနေဟန်နှင့် မရွှင်နိုင်တော့။

ဆိုင်တွင် စားသောက်ကြတော့လည်း သင်းမှာ တို့ကနန်းဆိတ် ကနန်းသာ စားနေ၏။

"သင်း စားလေ၊ ဘဲကင် သင်းကြိုက်ပါတယ်"

"ရင်ပြည့်သွားပြီ ကိုကို၊ အရသာ မတွေ့တော့ဘူး၊ ဒေဝီက သင်းအတွက်တော့ ရင်ပြည့်စာပဲ"

"သင်းကလည်းကွာ ဘာတွေလျှောက်ပြောနေတာလဲ"

"သူ့နာမည်ကြားရကတည်းက စိတ်ထဲမှာ တစ်မျိုးဖြစ်နေတာ အခု လူကိုယ်တိုင်တွေ့လိုက်ရတော့"

"မဆိုင်တာတွေပဲ သင်းရယ်"

"ကိုကို့ကို စိတ်မချဘူး"

"ဟာ သင်းကလည်းကွာ ဘာတွေလျှောက်ပြောနေတာလဲ ဖောင်းဖြစ်နေပြီနော်"

"ဒါဆိုလည်း တစ်ခါထဲ အဝါကဒ်ပြလိုက်မယ်၊ အဲဒီ ဒွေးမယ် နော်နဲ့ လိုအပ်တာထက်ပိုပြီး အရောမဝင်ပါနဲ့"

"သင်း ပြောတာတွေ အဓိပ္ပာယ်မရှိဘူး သင်း၊ ဒါပေမဲ့ ကိုယ် ကတိပေးတယ်၊ သင်း စိုးရိမ်တာတွေ ဘာမှဖြစ်လာမှာ မဟုတ်ဘူး"





သင်းက မယုံသလို စိုက်ကြည့်ရင်း သားနှင့်သမီးအတွက် ဘဲကင်ကို အသားနွှင်ပေးနေ၏။

"သင်းကလည်းကွာ ကိုယ့်အကြောင်းမသိဘဲ ကျနေတာပဲ၊ ကိုယ့်ဘဝမှာ ဒီမိသားစုကသာ အရေးအကြီးဆုံးပဲကွာ အဲဒါကိုယုံ"

ထိုနေ့က ကြည်သာရွှင်ပျမှုတို့ ပျောက်ဆုံးနေသော သင်းအား အရေးပေါ် ပြုပြင်ပေးပြီး ဆားကာစ်အသစ် တပ်ဆင်ပေးလိုက်မှ အပြုံးတု ကိုမြင်ခွင့်ရတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အရိုးမရှိသော အင်္ဂါများ

လူ့ခန္ဓာကိုယ်တွင် အရိုးမရှိသော
အစိတ်အပိုင်း ဘယ်နှခုလောက် ရှိပါသနည်း။
သိသာထင်ရှားသော အင်္ဂါအစိတ်အပိုင်း
နှစ်မျိုးတော့ လူသိထင်ရှားရှိနေသည်။
လျှာတွင် ဘာ အရိုးမှမရှိသလို
ဟိုဟာ ( ... )တွင်လည်း အရိုးမပါချေ။

လူသားတိုင်း ထိုအရိုးမပါသော အင်္ဂါနှစ်ခုအတွက် အကြီးအကျယ် ငွေကုန်ကြေးကျ များနေကြရသည်။ လျှာက အကောင်းကြိုက်သလို အရသာခံတတ်၏။ သူများအသက်လေးပါမှ လျှာရင်းမြက်သည်။

ဟိုဟာကကော ဘာထူးသေးသနည်း။ ယောက်ျားမိန်းမမရွေး





ထိုကိစ္စအတွက် မပြီးစီးနိုင်သော ဆန္ဒများနှင့် အာသာငမ်းငမ်း တက်နေကြ၏။ ဆန္ဒကို အသိတရားနှင့် ထိန်းချုပ်ခြင်းငှာ မစွမ်းသာသော ယောက်ျားမိန်းမတို့မှာ မိနစ်ပိုင်းမျှသော သာယာမှုအတွက်နှင့် အကုသိုလ်ကို လက်လီ လက်ကား ဝယ်ယူသိလှောင်နေကြသည်မဟုတ်လား။

ထိုအရိုးမပါသော အစိတ်အပိုင်းတစ်ခုအား အသုံးပြုလွန်းအားကြီးခဲ့သော မင်းတုန်းဘုရင်ကို ဆရာတော်ကြီးတစ်ပါးက "ဒကာတော်မင်းကြီးရဲ့ပြုမူဆောင်ရွက်ချက်တွေဟာ လူက ဘုန်းကြီး (လိင်)က စားပြဖြစ်နေတယ်"ဟု လူပုံလယ်တွင် နှိပ်ကွပ်ခဲ့ဖူး၏။

တစ်ခါ တပ်မက်မှုတဏှာကို ခံစားထိတွေ့ရာ အဓိက ဒွါရနှစ်ပေါက်အား သတိသမ္ပဇဉ်နှင့်ချုပ်နှိမ်၍ ပညာဖြင့်ဆင်ခြင်ပါက မအိုရာ မနာရာ မသေရာဖြစ်သော နိဗ္ဗာန်ကိုရောက်နိုင်ကြောင်း အဆုံးအမလည်း ရှိသေး၏။

ထိုဒွါရအား ထိန်းချုပ်ရန် လျှာနှင့် (ရီး)ကို အလိုမလိုက်ကြနှင့်ဟု တိုတိုနှင့်လိုရင်းရောက်အောင် ဆုံးမကြသော ဆဲ ဟော်များလည်း ရှိခဲ့ကြသည်။

မှန်လှပေသည်။

ယောက်ျားတိုင်း ထိုဗုဒ္ဓဟူးနံအင်္ဂါနှစ်ခုကြောင့် အတိဒုက္ခရောက်ခပေါင်းများခဲ့လှပြီ မဟုတ်လား။ ထိုယောက်ျားအမျိုးအစားထဲတွင် လွတ်သပ်သူလည်း တစ်ယောက်အပါအဝင်သာ ဖြစ်၏။

"လျှာအရိုးမရှိ လျှောက်ပြောနေတယ်"ဟူသော စကား၊ သင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကြားဖူးကြမည်မှာ သေချာပါသည်။

အကျိုးရှိသော စကား၊ အကျိုးမရှိသော စကား၊ ထောင်တန်သောစကား၊ လိမ်လည်လှည့်ဖြားသော စကား၊ ဘာစကားပဲပြောပြော လျှာ၏အကူအညီပါမှ ပီသသော စကားကိုပြောဆိုလို့ရသည်။

လွတ်လပ်သူလည်း ထိုလျှာကို အသုံးပြု၍ လိမ်လည်မှုသားစကားများ၊ ဒီရက်အတွင်း သင်းကိုအဖန်တလဲလဲ ပြောဆိုနေခဲ့၏။ အတွင်းစိတ်မှာတော့ နော် မှ နော် ဖြစ်နေသည်။

ယခုလည်း စားသောက်ဆိုင်တွင်းမှ မှုန်ပျပျမီးရောင်အောက်တွင် နော်နှင့်လွတ်လပ် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။

“ကြာသပတေးနေ့ ညဘက်သွားမှာ၊ ကားစီးလုံးငှားထားတယ် ကိုလေး အတူလိုက်မှာမဟုတ်လား”

“လိုက်ပါ့မယ် နော်ရယ်၊ အလုပ်ကိစ္စပဲဟာ”

“အလုပ်သဘောပဲလား နော့်အတွက်ကော မပါဘူးလား”

“နော်က အဓိကပေါ့၊ နော့်ရဲ့ပွဲဦးထွက်ရှိုးပွဲမှာ ကိုယ်ပါမှဖြစ်မှာပေါ့မဟုတ်ဘူးလား”

“အဟင်း ရှင့်ထဲက စကားအမှန်ဆိုရင်တော့ သိပ်ကိုကြည်နူးမိပါတယ် ကိုလေးရယ်”

“တကယ့် ရင်တွင်းဖြစ်အစစ်ပါ နော်”

ပူနွေးနေပြီဖြစ်သော အအေးဖျော်ရည်ကို တစ်ငုံစီ စုပ်ယူလိုက်ကြ၏။ မှောင်မိုက်ခြင်းနှင့်ဆိတ်ငြိမ်ခြင်းသည် မကောင်းမှုကို အားပေး





တတ်သည်။

“နော်”

“ရှင်”

“နော့်ရဲ့နှလုံးသား အတွင်းဒဏ်ရခဲ့တဲ့ တိုက်ပွဲအကြောင်း ပြောပြပါလား”

“ကိုလေး စိတ်ဝင်စားလို့လား”

“ရင်ခွင်ပျောက် ဒုက္ခသည်ကို စာနာစွာဖေးမချင်လို့ပါ”

နော်၏မျက်ဝန်းတို့ ဖျတ်ခနဲ အရောင်လက်သွားသည်။ လွတ်လပ်၏ဦးနှောက်အား တပ်မက်မှုကိလေသာ အမိုက်တိုက်က ဖုံးလွှမ်းသွား၏။

“စာနာဖို့မလိုတော့ပါဘူး ကိုလေးရယ်၊ ရူးရူးမိုက်မိုက်နဲ့ နှလုံးသားကို အလိုလိုက်ခဲ့သူအတွက် ထိုက်သင့်တဲ့အပြစ်ဒဏ်ပါ၊ တန်သလောက်ပဲ ရလိုက်တဲ့ သဘောပေါ့”

“တန်ဖိုးမသိတဲ့လူနဲ့ ဆုံမိတာပေါ့ နော်”

“ကိုလေးက နော့်ကို တန်ဖိုးရှိတယ် ထင်လို့လား”

“သိပ်ကိုသေချာတာပေါ့ နော်က နွံနစ်တဲ့ ပဒုမ္မာကြာပဲ”

“အဟင်း နော်က ခံမှန်ဖူးတဲ့ စာသူငယ်ပါ၊ လေးညှို့သံကြားတာနဲ့ သွေးပျက်နေတတ်တဲ့သူမျိုးဆိုပါတော့”

ပြေးလမ်းပေါ် အရံအတား ခလုပ်ကန်သင်းများ ရောက်လာသဖြင့် လွတ်လပ် ကွေ့ဆည်လိုက်ရသည်။

“လာမယ့် ရှိုးပွဲမှာ နာမည်ထွက်လာတာနဲ့ အဲဒီ အရိပ်မည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ လွှင့်စင်ပပျောက်ပြီး ထိပ်တန်းကိုပြန်ရောက်သွားမှာပါ နော်"

"နော်လည်း အဲဒီလိုပဲ မျှော်လင့်မိပါတယ် ကိုလေး"

စကားသံတို့ တိတ်ဆိတ်သွားပြီး ရုတ်တရက် သတိရလာသလို မျိုးနှင့် နော်က စကားဆက်သည်။

"ဒါနဲ့ ဒေဝတာအုပ်စုရဲ့ကြော်ငြာကိစ္စ အဆင်ပြေသွားပြီလား ဟင်"

"မပြေပါဘူး၊ ဘာမှလည်း မဆက်သွယ်ဘူးလေ"

"ကိုလေး တကယ်ပဲ ဒေဝတာအုပ်စုမှာ အလုပ်မလုပ်ချင်ဘူး လား"

"ကိုယ် ဘယ်သူ့ကိုမှ ဦးမညွှတ်နိုင်ဘူး နော်"

"ပြေလည်သွားအောင် ကြားဝင်ညှိနှိုင်းပေးရမလားဟင်"

"ဘာပြောလိုက်တယ် နော်"

"ဒေဝတာရဲ့ချယ်ယာမင် ဦးအောင်ခန့်နီက နော်ရဲ့ဦးလေးပါ၊ အဒေါ်ယောကျ်ားဆိုပါတော့၊ နော် အခု သူတို့နဲ့အတူနေတာပါ"

"ဟင်"

ဆက်နွယ်မှုဇာဝန်းအဝိုင်းက ရုတ်တရက် ကျဉ်းမြောင်းသွား သည်မို့ လွတ်လပ် တအံ့တသြ ဖြစ်သွားသည်။

"နော် တကယ်ပြောနေတာဆိုပေမယ့် ကိုယ်ဖြင့် ယုံတောင် မယုံချင်ဘူး၊ လွှတ်ထားလိုက်ပါ နော်ရယ်၊ ကိုယ်သူနဲ့ပတ်သက်ဖို့ စိတ်ကူး လုံးဝမရှိဘူး"





နော်က ပြောသင့် မပြောသင့် ချိန်ဆဟန်နှင့်ဘုန်းဆိုင်းသွားပြီးမှ

"ဖေဖေနဲ့ဦးအောင်ခန့်နီက မယားညီအစ်ကိုတွေလေ၊ ဖေဖေက သူ့စရိုက်ကိုမကြိုက်လို့ ခပ်မှန်မှန်ပဲနေတာ"

"ဦးအောင်ခန့်နီရဲ့အရှိန်အဝါနဲ့ဆို နော် ဖြစ်ချင်တာတွေက ချက်လှည့်ပြလိုက်သလို ချက်ချင်းဖြစ်သွားနိုင်ရဲ့သားနဲ့"

"ဦးလေးက သိပ်မောက်မာတာ၊ သူ့အကူအညီနဲ့သာ နော် အောင်မြင်ခဲ့ရင် တစ်သက်လုံး သူ့အရိပ်ကလွတ်မှာမဟုတ်ဘူး၊ ဒါကြောင့် ကိုယ့်လမ်းကိုယ်ဖောက်ရတာပေါ့"

"အဲဒါတော့ ဟုတ်တယ်"

"ဖြစ်နိုင်ရင် သူပေးတဲ့အလုပ်ကို တာဝန်ယူလိုက်ပါလား ကိုလေးရယ်၊ သူ့အတွက် အသုံးကျနေသမျှ ကိုလေးဘဝလည်း လုပ သွားမှာပါ"

"ဘာလုပ်မှာလဲ နော်ရယ်၊ ကိုယ်က လွတ်လွတ်လပ်လပ်ပဲ လုပ်ရှားချင်တာ၊ သူပေးတဲ့ငွေဆိုတာ ကိုယ့်ရဲ့အိမ်သုံးစရိတ်လောက်ပဲ ရှိတာပါ"

"အဲဒီအပိုင်းကို နော် ညှိပေးလို့ ရတယ်လေ"

"နော် ဘာလို့ အဲတင်းတိုက်တွန်းနေရတာလဲ"

"ကိုလေး အကျိုးအတွက်ပေါ့၊ သူက ကဝေတစ်ကောင်လိုပဲ အစွယ်ကြီးတယ်၊ အညာအတာ ကင်းတယ်၊ ရက်စက်တယ်၊ ကိုလေး ဒုက္ခရောက်မှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကဝေချိုးတဲ့ဖဲအတိုင်း ကစားရမယ်လို့ ပြောနေတာလား၊ ဒီလိုစကားမျိုး နီမိုးလွင်လည်း ပြောခဲ့ဖူးတယ်"

"နီမိုးလွင်ဆိုတာ ဘယ်သူလဲ"

"ကဝေရဲ့ကိုယ်ရေးအရာရှိပေါ့၊ သူ့ကိုလည်း ကဝေက ဘူးသွင်းထားတယ်နဲ့တူပါတယ်"

"ဒါဆို သူလည်း သူ့ဆရာကဝေကြီးရဲ့ဆယ့်နှစ်ကြိုးကကွက်တွေကို ကြိုမြင်လို့ ပြောတာပဲဖြစ်မယ်"

"ဘာပဲပြောပြော ကိုယ်တော့ လုံးဝလက်မခံနိုင်ဘူး နော်၊ သူ့အစွမ်းနဲ့ ကိုယ့်ကိုလှုပ်ရှားလို့မရအောင် ချုပ်နှောင်နိုင်လိမ့်မယ်လို့ မယုံကြည်ဘူး"

"ဟင်း"

နော်က သက်ပြင်းကိုသာ လှိုင်လှိုင်ချ၏။ ကဝေဆိုးကြီး နှောက်သဖြင့် သီဂါရစကားဝိုင်းက ပျက်ပြယ်သွားရတော့သည်လေ။

■ ■ ■

"လိုက်ပို့မနေပါနဲ့တော့ သင်းရယ်၊ သားကို ကျောင်းကြိုရဦးမှာမဟုတ်လား၊ မန္တလေးက ဘာဝယ်ခဲ့ရမလဲ"

"ဝယ်လာဖို့တော့ မမှာတော့ပါဘူး၊ တစ်ခုပဲ ထိုးမုန့်တန်းလည်း မသွားနဲ့ အမြည်းကျွေးတာလည်း မစားနဲ့"

သင်း ဘာအဓိပ္ပာယ်နှင့်ပြောသလဲဆိုတာ သိသော်လည်း သွားခါနီးလာခါနီးမို့ အချင်းများအောင်အငြင်းစကား မပြောတော့။

"ကဲပါ သင်းရာ သင်းစိတ်ပူအောင် ကိုယ် ဘာမှမလုပ်ဘူး





တ်ပြီလား၊ ကလေးတွေ ဂရုစိုက်၊ အချိန်မှန်အိပ် ညဉ့်ပိုင်း ဖုန်းဆက်"

"အင်းပါ နောက်ဆံတင်းမနေပါနဲ့၊ စိတ်ဖြောင့်ဖြောင့်သာသွားပြန်လာရင်ပြီးတာပဲ"

"ဟား ဟား ဟား သင်းကလည်းကွာ ဒီမှာ အချစ်ဆုံးမင်းကကိုယ့်ဘဝရဲ့ နံပါတ်ဝမ်း' ပဲ ဟဲ ဟဲ သိပြီလား"

လွတ်လပ်က မေခလာ၏ ဝါကာ ဝါကာ သီချင်းခွေတွင်ပါသည့်လေးတို့အဖွဲ့ သီဆိုသော သီချင်းမှ စာသားတစ်ကြောင်းကို ဆိုပြလိုက် သင်း၏မျက်နှာတင်းမာမှုများ ပြေလျော့မသွားပါ၊

"သင်းက နံပါတ်ဝမ်းဆိုတော့ တူးတွေ သရီးတွေ ရှိလာဦးမယ်တဲ့သဘောလား"

"ဟာ သင်းကလည်းကွာ၊ ဘာလို့ ဒီလိုတွေပဲ ပြောနေရတာလဲ"

"စိုးရိမ်လို့ပေါ့ သင်းကို အချစ်ပေါ့မှာစိုးလို့ပေါ့"

"အဲလိုကိစ္စ ကိုယ်တစ်ခါမှ မစဉ်းစားဖူးသေးဘူး၊ သင်းကောယ်မှုပျက်တာ ကြားတောင်ကြားဖူးလို့လား"

"ဆဌမအာရုံနဲ့ကို သိနေတာ၊ ခွေးမယ်နော် ပေါ်လာမှ တစ်ရက်ကို စိတ်မအေးရဘူး"

"ကဲ တော်ကော့ သင်းရာ၊ မဟုတ်တာတွေ တွေးမနေနဲ့၊ ယ် အလေးထားတာ ဒီမိသားစုပဲ၊ ကဲ ကားမမီဘဲနေမယ် သွားမယ် သင်း"

ဖွတ်မထွက်လျှင် ပေပြွတ်မည်မဟုတ်သဖြင့် အချစ်ဆုံးကို ကျော



www.burmeseclassic.com

www.burmeseclassic.com



နိုင်းခဲ့ရတော့၏။ တကယ်တမ်းတွင်လည်း

သင်းစိတ်ပူခဲ့သော မန္တလေးခရီးစဉ်သည် လွတ်လပ်အတွက်တော့ ရင်ခုန်မြန်ခရီးစဉ်ဖြစ်၏။ သင်းသည် လင်သား၏မျက်ဝန်းဘာသာဗေဒကို အလွတ်ရ အာဂုံဆောင်နိုင်သူဖြစ်ကာ အံ့ဩစွာ သတိပြုမိသည်။

ဒါဆို ဖောက်ပြန်မှုအရိပ်အယောင်တွေက သူ့မျက်ဝန်းမှာ ထင်ဟပ်နေပြီပေါ့။ ဒါကြောင့်သာ သင်းက စိတ်ပူမှာတမ်းကို မရပ်မစမ်း မှာကြားနေတာပဲ ဖြစ်ရမည်။

ဒီကိစ္စနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်စိတ်ရှိမနေတာ သေချာနေသဖြင့် စိတ်အလို လိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချမိ၏။ ထိုအခါ သူ့စိတ်တွေ ပိုပြီးလန်းဆန်းလွတ်လပ်သွားကြောင်း သိလိုက်ရသည်။ ပိုးဖလံမျိုး မီးကိုတိုးတာ အဆန်းတကြယ်ကိစ္စမှ မဟုတ်ဘဲလေ။

သင်း မှာလိုက်သမျှ မလိုက်နာဘဲ ထိုးမုန့်တန်းလည်း ဖြတ်လျှောက်ခဲ့၏။ အမြည်းကျွေးသမျှလည်း တစ်ဝတစ်ပြဲ စားခဲ့၏။ ဒီကိစ္စကို ဦးဆောင်ကာ စိတ်ရောကိုယ်ပါ ကျူးလွန်ခဲ့သူမှာ လွတ်လပ်သူသာဖြစ်သည်။ နော်က အမှုတွဲဆိုတော့ အဓိကတရားခံဟု မဆိုသာပေ။

ဒီလို ကြောင်ခံတွင်းပျက်နှင့်ဆက်ရက်(ဇရက်)တောင်ပံကျိုးပုံမြင်တွေက ကမ္ဘာလောကမှာ အပ်ချစရာနေရာမရှိအောင် အပ်ကြောင်းထပ်ခဲ့ဖူးကြပြီ။

နှလုံးသား အာဟာရချို့တဲ့သူအတွက် မေတ္တာဖောင်ဒေးရှင်းမှ အချစ်တွေ မျှဝေသည့်ပွဲဆိုတာ အလွှာမရွေး ဖြစ်တတ်သည့်ဖြစ်စဉ်တစ်ခုပဲမဟုတ်လား။ အရိုးမရှိသော လျှာနှင့် သင်းကိုကွာရှင်းပြီး တရား





ဝင်လက်ထပ်ပါမည်ဟု နော်အား ကတိစကားအကြိမ်ကြိမ်ပေးအပ်ခဲ့၏။

သူတို့နှစ်ဦး၏ချစ်ခြင်းကို မန္တလေးတောင်ခြေ ခြင်္သေ့ကြီးနှစ်ကောင်နှင့်မြွေကြီး နှစ်ကောင်တို့ပါ မြင်၏။ တွေ့၏။ သို့သော် မန္တလေးတောင်သည်လည်းကောင်း၊ တောင်သမန်အင်းသည်လည်းကောင်း သူတို့၏ အချစ်သစ်အား ကောင်းချီးမပေးခဲ့ကြပါ။

လောဘရမ္မက်ကြီးသူ၊ မေတ္တာကိုယ်ခံအားနည်းသူတို့အား ကွာရှင်းခြင်းနှင့်နောက်တစ်ကြိမ် လက်ထပ်ခြင်းတည်း ဟူသော ရောဂါဆိုးကူးစက်သည်မှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ရပ်မျှသာ ဖြစ်တော့သည်လေ။

■ ■ ■

နှလုံးသားမပါဘဲ ပြန်ရောက်လာသော ခင်ပွန်းသည် လွတ်လပ်သူကို ချစ်ဇနီးသင်းက ဖက်လှဲတကင်း နွေးထွေးခြင်းနှင့်ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရှာသည်။ စကားနာထိုးခြင်း၊ ဆူပူဆောင့်အောင့်ခြင်း၊ စောင်းပါးရိပ်ခြေ ပြောခြင်းစသည့် ဘာသာရပ်များကို စွန့်လွှတ်၍ လင်သားအား ဂရုစိုက်ခြင်း ဘာသာရပ်တွင် ဂုဏ်ထူးထွက်အောင် အပတ်တကုတ် ကြိုးစား၏။

နောက်ကျ၍လည်း ဘာမှမပြော၊ စောထွက်၍လည်းမငြူစူဘဲ သူ့အနားတွင်ရှိနေလျှင် သူ့လင်ဟူသောပေါ်လစီကို ပြောင်းလဲကျင့်သုံးလာသည်။ အလိုလိုက် အကြိုက်ဆောင်ပြီး အစွမ်းကုန်ပြုစုယုယခြင်းဖြင့် အိမ်ထောင်ရေးခံတပ် မပြိုလဲအောင် ကြံ့ကြံ့ခံကာကွယ်နေ၏။

လိမ္မာပါးနပ်သော မယား၏ခြေမန်းကွင်းကြောင့် ခြံနှင့်ချင်သော



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်သူမှာ ခြေလှမ်းကျဲကျဲ မလှမ်းနိုင်ခဲ့တော့ပေ။

တကယ်တော့ မန္တလေးသွားတော့လားသည်၊ အကုသိုလ်ခ
အစသာဖြစ်ကြောင်း လွတ်လပ်သူ ကောင်းကောင်း သိလာရတော့၏

လုပ်ငန်းခွင်တွင် အဆင်မပြေမှုများ အစပြုအုံဖွဲ့လာခဲ့သည်၊ သေချာပြီးသား ရိုက်ကူးရေးနှစ်ခု ပျက်သွား၏။ လုပ်ငန်းရှင်က သူ့ ကြော်ငြာနှစ်ခုကို စင်ကာပူတွင်ပဲ ရိုက်တော့မည်ဟု အကြောင်းကြားလာ ခြင်းဖြစ်သည်။

ဒီလောက်ကတော့ ပြဿနာမဟုတ်။ ကေန်းသေ ငွေပေါ်လိမ့် မည်ဟုသာ ဖြေလိုက်လို့ရ၏။ သို့သော် ပယောဂကင်းပါ့မလားဟု စဉ်းစား မိသောအခါ အနည်းငယ် စိုးရွံ့သွားသည်။ ကဝေ ကိုက်လေပြီလား။

"ထွန်းမင်းကျော် နီမိုးလွင် လာသေးလား"

"မလာဘူး အာစရိ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးကွာ၊ ဒေဝတာရဲ့ကြော်ငြာကိစ္စတွေက မပြတ် သေးဘူးမဟုတ်လား"

"ဟုတ်တယ်နော် ဘာမှလည်း အကြောင်းမကြားဘူး၊ အာစရိ ကို သူ့လက်အောက်ဆွဲသွင်းတာ မရလို့ တော်တော်တင်းနေတဲ့ပုံပဲ"

"လုပ်စရာလားကွာ"

"ဒါပေါ့ အာစရိရာ၊ ဒါနဲ့မနက်ဖြန် ဟိုမင်းသားနဲ့မင်းသမီးရဲ့ မင်္ဂလာဆောင်နော် ကျွန်တော် လိုက်ခဲ့ချင်တယ် အာစရိ"

"လိုက်ခဲ့ပေါ့ ဒါမှ မင်းလည်း ပွဲတိုးမှာ"





"ဟား ဒါဆိုရင်တော့ လန်းပြီ နှစ်ယောက်လုံး သရုပ်ဆောင် တွေဆိုတော့ ပွဲကကြိတ်ကြိတ်တိုးနေမှာ သေချာတယ်၊ အကျွေးအမွေး ကလည်း အလျှံအပယ်ပဲနေမှာ"

"သိပ်တော့ မမိုက်ဘူးကွာ၊ အလုပ်သဘောနဲ့လည်း သွားရ မယ်၊ မင်္ဂလာပွဲချီးမြှောက်တဲ့အနေနဲ့လည်း သွားရမယ်ဆိုတော့ အကျွေး အမွေးကို အာရုံထားလို့တောင် ရမှာမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ ကြုံတောင့်ကြုံခဲပဲ အာစရိ"

ထွန်းမင်းကျော်က ပွဲကြီးပွဲကောင်းမကြုံဖူးသေးသူပီပီ အား တက်သရော ဖြစ်နေလေ၏။ တကယ်တမ်းကျတော့ လွတ်လပ်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရသောပွဲ ဖြစ်နေခဲ့သည်။

ထိုနေ့က မင်္ဂလာပွဲကို ညနေလေးနာရီစမည်ဟု အတိအလင်း ကြေညာထားသော်လည်း မင်္ဂလာပွဲကျင်းပရာ ဟိုတယ်နားတစ်ဝိုက်တွင် နေ့လယ်ဆယ့်နှစ်နာရီလောက်ကစပြီး လမ်းပိတ်စပြုနေ၏။

ပြည်သူချစ်သော အနုပညာသည်စုံတွဲမို့ ပြည်သူလူထု၏ချစ်ခင် အားပေးမှုက ကြောက်ခမန်း။ ဖိတ်စာမရ ဝင်ခွင့်မရဘဲနှင့် ဟိုတယ်ဝန်း ကျင်တွင် အုံခဲနေ၏။

ပြန်ကြားရေးဝန်ကြီးကိုယ်တိုင် လာရောက်ချီးမြှင့်သောပွဲမို့ ဝက် ဝက်ကွဲစည်၏။ လွတ်လပ်တို့လို ဖိုတိုဂရပ်ဖာတွေချည်းပဲ စုစည်းလျှင်ပင် ဘောအသင်းတစ်သင်းစာမျှရှိသည်။ ဒါတောင် ဂျာနယ်လစ်နှင့်ဗီဒီယို



www.burmeseclassic.com

www.burmeseclassic.com



သမားများမပါသေး။

ဖိတ်ကြားထားသော ဧည့်သည်များတွင်လည်း အနုပညာ အသိုင်းအဝန်းသာမက အလွှာစုံမှ ဧည့်ပရိသတ်များ တက်ရောက်လာကြ၏။ စိန်ကို ပလက်တီနမ်ကွပ်သည့်ပွဲမဟုတ်လား။

သတို့သား သတို့သမီးဝင်လာသည့်အချိန်မှစ၍ လွှတ်လပ်သူတို့ မအားရတော့။ လက်အံ့သေလုမတတ် ကင်မရာခလုတ်ကို နှိပ်နေကြသည်။ မင်္ဂလာစင်မြင့်ထက်နေရာယူပြီး တယောဦးတင်ရီ၏ဂီတဝိုင်းနှင့် ဖျော်ဖြေသောအခါမှ ခဏနားခွင့်ရသည်။

လွှတ်သည့်စားပွဲဝိုင်း ဝင်ထိုင်မိတော့မှ သူ့ဘေးတွင် အခန့်သား ရှိနေသော ဦးအောင်ခန့်နီကို သတိပြုမိ၏။ သူ၏ဘေးနားထိုင်နေသူများကလည်း လူသိထင်ရှား နာမည်ကျော် ပုဂ္ဂိုလ်ကြီးများသာဖြစ်ကြသဖြင့် ဦးအောင်ခန့်နီ၏အရှိန်အဝါနှင့်ပေါက်ရောက်မှုကို အသိအမှတ်ပြုပြီး အတော်လေးစားသွားရသည်။

''ဘယ်လိုလဲ ကိုလွှတ်လပ် ပင်ပန်းသွားပြီလား''

''ဟာ အန်ကယ်လည်း ဒီပွဲကိုချီးမြှင့်ပေးတာကိုး၊ ပင်ပန်းတယ်ရယ်လို့တော့ မဟုတ်ပါဘူး။ အနုပညာ မောင်နှမတွေမဟုတ်လား၊ ဒီလိုပဲ ဝိုင်းဝန်းပေးရတာပေါ့''

''ဟုတ်ပေတာပေါ့ ဒါနဲ့ ကြုံတုန်းလေး နားပူပါရစေ၊ အန်ကယ် မင်းကိုကမ်းလှမ်းထားတဲ့ကိစ္စ ဘယ်လိုသဘောရတုန်း၊ အန်ကယ့်ကို ကူညီမယ်မဟုတ်လား''





အချိန်အခါနှင့်အခွင့်အရေးကို အသုံးချတတ်သူပီပီ သူလိုချင်တာကို ရအောင်ယူမည့်စိတ်ဓာတ်မျိုးနှင့် ဦးအောင်ခန့်နီက မေး၏။ လွှတ်လပ် အတော်စိတ်အချဉ်ပေါက်သွားသည်။

''ကျွန်တော်ငြင်းပါရစေ အန်ကယ်၊ လွှတ်လွှတ်လပ်လပ်နဲ့ ကိုယ့်ဆုံးဖြတ်ချက်သာအတည်ဖြစ်တဲ့ဘဝမှာ နေချင်လို့ပါ''

''လစာနည်းလို့များလား၊ တစ်လဆယ့်ငါးသိန်းဆိုရင်ကော ကွယ်''

''အန်ကယ် ကျွန်တော့်သဘောထားကို နားမလည်သေးလို့ပါ၊ လစာက ပြဿနာမဟုတ်ပါဘူး။ အနုပညာသမားက လွှတ်လပ်မှုကိုမြတ်နိုးတာပါ''

''အဟင်း သဘောပေါက်သလိုတော့ ရှိပါရဲ့ ဒါပေမဲ့ အန်ကယ်က မေတ္တာရပ်ခံတယ်ဆိုရင်ကောကွာ''

''အနူးအညွတ်တောင်းပန်ပြီး ပြတ်ပြတ်သားသား ငြင်းပါရစေ အန်ကယ်၊ အဲဒီအတွက်လည်း စိတ်မကောင်းပါဘူးခင်ဗျာ''

ဦးအောင်ခန့်နီ မျက်နှာတစ်ချက်ပျက်ပြီး ပျက်လုံးများဝင်းလက်သွား၏။ သူတို့၏ဆက်ဆံရေး ပွဲသိမ်းသွားပြီဖြစ်ကြောင်း သိလိုက်သော်လည်း လွှတ်လပ် မတုန်လှုပ်မိ။ စိတ်အနှောင့်အယှက်သာဖြစ်မိသဖြင့် တလေးတစား နှုတ်ဆက်ပြီး ထလာခဲ့၏။

ခန်းမဆောင်တွင် အခါတော်ပေးနေစဉ် ဦးအောင်ခန့်နီက သူ့ကို လခတိုးပေးနေသဖြင့် လွှတ်လပ် ရယ်ချင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာမောင်နှံနှင့် ခါတ်ပုံတွဲရိုက်ချင်သူတို့က စုပုံနေသည်မို့ ထိုလူအုပ်ပြိုသွားအောင်လွှတ်လပ် ပိုင်းဖြိုပေးလိုက်သည်။ ထိုလူအုပ်ရှင်းသွားမှ အနားတွင်မရှိတော့သော ထွန်းမင်းကျော်ကို သတိရ၏။

ဒီလိုပွဲမှာ ထွန်းမင်းကျော် သွားရည်ခံတပ်ပြီး မျက်စိအစာကျွေးနေမည်မှာ သေချာသလောက်ပင်မို့ တကူးတက လိုက်ရှာမနေတော့။ ညခုနစ်နာရီမှ မင်္ဂလာပွဲပြီးမည်မို့ အချိန်ရခိုက် ဗိုက်ဖြည့်ထားရန်ဘူဖေးခန်းမဆီ လှမ်းလာခဲ့၏။

ဤတွင်မှ အတူယှဉ်တွဲ ရပ်ပြီးစားသောက်နေကြသော ထွန်းမင်းကျော်နှင့်ဦးအောင်ခန့်နီကို တွေ့ရလေသည်။ ဒီကဝေကြီး ဘာတွေကြံစည်နေပြန်သနည်း။ စိတ်မြန်သူမို့ ပန်းကန်တစ်ချပ်ဆွဲယူ၍ အလျဉ်းသင့်စရာကောက်ထည့်ကာ သူတို့အနား ကပ်သွားလိုက်၏။

ကဝေကြီးမျက်နှာတစ်ချက်မပျက်သော်လည်း ထွန်းမင်းကျော်မလုံမလဲနှင့်ဆီးကြိုသည်။

"ဟာ အာစရိ ကျွန်တော်လိုက်ရှာနေတာ မတွေ့လို့"

"ဟိုလျှောက်ဒီလျှောက်နဲ့ ကြံရာရိုက်ပေးနေရတာကိုးကွ အဟဲအန်ကယ်လည်း ဒီကိုရောက်နေတာကိုး"

"အေးကွဲ့ အန်ကယ်က အချိန်သိပ်မရဘူးလေ၊ မင်္ဂလာမောင်နှံကျေနပ်အောင်စားပြီး ခရီးဆက်ရဦးမှာလေ"

"သြော် ဟုတ်ကဲ့ ဒါနဲ့ ကြော်ငြာတွေကိစ္စ ကျွန်တော် ဘာဆက်လုပ်ရမှာလဲ အန်ကယ်"

"အန်ကယ် မဆုံးဖြတ်ရသေးဘူး ဒီလိုလုပ် နီမိုးလွင်နဲ့အ





ကြောင်းကြားလိုက်မယ်လေ"

"သြော် ဟုတ်ကဲ့ ဟုတ်ကဲ့"

ဦးအောင်ခန့်နီက ပန်းကန်လွှတ်အား ဝိတ်ဘာတစ်ယောက်လက်ထဲထည့်ပေးကာ နှုတ်ဆက်ပြီး ထွက်သွားတော့၏။

"မင်းကို ဘိုးတော် ဘာတွေမှာသွားသေးလဲ"

"အဟဲ မင်းသမီး အသစ်လေးတွေနဲ့ ဝေဘာဘာရင်နှီးလာတဲ့ဟဲ ဟဲ ကြည့်ရတာ စပွန်ဆာပေးမလို့နဲ့တူတယ် အာစရိ"

"တစ်ယောက်ယောက်နဲ့ ပွဲစားပေးလိုက်ပေ့ ကွာ"

"ဟား ဟား ဟား ဟား"

စားသောက်ပြီးတော့လည်း အခင်မင်ဆုံး အပျိုသည်ာသမားများက မင်္ဂလာမောင်နှံအား ကိုယ်ထိလက်ရောက် မင်္ဂလာလက်ဖွဲ့ပေးအပ်ကြ၏။ လက်တစ်ဖက်ထဲနှင့်ကိုင်တွယ်ထားသော်လည်း ငွေပမာဏအားဖြင့် လက်နှစ်ပွေ့မက တန်ကြေးရှိသော အဖိုးတန်လက်ဆောင်များပေးကြသည်။

ထိုအစီအစဉ်ကိုလည်း တပျော်တပါး မှတ်တမ်းတင်ပေးရ၏။ နောက်ဆုံးပိတ်အစီအစဉ်က ကြိုးတားကြခြင်းဖြစ်သည်၊ မင်္ဂလာမောင်နှံက ဟန်းနီးမွန်းခရီးစဉ်တန်း၍ သွားကြမည်မို့ မဖြစ်မနေ ကြိုးတားကြ၏။

ပျော်စရာအလွန်ကောင်းသော မင်္ဂလာပွဲက ညခုနစ်နာရီထယ့်ငါးကျမှ အောင်မြင်စွာ ပြီးဆုံးသွားသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## ကျိန်စာတိုက်သည့် ကဝေ

ကြာပွတ်မင်းသားသည် သူ၏ရုပ်ရှင်
ဇာတ်ကားထဲတွင် အခက်အခဲ အကျပ်အတည်းနှင့်
ပြဿနာပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။
ထို့အတူ မှော်မင်းသား ဟယ်ရီပေါ်တာသည်လည်း
ယှဉ်ပြိုင်မှု စိန်ခေါ်မှု လုပ်ကြံမှုနှင့်
အန္တရာယ် ဖအသွယ်သွယ်တို့အား ကြုံတွေ့ခဲ့ရလေ၏။
နောက်ဆုံးမှာတော့ မင်းသားများကသာ အနိုင်ရပြီး အောင်ပွဲ
ခံသွားကြ၏။ ဒါကတော့ ရုပ်ရှင်ပေပဲကိုး။ လက်တွေ့ဘဝမှာတော့

လွတ်လပ်သူ စတူဒီယိုသို့အရောက် လုပ်ငန်းရှင်တစ်ယောက် ကြော်ငြာရိုက်ကူးရေး ဆွေးနွေးရန် ရောက်ရှိနေ၏။ ထုံးတမ်းအစဉ်အလာ





ရှိသည်များ ညှိနှိုင်းပြီးနောက် သဘောတူညီမှုရ၍ အလုပ်သဘောအရ စရံငွေပေးရန် ပြင်ဆင်သည့်အချိန်တွင် ထိုလုပ်ငန်းရှင်ထံ ဖုန်းလာ၏။

ဖုန်းပြောရင်း ပြောရင်း လွတ်လပ်သူနှင့် တဖြည်းဖြည်းဝေးသွားသည်။ လွတ်လပ်ကိုလည်း လှည့်ကြည့်လှည့်ကြည့် ကြည့်သေး၏။

ဖုန်းပြောအပြီးမှာ အခြေအနေကတစ်မျိုးဖြစ်သွားသည်။ ကြော်ငြာအပ်မည့်လုပ်ငန်းရှင်က အားတုံ့အားနာဟန်နှင့် ပြန်လာထိုင်ပြီး ခေါင်းကုပ်နေ၏။ အတော်ကလေး အချိန်ယူပြီးမှ

"ဆောရီးပဲဗျာ အမျိုးတစ်ယောက် ဆေးရုံတင်လိုက်ရလို့တဲ့ အမြန်သွားရမှာဆိုတော့ နောက်မှပဲ"

မပြတ်မသား ပြောဆိုရင်း ပိုက်ဆံအိတ်ကြီး ကောက်ယူ၍ သုတ်ခြေတင်ကာ ထွက်သွားတော့သည်။ လွတ်လပ်လည်း အူကြောင်ကြောင်နှင့်ကျန်ခဲ့ရသည်။

ထိုအချိန်အထိ ဘာကိုမှ အလေးမထားမိသေးဘဲ လုပ်ရိုးလုပ်စဉ် လုပ်ငန်းခွင်တွင် ကြိုတင်ချိန်းဆိုထားသော အလုပ်ဖယားအတိုင်း မှန်လှုပ်ရှားနေ၏။ ထွန်းမင်းကျော်လည်း ယခင်ကကဲ့သို့ပင် စကားမများဘဲ အလုပ်ကိုသာ ဖိဖိစီးစီးလုပ်နေ၍ ကျေးဇူးတင်ရသေးသည်။

လွတ်လပ်သူမှာ အလုပ်တစ်ဖက် မိသားစုအရေးကတစ်ဖက် ညည်းစားအသစ်လေးကိစ္စကတစ်ဖက်နှင့် ဗျာများနေရသဖြင့် အခြေအနေများ တဖြည်းဖြည်း ထူးခြားနေတာကို သတိမပြုမိခဲ့ချေ။

သူတို့တွေဘဝက ခိုးကြောင်ခိုးဝှက် ဖူးစာဆုံရသည်မို့ အရေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ငှားထားသော ချောင်ကျကျနေရာမှာ တိုက်ခန်းလေးတစ်ခုတွင်သာ တွေ့ဆုံဖြစ်ကြသည်။

"ရှိုးပွဲအပြီးမှာ နော်ရဲ့ပုံတွေ ဂျာနယ်စာမျက်နှာပေါ် အတော် နေရာယူခဲ့တာပဲ၊ ခုလည်းပဲ အီလက်ထရွန်းနစ်ပြပွဲမှာ ချိတ်ထားဖို့ ကြော် ငြာဝေါရှိတွေရိုက်ဖို့ နော်ရဲ့ပုံတွေ အသုံးပြုပါရစေလို့ ကမ်းလှမ်းထားတယ် နော်"

"ဟင် တကယ်"

"တကယ်ပေါ့ ဒါ နောက်စရာလား"

"ဝမ်းသာလိုက်တာ ကိုလေးရယ် နော် တဖြည်းဖြည်းနဲ့ လူရာ ဝင်လာပါပြီနော်"

"သိပ်ကိုသေချာပါတယ် နော်"

"ဒါတွေအားလုံး ကိုလေးရဲ့အကူအညီတွေပါ"

"မဆိုင်တာပဲ နော်ရယ်၊ ကိုယ် ဘာများလုပ်ပေးခဲ့သေးလို့လဲ"

"ကိုလေးရဲ့နွေးထွေးတဲ့ဖေးမမှုကြောင့်ပါ ကိုလေးရယ်"

မှုန်မှုန်ပြပြ မီးရောင်အောက်မှ ဒွေးမယ်နော်သည် တပ်မက်ဖွယ် ရာ ပြီးပြည့်စုံသောအလှနှင့် ကြွရွနေ၏။

မအောင့်အည်း မယံနိုးသိမ်းနိုင်စွာဖြင့် နော့်အား လွတ်လပ်က ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ ရင်ငွေ့လှုံ ရင်ခုန်နွေးစွာဖြင့် ရင်ခုန်သံ မြင်းပေါင်းစည်းသွားသောအခါ မွတ်သိပ်သော ကူးလူးဆက်ဆံမှုများ လှပစွာဖြစ်တည်လာ၏။





ခဏကြာမှ မောဟိုက်နွမ်းလျ လေသံဟာဟာနှင့် နော် စကားစ သည်။

"နော်တို့ ဘာလို့ ခုလိုဖြစ်ခဲ့ကြတာလဲဟင်"

"အတိတ်ကရေစက်ပေါ့ နော်ရယ်"

"မမသင်းအပေါ် အားနာတယ် ကိုလေး၊ အပြစ်ကြီးတစ်ခု ုးပေါင်းကျူးလွန်မိကြတာ မဟုတ်လား"

"ဖြစ်ချိန်တန်လို့ ဖြစ်သွားတာလို့ပဲ သဘော ထားလိုက်ပါ နော်၊ ကိုယ့်နားမှာ နော်ရှိနေရင် ကျန်တာ ဘာမှအရေးမပါတော့ဘူး"

"ရှေ့လျှောက် ဘယ်လိုရင်ဆိုင်ဖြတ်သန်းကြမလဲဟင်"

"ကိုယ် သင်းကိုဖြည်းဖြည်းချင်း အသိပေးသွားပါ့မယ်"

"မမသင်းက ခွင့်ပြုမယ်ထင်လို့လား"

"မထင်ပါဘူး၊ ဒါပေမဲ့ ကြိုးစားကြည့်ရမှာပေါ့"

"မန္တလေးခရီးစဉ်က မရှိခဲ့ရင်ကောင်းမယ် ကိုလေးရယ်၊ နော့် ဘဝက မပိုင်ဝက်မွေး ပုံစံခွက်ထဲမှာပဲ နေသွားကျပြီထင်ပါရဲ့"

ကြေကြေကွဲကွဲ ပြောလာသော ထိုစကားအား လွတ်လပ် ခံနိုင် ရှမ်းမရှိပါ။ လူ့ဘဝဆိုတာ ပုံသေကားချမရှိကြောင်း သူ သက်သေပြလိုက် ချင်နေသည်။ အိမ်ထောင်ရှင်များနှင့်သာ ဆုံစည်းခဲ့ရသော နော့်ဘဝ အား အာမခံနှင့် တာဝန်ယူ၍ အတည်တကျဖြစ်စေချင်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ကိုယ် နော့်ကို လက်မလွှတ်ဘူးဆိုတာ ည့်"



www.burmeseclassic.com

www.burmeseclassic.com



လျှာအရိုးမရှိပြောသော ကတိစကားကို နော် ယုံကြည်သွားသည်ထင့်။ ရင်ခွင်ထဲမျက်နှာသိုဝှက်ရင်း လွတ်လပ်အား တင်းကျပ်စွာဖက်ထားလိုက်၏။

■ ■ ■

MRTV-4 မှလွှင့်သွားသော 'ပြောင်းလဲမရတဲ့အချစ်' ကိုရီးယားဇာတ်ကားတွင် ထယ်ဂူ၊ မင်ယောင်း၊ အိုဆောင်းအာနှင့် ဆူယောင်းတို့လေးယောက်၏ ပတ်လည်ရိုက်ဖောက်ပြန်မှုများကို သည်းခံနိုင်စွမ်းကုန်သည်အထိ ပယ်ပယ်နယ်နယ် တင်ပြသွား၏။

ထို့အတူ မြဝတီမှလွှင့်သော ကြယ်စင်ညီအစ်မများဇာတ်လမ်းတွင်လည်း ကျောင်းသားကျောင်းသူအရွယ်စုံတွဲက လက်မထပ်ဘဲကိုယ်ဝန်ရှိနေသလို ညီအစ်မလေးယောက်ထဲမှ အိမ်ထောင်သည်အစ်မအကြီးဆုံးကလည်း လင်သား၏သူငယ်ချင်းနှင့်ဖောက်ပြန်နေခဲ့သည်။

လွတ်လပ်တို့လင်မယားနှစ်ယောက် တီဗွီဇာတ်လမ်းတွဲကြည့်ရှုနေကြ၏။ သင်းက နှာခေါင်းရှုံ့လိုက်ရင်း

"ကိုရီးယားကားတွေလည်း တော်တော်စိတ်ပျက်ဖို့ကောင်းလာပြီ၊ ဘယ်ဇာတ်လမ်းတွဲကြည့်ကြည့် အိမ်ထောင်ရေးဖောက်ပြန်တဲ့အကြောင်းတွေချည်းပဲ"

ကြားလိုက်ရသော စကားကြောင့် လွတ်လပ် တွန့်သွား၏။ ယောင်ယမ်းပြီး ဇနီးမျက်နှာကိုကြည့်လိုက်မိသ[illegible] ခန့်လိုသော အမိပ္ပာယ်မဆောင်ဘဲ ပရိသတ်တစ်ယောက်၏ဝေဖန်[illegible]က်သက်ဟုသာ ယူဆမိ





သည့်အတွက် စိတ်အေးသွား၏။

"ဟုတ်တယ်နော် ကိုရီးယားမှာ အချစ်စစ်မရှိတော့ဘူး ထင်ပါရဲ့"

"အဲဒီ ပရမ်းပတာ အယူအဆတွေ ကူးစက်လာမှာစိုးရတယ်၊ လင်မယားကွာရှင်းဖို့ကို ထမင်းစားရေသောက်သလို လုပ်နေကြတာလေ"

"ဟုတ်ပါရဲ့ ဒါ ကောင်းတဲ့အလားအလာ မဟုတ်ဘူး"

အလိုက်အထိုက်ပြောပြီး လွတ်လပ် ထပြေး၏။ မေးခွန်းတစ်ခုအမိလိုက်လာသည်။

"ဘယ်လဲ ကိုကို"

"တိုင်းလက်သွားမလို့"

နောက်သလိုလိုနှင့် လက်ညှိုးထောင်ပြကာ ခွင့်တောင်းရင်း လွှတ်မြောက်နယ်မြေသစ်ထဲ ဝင်လာခဲ့၏။ သူ၏လွှတ်မြောက်နယ်မြေတိုင်းလက်လိုင်ဘီရိုထဲတွင် စာအုပ်များစွာရှိသည်။ ထိုစာအုပ်များထဲတွင် အလိမ္မာတရားများ ပုန်းအောင်းနေကြ၏။

လောလောဆယ်တွင် ဘယ်သူ့အဆုံးအမကိုမှ နာယူလိုသေးသော အလိမ္မာပါသော စာအုပ်များအစား ဆူလွယ်နပ်လွယ် ဂျာနယ်တစ်စောင်ကိုသာ ဆွဲယူလိုက်သည်။

ခက်ပဲခက်ရချည်သေးရဲ့။ ဆွဲယူလိုက်သော ဂျာနယ်မျက်နှာဖုံးတွင် ဒွေးမယ်နော်၏ပုံက အထင်းသား။ စိတ်နောက်ကျိစွာနှင့်ပင် ဒွေးမယ်နော်၏အလှကို သုံးသပ်နေမိသည်။ အဆီတဝင်းဝင်း သဲတရှပ်ရှပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်ကို လွတ်လပ် လက်တွေ့ကြုံနေရပြီ။

သွေးဆူစရာ အလှအပ အစုအဝေးက အတော်မသတ်နိုင်သော ရမ္မက်ဆန္ဒများကို မွေးဖွားပေးနေ၏။ မီးတောက်နေသော စိတ်ဆန္ဒကို ဘာနှင့်ငြိမ်းသတ်ရမှန်းမသိ ဖြစ်နေသည်။

သင်းကို ရင်မဆိုင်ရဲသလို နော်ကိုလည်း လက်မလွှတ်နိုင်ဖြစ်နေရာ ငါးရံ့နှစ်ကောင်ထမ်းပြီး ကြိုးတန်းလမ်းလျှောက်သူလို သည်းထိတ်ရင်ဖိုဖြစ်နေရတော့၏။ လွတ်မြောက်နယ်မြေသည်လည်း ခေတ္တခဏသာ ပုန်းခိုခွင့်ရှိသဖြင့် နောက်ဆုံးတော့ သင်းရှေ့မှောက်သို့ ပြန်ရောက်ခဲ့၏။

တီဗွီဇာတ်လမ်း ပြီးသွား၍ သတင်းပင် ကြေညာနေပြီဖြစ်သည်။ သင်းက လွတ်လပ်ကိုတွေ့သည်နှင့် တီဗွီပိတ်ပြီး စကားစ၏။ စောစောက အကြောင်းအရာမှာ အခန်းဆက်ဝတ္ထုလို ပေရှည်နေလေသည်။

"ကလေးတွေရဲ့ဘဝက သိပ်သနားဖို့ကောင်းတာပဲ"

"ဘယ်က ကလေးတွေလဲ သင်းရဲ့"

"ဟော် ကိုရီးယားကားတွေထဲက ကွာရှင်းကြမယ့်မိဘတွေရဲ့ ကလေးတွေကိုပြောတာပါ"

"ဟာ သင်းကလည်းကွာ ရုပ်ရှင်ကို ရုပ်ရှင်လိုပဲ သဘောထားလိုက်ပါ၊ ဇာတ်နာအောင် ဆင်ထားတာတွေပါ"

"ရုပ်ရှင်ဆိုတာ လူတွေအကြောင်းကို ရိုက်ထားတာပါ ကိုကို၊ သင်းတော့ အဲသလိုအဖြစ်မျိုးကြုံရင် ခံနိုင်ရည်ရှိမယ် မထင်ဘူး"

"ဟား ဟား ဟား ဟား အရူးမလေး ဇာတ်လမ်းကြည့်ပြီး





မျက်ရည်ကျတာ ကလေးအလုပ်နော်"

"လက်ရှိဘဝက ဇာတ်လမ်းပမာ ဖြစ်နေတာလေ"

သင်း၏ခွန်းတုံ့စကားကြောင့် လွတ်လပ် ပါးစပ်ပိတ်သွား၏။

"ကောင်းမှုနဲ့အကြင်နာက လူမမယ်လေးတွေပဲ ရှိသေးတယ်လေ၊ သူတို့ လူလားမြောက်အောင် သင်း တစ်ယောက်ထဲ ပြုစုပျိုးထောင်နိုင်မှာမဟုတ်ဘူး ကိုကို"

"သင်းကလည်းကွာ ဘာတွေလျှောက်ပြောနေတာလဲ"

"သင်း ကိုကို့ကိုယုံကြည်ချင်တယ်၊ ဒါကြောင့် စပ်စုတာတွေ ချမ်းတာတွေ ဘာမှမလုပ်ခဲ့ဘူး၊ ဒါပေမဲ့ ဖုန်းသတင်းက ပုန်းချင်းဆောင်တယ်နော်၊ မီဒီယာခေတ်ကြီးမဟုတ်လား"

"ဘယ်သူတွေ ချွန်တွန်းလုပ်ကြလို့လဲ သင်း"

"ကိုကို သူများကို အပြစ်မတင်ပါနဲ့၊ ပြုသူရှိလို့ ပြောသူရှိတာပါ ကိုကို ဘယ်လိုပဲ ဆုံးဖြတ် ဆုံးဖြတ် ကောင်းမှုနဲ့အကြင်နာကို မမေ့ပါနဲ့လို့ပဲ ပြောပါရစေ"

နံရံကို ခဲနှင့်ပေါက်လျှင် အမာကို အမာနှင့်ရင်ဆိုင်ခြင်းဖြစ်၏။ ပြင်းထန်သော ထိခိုက်မှုနှင့်တစ်ဖက်ဖက်၏ ပျက်စီးမှုကို မလွဲမသွေ တွေ့ကြုံရတတ်သည်။ သို့သော် သင်းက အမာကို အပျော့နှင့်နှက်နေတာ သာဖြစ်၏။

ပြတ်ပြတ်သားသား စွပ်စွဲပြီး ပြင်းပြင်းထန်ထန် ပြောဆိုကြလျှင် ဒါသကြောင့် မြန်မြန်ပွဲပြတ်သွားမည့်ကိစ္စကို သင်းက ယခုမှာပါးနပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်နေသည်။ ထို့အတွက် လွတ်လပ်မှာ ပေါက်ကွဲခွင့်မရ။ ရယ
ရှာခွင့်မရ။ လေမသက်၍ အနေခက်သော ခံစားမှုကိုသာ ရ၏။

သင်းက ချစ်တာတွေ မေတ္တာတွေ သစ္စာတွေ လုံးဝမပြေ
သူ့ကို ပစ်မသွားပါနဲ့ဟုလည်း မတောင်းပန်တဲ့နှင့် လွတ်လပ်အား တွေ
အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ရင်သွေးများအပေါ် ပရိတိန်းတွေသ
ဝေမျှချင်သည့် လွတ်လပ်၏ဆန္ဒကိုအသုံးပြုပြီး အပီချုပ်သွားခဲ့၏။

"ဟူး ရှုးသွားရင် ကောင်းမယ်ကွာ"

■ ■ ■

နီမိုးလွင်မှတစ်ဆင့် ဆက်သွယ်လာ၍ ဦးအောင်ခန့်နီ၏ကုမ္ပဏ
ကြီးဆီသို့ နောက်ထပ်တစ်ခေါက် လွတ်လပ် ရောက်လာခဲ့၏။ ပထမတ
ခေါက်ကလောက်မစောင့်ရသော်လည်း ကြာသင့်သလောက်တော့ ကြ
ခဲ့သည်။ ရုံးခန်းကျယ်ကြီးထဲရောက်သောအခါတွင်လည်း ဦးအောင်ခန့်
ကမရှိ။ နီမိုးလွင်နှင့်သာ တွေ့ရသည်။

"ဘော့(စ်)က အရေးကြီးကိစ္စနဲ့ အပြင်ထွက်သွားတယ် အစ်က
အားလုံး ကျွန်မနဲ့လွှဲသွားတယ်"

တမင်တကာ အတွေ့မခံခြင်းဟု သဘောပေါက်မိ၍ တင်းခ
ဒေါပွသွား၏။ စိတ်ကိုထိန်းရင်း

"ဘာတွေ မှာသွားလဲ နီမိုးလွင်"

"စတူဒီယိုအုပ်ချုပ်ရေးမှူး ရာထူးကိုလက်ခံပြီး လစာ သိန်
နှစ်ဆယ်ခံစားပါ၊ ပြီးမှ ကြော်ငြာတွေ ဆက်တိုက်ရိုက်ပေးပါတဲ့"





"ကိုယ် လက်မခံနိုင်ဘူး နီမိုးလွင် သူနဲ့မင်္ဂလာဆောင်မှာဆို
တုန်းကလည်း အပြတ်ပြောပြီးပြီ၊ အပ်ကြောင်းထပ်တာတွေ ကိုယ် လုံးဝ
သဘောမကျဘူး၊ ဒီကိစ္စတွေ လုံးဝမရှိခဲ့ဘူးလို့ပဲ သဘောထားလိုက်
တော့မယ် ကဲ သွားမယ်"

"အစ်ကိုရယ် စဉ်းစားပါဦး၊ အစ်ကို့အတွက်ပြောတာပါ"

"စဉ်းစားနေစရာ အကြောင်းကိုမရှိတော့ဘူး နီမိုးလွင်၊ ကိုယ်
ဘယ်သူ့ဩဇာအာဏာကိုမှ ဂရုမစိုက်ဘူး၊ အရာရာမှာ ဥပဒေကိုပဲ
အားကိုးတယ်ကွာ ဒါပဲ"

နီမိုးလွင်အား အပြတ်ပြော၍ စိတ်ဆိုးမာန်ဆဲနှင့်ထွက်လာခဲ့
၏။ မြေညီထပ်သို့ ဓာတ်လှေကားရောက်ပြီး တံခါးအပွင့်တွင် မျှော်လင့်
ထားသူတစ်ယောက်နှင့် ပက်ပင်းဆုံ၏။

"ဟာ ဆရာ ဆရာဦးပြည့်စုံမဟုတ်လား"

"ဟေ မောင်ရင်လေး မင်း ဘယ်သူ"

"ကျွန်တော် လွတ်လပ်သူလေ ဆရာရဲ့"

"သြော် အေး အေး မှတ်မိပြီ မှတ်မိပြီ မင်းကို ဘာလာလုပ်
တာတုန်း၊ တွေ့ရတာ ဝမ်းသာတယ်ကွာ"

"ကျွန်တော် ကြော်ငြာရိုက်ဖို့ကိစ္စ လာဆွေးနွေးတာပါ"

"အဆင်ပြေလား"

"မပြေဘူး ဆရာ ဘောစိက သူ့ဆီမှာဖွတ်အတင်း အလုပ်
ဆိုင်းနေတာလေ၊ ကျွန်တော်က ဆရာသင်ပေးတဲ့ပညာနဲ့ ကြီးပွားနေတာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာရဲ့"

"အေးကွာ ကြားရတာ ဝမ်းသာဝမ်းနည်းပဲ၊ ကြီးပွားတယ်ကြား လို့ ဝမ်းသာရသလို တို့ဘောစိန့်ထိပ်တိုက်တွေ့လို့ ဝမ်းနည်းပါတယ်ကွာ"

"ဘာ ဘာဖြစ်လို့လဲ ဆရာ"

ဆရာဦးပြည့်စုံက ဘေးဘီသို့တစ်ချက်အကဲခတ်ပြီး

"ဒါတွေ ဒီမှာပြောလို့မကောင်းဘူး မောင်ရင်"

"ဟုတ်ပြီ ဆရာ တစ်နေရာရာမှာ ဆုံကြတာပေါ့၊ ဒါ ကျွန်တော့် လိပ်စာကဒ်ပါ၊ လာဖြစ်အောင် လာခဲ့ပါဆရာ၊ ကောင်းကောင်း ဧည့်ခံ ပြုစုချင်လို့ပါ"

"အေး အေး ဆရာလာဖြစ်အောင် လာခဲ့ပါ့မယ်၊ ကဲ သွားတော့ နေရာတိုင်းမှာ မျက်စိရှိပြီး နံရံတိုင်းမှာ နားရှိတယ်လေ"

ဆရာက မြန်မြန်စကားဖြတ်ပြီး ဓာတ်လှေကားထဲ ဝင်သွား၏။ ဆရာ၏ပဟေဠိစကားများကို သယ်ပိုးရင်း စိတ်လေးလံစွာဖြင့် ပြန်လာခဲ့သည်။ စတူဒီယိုပြန်ရောက်တော့ ပြဿနာတစ်ခုက ဆီးကြိုနေ၏။

"ဆရာ 'စတု ရတန' တိုင်းရင်းဆေးလုပ်ငန်းက ကြော်ငြာ မရိုက်ဖြစ်တော့ဘူးလို့ အကြောင်းကြားတယ် ဆရာ"

"ဟေ ဘယ်လိုဖြစ်တာလဲ ဟိုကောင် ထွန်းမင်းကျော်ကော"

"မလာဘူး ထင်တယ် ဆရာ"

"ဟာ ဘာဖြစ်ပြန်တာလဲကွာ၊ တိုင်းရင်းဆေးကုမ္ပဏီကို မရိုက် ဖြစ်ရင် စရံအဆုံးဆိုတာ ပြောမပြဘူးလား"





"ပြောပြပါတယ် ဆရာ၊ သူတို့သဘောပေါက်တယ်၊ အဆုံးခံ မယ်လို့ ပြောတယ် ဆရာ"

"ဒါဆိုလည်း ပြီးရော သူတို့တောင်စရံအဆုံးခံနိုင်သေးတာပဲ၊ ငါတို့မရိုက်ရလည်း ဘာမှမဖြစ်ဘူး ဒါနဲ့ ထွန်းမင်းကျော် ဖုန်းလေးဘာ လေး မဆက်ဘူးလား ယမုံနွယ်"

စာရေးမလေး ယမုံနွယ်၏အဖြေစကားကြောင့် လွတ်လပ်သူ အံ့သြသွားရသည်။

"ဖုန်းမဆက်ပေမယ့် စားပွဲပေါ်က ဒီစာတော့ တွေ့တယ်ဆရာ၊ သူ မနေ့ကအပြန်မှာထားခဲ့တာလား မသိဘူး"

စာအိတ်ကိုခပ်သွက်သွက် လှမ်းယူ၍ မြန်မြန်ဖောက်ဖတ်လိုက် ၏။ ရှင်းရှင်းလင်းလင်း ရေးထားသော အကြောင်းအရာကြောင့် အကြီး အကျယ် ဒေါပွသွားရတော့၏။

ထွန်းမင်းကျော်က ဦးအောင်ခန့်နီ၏စတူဒီယိုတွင် ကင်မရာမင်း အဖြစ်တာဝန်ထမ်းတော့မှာမို့ အလုပ်ထွက်ခွင့်ပြုရန် အသိပေးသောစာ ဖြစ်နေသည်။

တစ်လောက မင်္ဂလာဆောင်တွင် တစ်ကြိမ်စကားပြောရုံနှင့် သူ အားကိုးရသော မန်နေဂျာကိုအပါ ဆွဲခေါ်သွားနိုင်ခဲ့သည်။ ကဝေက စတင်ထိုးနက်လာပြီဖြစ်ကြောင်း လွတ်လပ် ကောင်းကောင်းသဘောပေါက် သွား၏။

ထို့ကြောင့် ပို၍ဒေါပွသွားရသည်။ လက်ကုန်ခါနီးရမည့် လစာငွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်သိန်းကိုပင် မယူတော့ဘဲ ထွက်သွားသည်မှို့ သူ မပေးနိုင်သော လစာနှင့် အခွင့်အရေးများပေးကာ ထွန်းမင်းကျော်ကို ဆွဲထုတ်သွားသည်မှာ သေချာနေပြီမဟုတ်လား။

စနောင့်စနင်းစိတ်များနှင့် အလုပ်တွင် အာရုံမငြိဘဲ လုပ်ရိုးလုပ်စဉ်လို ဝတ်ကျေတမ်းကျေ လုပ်နေလိုက်၏။ ကျောင်းသားအရွယ် လူငယ်လေးများ အလှဓာတ်ပုံရိုက်ဖို့ လာကြသည်မှို့ တော်တော့သည်။

ငါနဲ့မခေါ်ရင် ငါ့အိုးပုတ်ပြန်ပေး ဟု မပြောရုံတမည် ကလေးဆန်သောလုပ်ကွက်များက သူ့အကျိုးစီးပွားကို ယိုင်အောင် ယိမ်းအောင် နှဲ့နေပြီဖြစ်ကြောင်း ရိပ်စားမိ၏။

သို့ဖြစ်၍ ဦးအောင်ခန့်နီကို ပြန်လည်ရင်ဆိုင်ရန် စိတ်ခွန်အားများ ပြန်စုစည်းရသည်။ သူ့ဘက်တွင် နီမိုးလွင်၊ ဦးပြည့်စုံနှင့်ဒွေးမယ်နော်တို့ရှိနေနိုင်၏။ နော်ထံမှ အကူအညီကိုတော့ သူ မလိုချင်ပေ။

သူ့တူမချောက်ုံ အညာကိုင်ပြီးတွဲနေတာ ဒီကဝေကြီးသိသွားလျှင် ဘယ်လိုဖြစ်သွားနိုင်သနည်းဟုတွေးကြည့်၏။ လူမဆန်သော ကဝေကြီးက ဒီလောက်နှင့်တော့ တုန့်လှုပ်မည်မထင်။ မိန်းမဘက်က တူမကိုထိပါး၍ နာတတ်မည့်လူစားမျိုးမဟုတ်။

သို့ဆိုလျှင် ဆရာဦးပြည့်စုံနှင့် အဆောတလျှင် စကားပြောဖို့ မဖြစ်မနေ လိုအပ်လာကြောင်း ကောင်းကောင်းသဘောပေါက်သွား၏။ ထိုအခါမှ သူ့လိပ်စာကဒ်သာပေးခဲ့ပြီး ဆရာ့ထံမှ ဖုန်းနံပါတ်တောင် မတောင်းခဲ့မိကြောင်း သတိရသွားသည်။ ထို့ကြောင့် သက်ပြင်းကိုသာ





ချလိုက်ရတော့၏။

စိတ်မကြည်လင်သဖြင့် နော်နှင့် အပန်းဖြေဖို့ကိုပင် အာရုံမကျဘဲ အိမ်သို့သာ ပြန်လာခဲ့သည်။ အိမ်တွင် အဖေရောက်နေတာတွေ့ရ၏။ အဖေ့ကိုပင် ဝတ်ကျေတမ်းကျေသာနှုတ်ဆက်ပြီး ရေချိုးခန်းထဲဝင်ကာ ရေစိမ်နေလိုက်သည်။

တော်တော်ကြာအောင် ရေချိုးပြီးမှ ထွက်လာခဲ့ရာ တာဝန်ကျေစောင့်နေသော သင်း၏လက်ထဲတွင် သူ့ဖုန်းကိုတွေ့ရသည်။ သူ ထိတ်လန့်စွာနှင့် လှမ်းယူမည်အပြုတွင်

"ဖုန်းလာတယ် ကိုကို၊ ရွှေလိပ်ပြာ ပုဆိုးဆက်ရုံက"

"ပြော် ပေး ပေး"

သင်းက မျက်နှာတည်တည်ကြီးနှင့် ဖုန်းပေးပြီးထွက်သွား၏။ ရွှေလိပ်ပြာနံပါတ်ကို ပြန်ရှာပြီး ဆက်သွယ်လိုက်သည်၊

"ဟယ်လို ဓာတ်ပုံ လွတ်လပ်သူပါ"

"ဟုတ်ကဲ့ ကျွန်တော် ဝမ်းတွင်းက ရွှေလိပ်ပြာ ရက်ကန်းရုံပိုင်ရှင် ဦးစိန်လှုံပါ"

"မှတ်မိပါတယ် ကိစ္စကိုအမိန့်ရှိပါဦး"

"ကျွန်တော် ရန်ကုန်ရောက်တုန်းက ခရီးသွားဟန်လွှဲဆိုသလို ပုဆိုးကြော်ငြာဖို့ ဝင်ဆွေးနွေးဖူးပါတယ်"

"ဟုတ်ကဲ့ ကန်ကျစရိတ်တောင် ညှိခဲ့ကြပြီးပြီလေ"

"ဟုတ်ပါတယ် အားနာပါတယ်ဆရာရယ်၊ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ဖြစ်ဦးမှာမဟုတ်ဘူး၊ အရောင်းကျလို့ ငွေမပေါ်တဲ့အချိန်ထပ်ပြီး ငွေလုံးငွေရင်းစိုက်နိုင်မှာ မဟုတ်သေးလို့ ရိုက်ရက် ရွှေ့ပေးပါလားဆရာ"

"ဘယ်လောက် စောင့်ရမှာတုန်း"

"ခြောက်လလောက်ပါ ဆရာ"

"ရပါတယ် ခြောက်လပြည့်ရင်လည်း တခြားဒါရိုက်တာနဲ့သာ ရိုက်လိုက်ပါ"

လွတ်လပ်ဒေါ်ပွပွနှင့် ဘုပြောပြီး အဆက်အသွယ် ဖြတ်လိုက်၏။ ပြီးမှ စောစောက သင်း၏မျက်နှာရိပ်မျက်နှာကဲကို သတိရပြီး မလုံမလဲ စိတ်နှင့်ဖုန်းကို စစ်ဆေးကြည့်လိုက်၏။ ထင်သည့်အတိုင်း နော်က မက်ဆေ့ချ်ပို့ထားတာတွေ့ရသည်။ လွတ်လပ် ခေါင်းမီးတောက်သွား၏။

'ဘာလို့ မလာတာလဲ နော် စောင့်နေတယ်' ဟူသော အင်္ဂလိပ်ဘာသာစာတန်းလေးက သင်း၏သံသယမီးတောက်အား CNG ဖျန်းပေးသလိုဖြစ်ဘော့မည်မှန်း သိပြီး ခေါင်းကိုက်သွားတော့သည်။

မလာနိုင်တော့ကြောင်း ခပ်သွက်သွက် အကြောင်းကြားပြီး ထမင်းစားခန်းသို့ လာခဲ့၏။ အဖေပါ ထိုင်နေတာတွေ့၍ ထူးဆန်းသလို ခံစားလိုက်ရသည်။

"အဖေ မင်းနဲ့အတူ[illegible]းဖို့စောင့်နေတာ"

"ဟောဗျာ သားက အချိန်မှန်တာမှ မဟုတ်ဘဲ၊ စားနှင့်လိုက်တာမဟုတ်ဘူး အဖေရာ အဆာခံလို့"

"စကားလေး ဘာလေးပြောရတာပေါ့ကွာ"





သင်းက ဘာစကားမှ မဆိုဘဲ ထမင်းဖြည့်ပေး၏။ ဟင်းထည့်ပေး၏။ လွတ်လပ်ကိုတော့ ယောင်၍မျှ လှည့်မကြည့်။ ရေနွေးကြမ်းသာမက သောက်ရေအထိ အပြည့်အစုံလုပ်ပေးပြီး သင်းထွက်သွား၏။

"မင်း ခုတလော အိမ်ပြန်နောက်ကျတယ်ဆို"

"သင်း ပြောတာလား အဖေ"

"မင်းရဲ့သားကြီး ပြောတာပါ"

"ဒေဝီနဲ့ပတ်သက်လို့ မဖြစ်ဘူးဆိုတာ အဖေ သေချာပြောပြီးပြီနော်"

"ဟုတ်ကဲ့ပါ သား စိတ်ညစ်နေတယ် အဖေ၊ အဲဒီကိစ္စတော့ မဟုတ်ဘူး အလုပ်ကိစ္စသက်သက်ပါ"

"ဘာတွေဖြစ်နေလို့လဲ"

လွတ်လပ်က ဒေဝတာ အုပ်စုနှင့် ပတ်သက်သမျှ ရှင်းလင်းပြောပြလိုက်၏။ ဦးအောင်ခန့်နီက ဒေဝီ၏ဦးလေးဖြစ်ကြောင်း ရှင်းပြပြီးသည့်အခါမှာတော့ အဖေထမင်းဆက်မစားနိုင်တော့ချေ။

"ဒါဆို မင်းအလုပ်တွေကို အနှောင့်အယှက်ပေးနေပြီပေါ့"

"ခုလေးတင် ပုဆိုးကြော်ငြာရှင်က ဖုန်း ဆက်ပြီး ဖျက်သွားပြန်ပြီ"

"သူလုပ်တယ်လို့ကော သက်သေရှိလား"

"သူကလွဲပြီး နှောင့်ယှက်မယ့်လူမှမရှိတာ၊ ဒါပေမဲ့ သက်သေဘာမှမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ငန်းရှင်အချင်းချင်း ရင်းနှီးမှုနဲ့ ဖိအားပေးပြီး အလုပ်တွေ ဖျက်နိုင်းတဲ့သဘောမျိုးပေါ့"

"ဟုတ်တယ် အဖေ၊ တချို့ဆို စရံတောင် အဆုံးခံတဲ့အထိပဲ"

"အင်း တော်တော် အငြိုးကြီးတဲ့သူပဲနော်၊ သူပေးတဲ့သိန်းနှစ်ဆယ်နဲ့ ငါ့သားမလောက်ဘူးလား"

"သူများလက်အောက်မှာလေ အဖေရဲ၊ ပြီးတော့ ပုံမှန်အတိုင်းဆို သားက တစ်လ သုံးလေးဆယ်လောက်ရတာ"

"အင်း ခက်တော့ ခက်နေပြီ၊ အဖေက စိုးရိမ်လို့ ပြောတာပါ၊ ဆရာလို ရပ်တည်နိုင်တဲ့သူက ဘာလို့တပည့်လုပ်ရမှာလဲ၊ ငါ့သား စိတ်ကို အဖေသိပါတယ်၊ ဒါနဲ့ ဒေဝီနဲ့မင်း ရင်းနှီးတယ်ဆိုတာကော အဲဒီလူကြီး သိနေသလား"

"သိမယ် မထင်ပါဘူး အဖေ"

"တွေးရတော့ ခက်သားကွ၊ ရာဇဝတ်မှုလည်းမဟုတ်၊ ဥပဒေချိုးဖောက်တဲ့လုပ်ရပ်လည်းမဟုတ်တော့ အတော်ခက်တယ်၊ အဲ့မှန်တကယ် အကျိုးစီးပွားထိခိုက်[illegible]ပေမယ့် ဘာမှပြန်လုပ်လို့မရတဲ့ အနေအထား"

ပရိတိန်း မပေးနိုင်တော့သော အဖေက စိတ်ပျက်လက်ပျက် လေသံနှင့် ညည်းတွား၏။ ဒေဝီ့ကိစ္စမှ အရေးပေါ်ထွက်ပေါက်ရရန် အလုပ်ကိစ္စအားအသုံးချသလို ပြောလိုက်ရသော်လည်း အဖေ့ကိုစိတ်ဒုက္ခတွေ ပေးမိသွားပြီမှန်း သိ၍ စိတ်မကောင်းဖြစ်ရသည်။





နှစ်ယောက်စလုံး မစားဖြစ်တော့သော ထမင်းကို လက်စသတ်လိုက်ကြ၏။ တစ်ဆို့နေမှုကို ရေသောက်၍ ဖြေဖျောက်ရင်း

"ငါ့သား သူ့ကိုဘယ်လိုရင်ဆိုင်မလဲ"

"သားတော့ လုံးဝအလျှော့မပေးချင်ဘူး အဖေ"

"ကောင်းတယ် သား။ သက်သေလေးတစ်ခုလောက်သာ ရပါစေ ဂျာနယ်မှာဖွင့်ချပြီး အဖေပါ ဝိုင်းဆော်မယ်"

"ကျေးဇူးပါပဲ အဖေ၊ သားဘက်မှာ အဖေရှိလို့ အတော်အားရှိသွားပါပြီ"

"ဒီရက်ထဲ မင်းမှာစိတ်ဖိစီးမှုတွေများနေလို့ ဘာဘာညာညာ အဖေလျှောက်ပြောမနေချင်တော့ဘူး၊ တစ်ခွန်းပဲ မှာခဲ့မယ်၊ ငါ့ချွေးမ စိတ်မဆင်းရဲစေနဲ့"

အဖေက ပြတ်ပြတ်သားသားပြောပြီး အားလုံးကိုနှုတ်ဆက်၍ ပြန်သွားသည်။ သင်းက သားနှင့်သမီးကို လက်ဆွဲခေါ်ပြီး အိမ်ပေါ်ထပ်တက်သွား၏။ လွတ်လပ်အား ယောင်လို့မျှ လှည့်ကြည့်မသွားချေ။

ထိုအမူအရာကို တောက်ရှူခြင်းအားဖြင့် နော် ပို့သည့်မက်ဆေ့ချ်ကို သင်းဖတ်ပြီးပြီဖြစ်ကြောင်း ကောက်ချက်ချမိရာ ရင်ထဲ ခဲဆွဲသလို လေးလံသွားရတော့၏။

ထိုညက လွတ်လပ်အနားတွင် ရှိနေသည်မှာ အရက်ပုလင်းနှင့် ဆက်စပ်ပစ္စည်းများသာ ဖြစ်တော့သည်လေ

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အက်ကြောင်းနှင့်ငယ်ပေါင်းကြီးဖော်

သက်ရှိသတ္တဝါလောကမှ ပင်လယ်ဖျံတို့သည်
ကာမဂုဏ်ခံစားရာတွင် လွန်စွာထက်သန်သည့်
တိရစ္ဆာန်တစ်မျိုးဖြစ်၏။
အုပ်စုတစ်စု၏ခေါင်းဆောင်ဖြစ်သော
ဖျံထီးကြီးသည် အုပ်စုအတွင်းမှ အခြား
ဖျံထီးများအား အရှင်ထားဘဲ အားလုံးကို
သုတ်သင်ပြီး အမ မှန်သမျှကို သိမ်းပိုက်၏။

တိရစ္ဆာန်လောကတွင် အများစုက လေးစားခန့်ညားကြသည်မှာ ခွန်အားနှင့်ရက်စက်ကြမ်းကြုတ်မှုသာ ဖြစ်သည်။ လူ့လောကမှာမူ တိရစ္ဆာန်လောကထက် ယဉ်ကျေးသည်ဟု အယူရှိကြသောကြောင့် ခွန်





အားအသုံးပြုကာ လုယူသိမ်းပိုက်မှုများ မြင်သာထင်သာ ရှိမနေချေ။

သို့သော် သူ့နည်းသူ့ဟန်နှင့်တော့ ပညာသားပါပါ သောင်းကျန်းနေကြတာပဲဖြစ်သည်။ ထိုကိစ္စတွင် အကျိုးပေးသန်သော သူများမှာ စိတ်ဆန္ဒရှိသည့်အတိုင်း ပြုမူခွင့်ရနေပြီး ပြဿနာလည်း မတက်ကြချေ။

အကျိုးပေးမသန်သည့် လွတ်လပ်သူမှာသာ တစ်ယောက်လောက်လက်တည့်စမ်းရုံနှင့် ပြဿနာက တစ်ထမ်းကြီး ကြုံနေတော့၏။ သင်းက အသံတိတ်ဆန္ဒပြကာ လျစ်လျူရှုခြင်းဖြင့် ထိုးနှက်တုန့်ပြန်သည်။ သို့နှင့်လွတ်လပ်မှာ အိမ်ထောင်ဦးစီးဖြစ်ပါလျက်နှင့် အိမ်တွင် အစာရေစာပြတ်နေ၏။

အိမ်သူ၏ပစ်ပယ်ခြင်းကိုခံရသောအခါ အပေါ်အသောက် အနေအထိုင် ဆင်းရဲခြင်းကို လက်ဆောင်ရတော့သည်။ လွတ်လပ် စိတ်တိုတိုနှင့် စားသောက်ဆိုင်တစ်ဆိုင်အတွင်း ကားကိုချိုးကွေ့ပင်လာခဲ့၏။ ကားပေါ်မှအဆင်းတွင် သူ့ဘေးသို့ ကားတစ်စီး ထိုးဆိုက်လာသည်။

ကြည့်လိုက်တော့ နော်ဖြစ်နေ၍ လွတ်လပ်မှာ အသေကောင်တွင် တွယ်ကပ်ခွင့်ရသော လောက်လို ပျော်မွေ့သွား၏။ ရောက်မဆိုက်ပင်

"ညက ဘယ်လိုဖြစ်တာလဲ ကိုလေး"

"ကဝေ ကိုက်လို့ စိတ်ညစ်ပြီး အိမ်ပြန်မသွားဘာ၊ ကိုယ်ရေချိုးနေတုန်း နော်ဆီက မက်ဆေ့ဝင်လာတော့ သင်းကတွေ့သွားရော၊ ဒီကြားထဲ အဖေကလည်း ရောက်နေတာလေ"



www.burmeseclassic.com

"ဩော် ဒီလိုကိုး၊ ကိုလေး အတော်စိတ်ညစ်သွားမှာပဲနော်၊ အကြောင်းမသိတော့ ကိုလေးကို စိတ်ကောက်မလို့ နောက်ယောင်ခံ လိုက်လာတာ"

"ကဲပါ တစ်ခုခုစားရင်း ပြောကြတာပေါ့"

လွတ်လပ်နှင့်နော် ဆိုင်ထဲဝင်လာပြီး ချောင်ကျကျထောင့်စားပွဲ တစ်လုံးတွင် ထိုင်၍ နံနက်စာ အာဟာရဖြည့်ကြ၏။ နော်က စိုးရိမ် ပူပန်စွာဖြင့် သိလိုသည်ကို မအောင့်အည်းနိုင်စွာမေးသည်။

"မမသင်း သောင်းကျန်းနေတာလား ကိုလေး"

"ဟင်အင်း ဘာမှမပြောတဲ့အပြင် အိမ်မှာ ကိုယ်မရှိသလိုမျိုး ကိုဆက်ဆံနေတာ နော်ရဲ့"

"ဟင် ဒါ ဒါဆို မမသင်း အရမ်းစိတ်ထိခိုက်သွားတဲ့သဘော မျိုးပေါ့နော်"

"ဟုတ်တယ် နော်၊ နောက်နှစ်ရက်လောက်ဆို ဝတ်စရာအဝတ် တောင်ရှိတော့မှာ မဟုတ်ဘ[illegible] စားတာက အပြင်မှာစားလို့ရတယ်"

"အဲဒါ နော့်ကြော[illegible]စ်ရတာ နော်တို့အိမ်လေးမှာ ချက်ပြုတ် ကျွေးမွေးရမလားဟင်၊ အဝတ်အစားတွေလည်း အသစ်ဝယ်လိုက်တာ ပေါ့"

"မဖြစ်သေးဘူး နော်၊ ဒီအချိန်မှာ ငြိမ်နေတာအကောင်းဆုံးပဲ"

"မစားနာလို့ပြောတာ မဟုတ်ပါဘူး၊ ဒါ နော်တို့နီးစပ်ဖို့ အခွင့် အရေးလေ"





"ကိုယ်သဘောပေါက်ပါတယ်နော်ရယ်၊ ဒါပေမဲ့ ခဏလောက် သည်းခံပြီး စောင့်လိုက်ပါဦး အဆိုးထဲက အကောင်းလို့ပြောနိုင်တာက ကိုယ်ဘာမှပြောစရာမလိုဘဲ ကိုယ်တို့အကြောင်း သူသိသွားပြီလေ၊ အဲဒါ မကောင်းဘူးလား"

နော်က အလိုမကျဟန်နှင့် နှုတ်ခမ်းစူသော်လည်း အတွန့်တက် ပြီးတောင်းဆိုခြင်းမပြု။

"ဒါထက် အရေးကြီးတာက နော့်ဦးလေး ကဝေကြီး ကိုယ့်ကို သိသိသာသာကြီး တိုက်ခိုက်နေပြီဆိုတာပဲ"

"ဟင် အဲဒါ သူ့အကျင့်ပဲလေ၊ ဘာမှအံ့သြစရာမရှိဘူး၊ ဒါ ကြောင့် ကိုလေးကိုပြောတာပေါ့ သူ့ဆီမှာပဲ အလုပ်ဝင်လိုက်ပါလို့ ဒါတွေ ကြိုမြင်လို့ ကိုလေးကို တားခဲ့တာ"

"နော်ကလည်းကွာ ကိုယ်က သူ့ကိုမှီတွယ်မှ ရှင်သန်ရမယ့် ကပ်ပါးမှမဟုတ်တာ၊ ကိုယ့်ခွန်ကိုယ့်အားနဲ့ရှင်သန်နိုင်ဝ၂ ရှက်ကျပင်ပေါက် လို လူစားပါ"

"သိပ်ခေါင်းမမာစေချင်ဘူး ကိုလေးရယ်"

"မပူပါနဲ့ နော်၊ ကိုယ်ကတော့ အဆုံးစွန်ထိ ကြံ့ကြံ့ခံ ရင်ဆိုင် သွားမှာ၊ ပြီးတော့ နော့်ကိုလည်း တရားဝင်မဟေသီဖြစ်အောင် ကြိုးစား မှာ၊ နည်းနည်းတော့ အချိန်ပေးပေါ့"

"ကြိုက်သလိုသာ လုပ်တော့ ကိုလေးရယ်၊ မော် ဘာမှမပြော တတ်တော့ဘူး"

www.burmeseclassic.com



လွတ်လပ်က နော်အါလက်ကိုဆွဲယူဆုပ်ကိုင်ထားလိုက်၏။ အမျိုး အမည်မသိ အင်အားတစ်ရပ် စီးဆင်းကူးစက်လာသလို ခံစားလိုက်ရ သည်။

■ ■ ■

လုပ်ငန်းခွင်တွင်လည်း အခြေအနေက ပိုပိုဆိုးလာ၏။ ရှိပြီး သားလက်ခံပြီးသား အတည်ပြုပြီးသား ကြော်ငြာရိုက်ကူးရေးကိစ္စများ အကြောင်းအမျိုးမျိုးနှင့် ပျက်ပြယ်သွားသလို လုပ်ငန်းသစ်များလည်း ထပ်ဝင်မလာတော့ချေ။

နာမည်ကြီး ဓာတ်ပုံဆရာတစ်ယောက်၏ စတူဒီယိုဖြစ်နေခြင်း ကြောင့် ကျောင်းသားကျောင်းသူများ၊ အပျော်တမ်းဓာတ်ပုံရိုက်ဖို့ ဝါသနာ ထုံသူ မိန်းကလေးများ ရောက်လာနေ၍ ပြတ်တောင်းပြတ်တောင်း ရိုက်ကူး ပေးနေရခြင်းဖြစ်၏။

ကြာတော့ အခြေအနေကို လွတ်လပ် သည်းမခံနိုင်တော့ချေ။ သို့နှင့် စတူဒီယိုစောစောပိတ်[illegible] ဦးအောင်ခန့်နီ၏ကုမ္ပဏီကြီးဆီသို့ ထွက် လာခဲ့၏။ ဂိတ်ဝနှင့်မလှမ်းမ[illegible]း၊ လမ်းတစ်ဖက်တွင် ကားရပ်ပြီး ရုံး ဆင်းချိန်ကို ကားထဲမှ စောင့်၍ အကဲခတ်သည်။

ဂိတ်ဝရှေ့တွင် ဖယ်ရီဘတ်(စ်)ကားသုံးစီး ထိုးဆိုက်ထား၏ လေးနာရီဆယ့်ငါးလောက်မှစပြီး တဖွဲဖွဲနှင့် ဝန်ထမ်းများထွက်လာကြ သည်။ ဆရာဦးပြည့်စုံ ဒုတိယဖယ်ရီပေါ် တက်သွားတာ တွေ့ရ၏ ထိုဖယ်ရီလူပြည့်၍ စထွက်သည်နှင့် တောက်လျှောက် နောက်မှလိုက်သွား





ခဲ့သည်။ ဘဝသံသရာရထားလို ရန်ကုန်မြို့အနှံ့ပတ်၍ တစ်ယောက်ချင်း လိုက်ပို့သည်ကို စိတ်ရှည်ရှည်နှင့်သည်းခံစိတ်မွေးပြီး လိုက်ခဲ့၏။

အကျိုးတော့ရှိသည်။ လေးဆယ့်ငါးမိနစ်ခန့် အပင်ပန်းခံလိုက် ရာ လမ်းသွယ်တစ်ခုထိပ်တွင် ကားရပ်ပြီး ဦးပြည့်စုံ ဆင်းသွားတာ မြင်၏။

ကားကိုခပ်သွက်သွက် မောင်းပြီး ဟွန်းတီး၍ ဦးပြည့်စုံအနား တွင် ထိုးရပ်လိုက်သည်။

"ဆရာ"

"ဟင် မောင်ရင်လေး"

"ဆရာ အချိန်ရတယ်မဟုတ်လား၊ တစ်နေရာမှာထိုင်ရင်း စကား ပြောကြရအောင်လား"

"အေး အတော်ပဲ ငါ မင်းကိုတွေ့ချင်နေဝ ဂ"

ဆရာက လိုလိုလားလား သဘောတူသဖြင့် အနီးဆုံးစား သောက်ဆိုင်သို့ ဝင်ခဲ့ကြ၏။ လွတ်လပ်သူက ဦးအောင်ခန့်နီနှင့်စတင် တွေ့ဆုံခဲ့ပုံမှစပြီး နောက်ဆုံးအခြေအနေအထိ သေချာရှင်းပြလိုက်၏။ အားလုံးခြုံငုံသုံးသပ်ပြီးသည့်နောက် ဦးပြည့်စုံက မချိပြုံးပြုံးကာ ခေါင်းကို သွက်သွက်ရမ်းနေလေတော့၏။

"ငါလည်း မင်းလိုအဖြစ်မျိုးနဲ့ ပက်ပင်းကြုံခဲ့ရတာပါပဲ၊ လွတ် လပ်မှုကို အပြည့်အဝခံစားခွင့်ရှိတဲ့ ပုဂ္ဂလိက ဓာတ်ပုံဆရာဘဝကို စွန့် လွှတ်ပြီး ကုမ္ပဏီကျွန်ဘဝနဲ့ အသက်ဆက်ခဲ့ရတာ အဲဒီပုဂ္ဂိုလ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲကွာ''

''သြော် ဆရာလည်း ထပ်တူခံစားခဲ့ရတာကိုး''

''ဟုတ်တယ် မောင်ရင် ဆရာ့အနေနဲ့ကတော့ အရင်းအနှီး မပြည့်စုံတဲ့ဘဝဆိုတာ သိပ်ပြီးကြာကြာတောင့်မခံနိုင်ခဲ့ဘူးပေါ့ကွာ၊ သူ့ အရိပ်အောက် ခိုဝင်ပြီး အသက်ဆက်ခဲ့ရတာပါပဲ''

''ဘယ်လိုနည်းလမ်းတွေ သုံးခဲ့လဲ ဆရာ''

''အခန်းငှားပြီး ဖွင့်ထားတဲ့ ဆရာ့ဓာတ်ပုံဆိုင်ကို ပစ်မှတ်ထား တာပေါ့၊ ဆိုင်ခန်းငှားစားတဲ့အိမ်ရှင်ရဲ့အိမ်ကို ကြိုက်ဈေးပေးပြီး ဝယ်ပ လိုက်တာလေ၊ ပိုင်ရှင်က အိမ်ရောင်းချင်တော့ စပေါ်ပြန်အမ်းပြီး နှင်တော့ တာပေါ့''

''ဆရာက တစ်ခါထဲနဲ့ လဲသွားခဲ့တာလား''

''ဘယ်ဟုတ်မလဲ ဆင်ခြေဖုံးရပ်ကွက်မှာ ပြန်ငှားပြီး ထပ်ဖွင့် ခဲ့သေးတယ်လေ၊ သူ မျက်[illegible]ပြတ်သွားတာ တစ်လတောင် မကြာဘူး စုံစမ်းပြီး လိုက်လာပြန်ရော [illegible]ဘြာပါဘူး အိမ်ရှင်က အိမ်ရောင်းမယ် ဖြစ်တော့တာပါပဲ''

''အသည်းအသန်ပါပဲလား ဆရာရယ်၊ ဓာတ်ပုံဆရာနဲ့ သူ့ ကုမ္ပဏီလုပ်ငန်းက ဘာဆိုင်လို့လဲ ဟိုတုန်းကတည်းက စတူဒီယိုလုပ်ငန်း က ရှိနေပြီလား''

''မရှိသေးပါဘူး၊ ပရောဂျက်ဆွဲတုန်းလေ၊ ဒါပေမဲ့ စေ့စပ်သေ ချာတဲ့သူဆိုတော့ ဘာအလုပ်မှ မရှိခင်မှာဘဲ ငါ့ကိုလုပ်ငန်းတွေ လေ့လာ





ထိုင်းကိုသုံးလ စင်ကာပူကိုတစ်လ လွှတ်ခဲ့တာလေ''

''သြော်''

''ဒါဆို ဆရာရှိနေရဲ့သားနဲ့ ကျွန်တော့်ကိုဘာလို့ ထပ်ပြီး ဆွဲ ခိုင်းနေရတာလဲ''

''ဟာ မင်းကလည်းကွာ ငါက အသက်ငါးဆယ်ကျော်ပြီလေ၊ ပြီးတော့ ကျန်းမာရေးကလည်းသိပ်ကောင်းတာ မဟုတ်ဘူး၊ ဒါ့အပြင် ငါက ကွန်ပျူတာနဲ့အင်တာနက် သိပ်မကျွမ်းဘူးကွ၊ ဒါကြောင့် ငါ့ကို ရာထူးချပြီး ကွန်ပျူတာအိတ်စပတ် ရှာနေတာ''

''ရှင်းပါပြီ ဆရာ တစ်ခုပဲ ဆရာ့ကို သူ့လက်အောက်ခေါ်ထား ချင်ရတဲ့ အဓိကရည်ရွယ်ချက်က ဘာလဲ''

ထိုမေးခွန်းကိုဖြေဖို့အတွက် ဆရာက ဘီယာကိုတစ်ဝက်ကျိုး အောင် မနားတမ်းမော့လိုက်သည်။ ပြီးမှ ပြုံးပြုံး ပြုံးပြုံးနှင့်

''သူနဲ့ငါက တက္ကသိုလ်မှာထဲက သူငယ်ချင်းတွေ ဟဲ ဟဲ ပြီး တော့လည်း မိန်းမတစ်ယောက်ထဲကို ပြိုင်ပိုးခဲ့ကြတဲ့ ပြိုင်ဘက်တွေပေါ့၊ အဲဒီပြိုင်ပွဲမှာ ငါက အနိုင်ရခဲ့တဲ့အတွက် မကျေမနပ်နဲ့လက်စားချေနေတာ ခုထိပဲ ဆိုပါတော့ကွာ''

ခပ်ပြုံးပြုံးနှင့် ပြောလိုက်သည့် ဆရာ့စကားကြားလိုက်ရသော အခါ လွတ်လပ် ပါးစပ်အဟောင်းသားပွင့်သွားတော့၏။

''ဟား တကယ်မလွယ်တဲ့ ပုဂ္ဂိုလ်ပါပဲလား၊ အငြိုးအတေးက လည်း ကြီးလိုက်တာဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ပုံမှန်တော့မဟုတ်ဘူးပေါ့၊ အငြိုးပေါ် အငြိုးဆင့်သွားခဲ့တာ"

"ဘယ်လိုများပါလိမ့် ဆရာရယ်"

"တို့တွေကျောင်းပြီးသွားတော့ သူ့အဖေထူထောင်ထားတဲ့ အရောင်းအဝယ်လုပ်ငန်းမှာ အတူတူ အလုပ်ဝင်ခဲ့ကြတယ်၊ အလုပ်ရပြီး မကြာခင်မှာ သူနဲ့ငါ ပြိုင်ပိုးခဲ့တဲ့ အမျိုးသမီးကို ငါလက်ထပ်လိုက်တယ်လေ"

"ဩော် အဲဒီမှာ အပြီးတိုင် ဆုံးရှုံးရပြီဆိုပြီး မကျေနပ်ချက်တွေ ဒီဂရီမြင့်သွားတယ်ဆိုပါတော့"

ဆရာက ခေါင်းတစ်ချက်ညိတ်ပြီး လက်ကျန်ကို အပြတ်ရှင်း၏။ လွတ်လပ်က အလိုက်တသိနှင့် နောက်တစ်ဂျားထပ်မှာပေးလိုက်ပြန်သည်။ နံ့ရိုးကြော်တစ်ဖတ် ကောက်ဝါးပြီး ဆရာက စကားဆက်၏။

"အဲဒါတင် မကသေးဘူးကွ မောင်ရင်ရ၊ သူလည်း မခံချင်စိတ်နဲ့ မိန်းမကောက်ယူလိုက်တယ်လေ"

"အဟဲ အခုမှ ပွဲက[illegible]က်ရှည်တူသွားတာ ဆရာရဲ့"

"လက်ရှည်တူတာမဟုတ်ဘူး၊ အဲဒီကစပြီး တစ်ဖက်သတ်ဖြစ်သွားတာကွ"

"ဗျာ"

"မင်္ဂလာဆောင်က အပြန်မှာ ကားမှောက်ပြီး အဲသစ်စက်စက်လင်မယားနှစ်ယောက်လုံး ဆေးရုံရောက်သွားကြတယ်လေ"

"ဟာ ကားကိုဘယ်သူမောင်းတာလဲဟင်"





"အောင်ခန့်နီကိုယ်တိုင်ပေါ့၊ ဒဏ်ရာပြင်းလွန်းလို့ နှစ်ယောက်လုံး အတွင်းလူနာအဖြစ် ဆေးရုံမှာအကြာကြီးနေခဲ့ကြရတယ်၊ ကံကောင်းလို့ အသက်မသေပေမယ့် သူ့ဇနီးဟာ မျိုးကန်းသွားခဲ့တယ်လေ"

"ဗျာ"

"သားအိမ်ထုတ်ပစ်ခဲ့ရလို့ ကိုယ်ဝန်မဆောင်နိုင်တော့တဲ့အပြင် ခြေထောက်တစ်ဖက်ပါ ဆာသွားခဲ့ရတာကွ"

"အဖြစ်ဆိုးလှချည်လားဗျာ ဒါကြောင့် ပွဲလမ်းသဘင်မှာ သူ့ကို တစ်ယောက်ထဲ တွေ့ရတာကိုး"

"ဟုတ်တယ် မောင်ရင်လေး ငါက ငါချစ်တဲ့မိန်းမနဲ့ပျော်ပျော်ပါးပါး ပေါင်းသင်းပြီး သားသမီးတွေပွားစည်လေလေ သူက မခံချိမခံသာ ဖြစ်လေလေပဲပေါ့"

စကားပြောလိုက် ဘီယာစုပ်လိုက်နှင့် ဆရာ အာရှင်နေလေ၏။

"အဲဒီအဖြစ်အပျက်တွေစုစည်းပြီး မခံစားနိုင်တော့တာက တစ်ကြောင်း သူ့ကိုမရွေးချယ်ခဲ့တဲ့ ငါ့မိန်းမကို မကျေနပ်တာကတစ်ကြောင်း အားလုံးပေါင်းစုပြီး ငါ့ကိုနှိပ်စက်တော့တာလေ"

"ဩော်"

"ဒါကြောင့် သူ့အဖေဆုံးတဲ့အချိန်မှာ အလုပ်ထွက်ပြီး ငါတတ်မြောက်ထားတဲ့ခါတ်ပုံလုပ်ငန်းနဲ့ပဲ ရပ်တည်ခဲ့တာ၊ ငါ့အစွမ်းအစနဲ့ အဆင်ပြေနေတဲ့ တို့မိသားစုကို သူက မကြည့်ချင်မမြင်ချင်ဘူး၊ သူကြိုက်ခဲ့တဲ့ ငါ့မိန်းမ ငါ့ကြောင့် ထမင်းဝပြီးလုပ်နေတာကို သူမလိုလားဘူး အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့လက်အောက်မှာ ငါ့ကိုအမြဲရှိနေစေချင်တာလေ''

''အငြိုးကြီးကြီးနဲ့ တော်တော်စိတ်ယုတ်မာမွေးတဲ့လူပဲ''

''ငါဟာ သူ့လက်အောက်က ဝန်ထမ်း၊ သူကျွေးမွေးအလုပ်ပေးထားလို့ ငါတို့မိသားစု စားသောက်နေရတယ် ဆိုတဲ့အဖြစ်မျိုးပဲ သူက လိုလားတာ၊ ဒါ့အပြင် နောက်ထပ်သူ အတောင့်တဆုံးတစ်ခု ရှိသေးတယ်ကွ''

''အဲဒါကကော ဘာများလဲ ဆရာ''

''ငါ့မိန်းမ ပါးစပ်ကနေ အိမ်ထောင်ဘက်ရွေးခဲ့တာ မှားသွားပါပြီဆိုတဲ့ ဝန်ခံစကားတစ်ခွန်းပဲပေါ့၊ အဲဒီစကားတစ်ခွန်းကို ကြားချင်လို့ သူ အသက်ဆက်ရှင်နေတာ''

''ဟား တကယ်မလွယ်တဲ့လူပါလား''

''ဒါပေမဲ့ ငါသိနေတယ်ကွာ အဲဒီစကားကို ဒီတစ်သက် သူ ဘယ်တော့မှ ကြားရမှာမဟုတ်ဘူးဆိုတာပဲ''

''ကောင်းလိုက်တာဗျာ၊ ကြားရလိုက်တာ ဒီတစ်ချက်ထဲနဲ့တင် ဆရာကတော့်ကို ကျွန်တော် တအားလေးစားသွားပြီ''

လွတ်လပ် စကားအဆုံးတွင် ဆရာဦးပြည့်စုံတစ်ယောက် စားပွဲကိုကုန်းပြီးနမ်းနေတာ တွေ့လိုက်ရ၏။ သူ ရေချိုးလွန်သွားခဲ့ပြီ။

■ ■ ■

လွတ်လပ်သူ ဖာတာနိမ့်ပြီး ပြဿနာပေါင်းစုံတက်နေချိန်တွင် နော်က စန်းထလာသည်။ မလေးရှားလုပ် အီလက်ထရောနစ်ပစ္စည်းများ





ကို မြန်မာပြည်အတွက် တစ်ဦးတည်းကိုယ်စားလှယ်ယူကာ ဖြန့်ချိမည့် ကုမ္ပဏီတစ်ခုက နော်အား လျှပ်စစ်ပစ္စည်းများ ကြော်ငြာပေးရန် တစ်နှစ်သက်တမ်းနှင့်စာချုပ်ချုပ်ငှားရမ်းခဲ့သည်။

ထိုပွဲကို ထရိတ်ဒါးတွင် ကျင်းပ၏။ သူဦးလေး၏ရန်ကို ကြိုတင်ကာကွယ်သည့်အနေနှင့် စာချုပ်သို့နှိုင်းစဉ်ကပင် ကြော်ငြာများကို လွတ်လပ်သူ တစ်ဦးတည်းသာ ရိုက်ကူးရန်ထည့်သွင်းချုပ်ဆိုခဲ့သည်။

ထရိတ်ဒါးသို့ အတူယှဉ်တွဲ၍ ရောက်လာသော လွတ်လပ်နှင့်နော်အား ဂျာနယ်များက သတင်းဦးရရန် မဟာဒယားဝိုင်း၍ ဗျူးကြ၏။ လုပ်ငန်း၏ကြီးကျယ်မှု၊ အနုပညာရေးရာများအပြင် နှစ်ယောက်သား၏ ကိုယ်ရေးပတ်သက်ဆက်နွယ်မှုများကိုပါ မေးမြန်းခံခဲ့ရသည်။

ပုဂ္ဂိုလ်ရေး ပတ်သက်မှု မေးခွန်းကို နှစ်ယောက်စလုံးမဖြေခဲ့သော်လည်း ထိုသို့မဖြေခဲ့ခြင်းက ဆိုးရွားသော နောက်ဆက်တွဲများကို ဖြစ်ပေါ်စေခဲ့၏။

နောက်တစ်နေ့ထွက် ဂျာနယ်များတွင် လွတ်လပ်နှင့်နော်၏ပုံများက ပြူးတူးပြဲတဲ ပါလာပြီး လူပြိန်းကြိုက်အညှီနံ့ သတင်းတစ်ကြောင်းလည်း ပါလာခဲ့၏။ ထိုသတင်းကြောင့် နှစ်ဖက်အသိုင်းအဝိုင်းအတွင်း ပြဿနာမီးတောက်က ပိုမိုကြီးထွားသွားရတော့သည်။

ထိုဂျာနယ်ထွက်သည့်နေ့က အိမ်အပြန်တွင် ဧည့်ခန်းမှ ထိုင်စောင့်နေသော သင်းကို ဂျာနယ်တစ်စောင်နှင့်အတူ တွေ့လိုက်ရသည်။ ဒီတစ်ကြိမ်မှာတော့ သင်းသည် အသံတိတ် စစ်ဆင်ရေးကိုစွန့်လွှတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရောက်‚ရောက်ချင်း အမြှောက်နှင့်ခွင်းသလို စစ်ခင်းတော့၏။

"ရှင် အဲဒီမိန်းမကိုယူဖို့ ဘယ်တော့လောက် ကျွန်မကို ကွာရှင်းမှာလဲ"

မေးခွန်းက ထက်ရှလှသဖြင့် သွေးစုနှာ အစိမ်းခွဲသလို ခံရခက်လှ၏။ ပါးစပ်ဆယ်ပေါက်ရှိလျှင်တောင်မှ ဘယ်လိုဖြေရမည့် မေးခွန်းမျိုးမှန်းမသိတော့။ သက်တောင့်သက်သာ ဖြစ်စေမည့် စကားလုံးများကို ရှာဖွေစုဆောင်းပြီး အရိုးမရှိသော လျှာ၏အကူအညီနှင့် တုန့်ဆိုင်းဆိုင်း အဖြေပေးမိသည်။

"ကိုယ် အဲလောက်ထိ မရည်ရွယ်ပါဘူး သင်း"

"မရည်ရွယ်ပါဘူး ဟုတ်လား ဒီလောက် ဟိုးလေးတကြော် ဖြစ်နေတာတောင် ရှင်က ဒီစကားပြောနေနိုင်သေးသလား၊ ကျွန်မ အသိုင်း အဝိုင်းမှာ ဘယ်လိုမျ[illegible]ပြုရတော့မှာလဲ"

"အော်ကြီးဟစ်ကျယ် [illegible]ပ်ပါနဲ့ သင်း၊ ကလေးတွေကော အိပ်နေကြတာလား"

"ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ အမေတို့အိမ်ပို့ထားလိုက်ပြီ"

မယားက အမျိုးမတော်သော်လည်း ရင်သွေးက အမျိုးတော်သည်။ ဒီလိုအဖြစ်ကိုတော့ လွတ်လပ် လက်မခံနိုင်ပါ။

"မဟုတ်သေးပါဘူးကွာ သင်း ဘာတွေလျှောက်လုပ်နေတာလဲ သားနဲ့သမီးကိစ္စက ဒီလိုဆုံးဖြတ်လို့ရမလား"

"အဲဒီကိစ္စ ပြတ်ပြတ်သားသား ပြောထားလိုက်မယ်၊ ရှင် ကွာ





ရှင်းဖို့စိတ်ကူးတဲ့အခါမှာ ထည့်စဉ်းစားရမယ့်ဟာတွေပေါ့၊ တစ် ရှင် ဒီအိမ်ပေါ်က ခြေလွတ်လက်လွတ် ဆင်းသွားရမယ်၊ ဒိုလိုတာက တိုက် ရယ် ကားရယ် ဘဏ်စာရင်းစာအုပ်ရယ် ကျွန်မအတွက်သို့ ပြောတာ"

"ဒီမယ် သင်း"

"ကျွန်မ စကားမဆုံးသေးဘူး နှစ် ရှင့်ရဲ့ရပိုင်ခွင့်က စတုဒီယိုပဲ သုံး သားနဲ့သမီးရဲ့အုပ်ထိန်းသူက ကျွန်မပဲ"

"အဲလိုတော့ ဘယ်ဖြစ်မလဲကွ"

"အဲဒါတော့ ရှင်စဉ်းစားပေါ့၊ ဒီကိစ္စ ကျွန်မ ဆုတ်ဆော့တာမှ မဟုတ်တာ၊ သဘောတူနိုင်မှ ကွာရှင်း၊ ကျွန်မဘက်က လျှော့ပေးစရာ အကြောင်းတော့ လုံးဝမရှိဘူး"

"ကိုယ် လုံးဝသဘောမတူနိုင်ဘူး သင်း"

"ရှင်နဲ့ပြောစရာ စကားကုန်ပြီ"

သင်းက ပြတ်တောက်မာကြောစွာ ပြောပြီး အိမ်ပေါ်တက်သွား၏။ အဲဒါလည်း တစ်မျိုးတော့ကောင်းပါသည်။ နှစ်ဖက်လုံး သွေးအေးအေးနှင့် ထပ်မံစဉ်းစား၍ရသည်လေ။ ဥမကွဲသိုက်မပျက် အနေအထား ပြန်၍ရလိုရငြား ရင်ကြားစေ့သည့်အနေနှင့်ပေါ့။

တိတ်ဆိတ်ငြိမ်သက်နေသော တိုက်ကြီးအတွင်း ပေလေးဆယ် ခြောက်ဆယ် ဧရိယာတွင် လူတစ်ဦးစီ သီးသန့်ရှိနေကြ၏။

တစ်ခါက ငုံထားမတတ်ချစ်ခဲ့ကြသော အရင်းနှီးဆုံးတစ်စိမ်း နှစ်ယောက်မှာ ယခုအခါ မျက်နှာချင်းဆိုင်၍ မရတော့။



www.burmeseclassic.com

www.burmeseclassic.com



လူတို့၏စိတ်ခံစားမှုသည်လည်း တစ်နေ့တခြား တိုးတက်ပြောင်းလဲဆန်းသစ်လာသော နည်းပညာများကဲ့သို့ပင် အဆင့်ဆင့် ပြောင်းလဲတတ်လေသလား။

ပြောင်းလဲတတ်သော စိတ်ခံစားမှုကို ဖြေသိမ့်ရန်မှာ မပြောင်းလဲတတ်သော အရက်ကိုသောက်လိုက်ဖို့သာ ရှိ၏။ သေရည်ပေါ်ဦးကာလမှစ၍ ယနေ့ထိ ထိုအရာ၏ဂုဏ်သိက္ခာဖြစ်သော မူးယစ်ခြင်းသည် လုံးဝပြောင်းလဲမှုမရှိသေးပေ။

နှစ်ချို့အရက်သောက်လျှင် မူးသလို မနေ့တစ်နေ့က ချက်သောအရက်ကိုသောက်လျှင်လည်း မူးနေမှာပဲ ဖြစ်၏။

ခဏတဖြုတ်လောက် မေ့လိုသူတို့အတွက် သေရည်သေရက်သည် အစွမ်းကုန် ကူညီပေးမြ[illegible]ဖြစ်သည်။

ထိုအခါ လွတ်လပ်သူမှ[illegible]ိက်ကော်မရှင်နာကိုသာ ယယ်ပေါင်းကြီးဖော် သူငယ်ချင်းအဖြစ် တရား[illegible]ခန့်အပ်လိုက်လေတော့၏။

■ ■ ■

## ဆူးကျိုးဖက်ပေါက်

အမျိုးသမီးများ အခွင့်အရေး ဒင်ပြည့်ကျပ်ပြည့်
ရရှိမှုဖြစ်စဉ်တွင်၊ မြန်မာသည် စံနှုန်း
မြင့်မြင့်မားမား ရရှိထား၏။
သို့သော် အချစ်ခေါင်းစဉ်အောက်မှ
နှစ်ဦးသဘောတူ ဖြစ်စဉ်များတွင်မူ
ထိခိုက်နာကျင်မှုများ ရှိနေဆဲပင်ဖြစ်သည်။

ဒီလို ဆူးမကျိုး ဖက်မပေါက်သည့်ကိစ္စများမှာ ပုဂ္ဂလိက လူမှုရေးခံစားမှုသာဖြစ်သဖြင့် ကုလသမဂ္ဂကြားဝင်ပေးနိုင်မှာလည်း မဖြစ်နိုင်တော့ချေ။

ဒီကြားထဲ မိရိုးဖလာဓလေ့နှင့် လူမှုရေးကျင့်ဝတ်ကို ဖောက်ဖျက်မိသူများမှာတော့ ဆွေမျိုးအသိုင်းအဝိုင်းနှင့်ပတ်ဝန်းကျင်၏ပြစ်တင်

ဖျူးတာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ချမှုကိုပါ အပိုဆုအဖြစ် ရတတ်သေးသည်။

ဒွေးမယ်နော်မှာလည်း ထိုအမျိုးအစားထဲတွင် ပါဝင်သွားသဖြင့် အဒေါ်အရင်းနှင့် ဦးလေးတို့ကပါ စာနာပေးနိုင်ခြင်းမရှိတော့ရာ အမှုတွဲ စာရင်းဝင်သူကိုသာ ရိုးရာနတ်လို သဘောထားကိုးကွယ်ရတော့၏။

ဒွေးမယ်နော်တွင် လွတ်လပ်သူမှတစ်ပါး ကိုးကွယ်အားကိုး အားထားမရှိတော့။ ထိုအခါ လွတ်လပ်ထံသို့ နော် ဖုန်းဆက်ရတော့သည်။

သူတို့၏ကွန်းခိုရာတွင် နှစ်ဦးသား ဒူးတိုက်ဆွေးနွေးကြရ၏။ ဦးတည်ချက်က အနာဂတ်လမ်းစဉ်သာဖြစ်သည်။

"ဦးလေးနဲ့ဒေါ်ဒေါ်က ကိုလေးနဲ့ပတ်သက်မှုအဆင့်အပေါ် သံသယတွေဖြစ်နေကြတယ်လေ"

"နော်က ဘယ်လိုဖြေလိုက်လဲ"

"အင်တာဗျူးမှာလိုပဲ [illegible]မှုမဖြေခဲ့ဘူး"

"ဦးအောင်ခန့်နီကကော [illegible]ပြောသေးလဲ"

"သူနဲ့စစ်ဖြစ်နေတဲ့သူကို မဟာမိတ်အဖြစ် လက်တွဲတာဟာ သူ့ကိုသစ္စာဖောက်တာပဲတဲ့"

"အဲဒီတော့"

"အစွမ်းအစရှိရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပါတဲ့"

"နှင်ချလိုက်ပြီပေါ့"

နော်က ဖြည်းဖြည်းလေးလေး ခေါင်းညိတ်ပြ၏။

"ဒါဆို ဘဝတူတွေပါပဲ နော်ရယ်"





"ဟင် ကိုလေးလည်း"

"ဟုတ်တယ် နော်၊ ကွာရှင်းမယ်ဆိုရင် လိုက်နာဖို့စည်းကမ်း တောင် တစ်ဖက်သတ်သတ်မှတ်ပေးသွားပြီးပြီ"

"နော်တို့ ဘာဆက်လုပ်ကြမလဲဟင်"

"အားလုံးက တွန်းပို့နေကြတော့လည်း သူတို့ပို့ပေးတဲ့နေရာ ကို အရောက်သွားရတော့မှာပဲပေါ့"

"ကိုလေး နော့်ကိုလက်ထပ်မယ်လို့ ပြော[illegible]တာလား"

"အဲဒါမှ တစ်ယောက်ကိုတစ်ယောက် ဖေး[illegible]တော့မှာလေ"

"စိတ်ထဲက ရည်မှန်းချက်ဖြစ်ပေမယ့် တက[illegible]ကြုံတော့လည်း စိတ်အားထက်သန်မှု မရှိသလိုပဲ ကိုလေး"

"အဲဒါ ပတ်ဝန်းကျင်ရဲ့ဖိအားတွေကြောင့်[illegible]"

"ဟုတ်မှာပါလေ ကဲ ထားလိုက်ပါတော့၊ [illegible]ိုလေးရဲ့ နော့်ကို စောင့်ရှောက်မယ့်အစီအစဉ်တွေ ပြောပါဦး၊ စိတ်ပါလ[illegible]ါ ဖြစ်လာမလား လို့"

ကိုယ်ဆော့ကစားခဲ့သော ဂိမ်းတစ်ခု ဂိမ်းပွဲဲမရောက်ဘဲ ဂိမ်း ဒိုတာဖြစ်သွားမှာကိုတော့ လွတ်လပ် မလိုလားပါ။ သို့ဖြစ်၍ N.G.O တို့၏လုပ်ထုံးလုပ်နည်းနှင့်အညီ အကူအညီပေးရေး အစီအစဉ်ကို ချပြ လိုက်သည်။

"အရင်ဆုံး နှစ်ဖက် ဘော်ဒါ အနည်းအကျဉ်းခေါ်ပြီး တရားရုံး မှာ လက်ထပ်ကြမယ်လေ၊ အရေးပေါ်အခြေအနေဆိုတော့ ဟန်းနီးမွန်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်နိုင်မှာမဟုတ်ဘူး။ နေတာကတော့ ဒီမှာဖြစ်ဖြစ် ကိုယ့်စတူဒီယိုမှာ ဖြစ်ဖြစ် နေလို့ရတာပဲလေ၊ နော် ဘယ်လိုသဘောရလဲ''

''မျှဝေခံစားရတာမဟုတ်သလို အငယ်အနှောင်းလည်း မဟုတ် လို့ နော် ပျော်လို့ရမယ် ထင်ပါတယ် ကိုလေးရယ်''

နှစ်ဦးစလုံး ရင်ထဲမှာ ဆတ်ဆော့မှု ကနဦးကာလကကဲ့သို့ အားတက်သရောမရှိလှတာကို ရှင်းရှင်းလင်းလင်း သိမြင်နေကြ၏။ ခု တော့ ရှေ့မတိုး နောက်မဆုတ် လုပ်နေဖို့ အချိန်မရှိတော့ချေ။

ရဲရဲဝံ့ဝံ့ ခြေလှမ်းများနှင့်မီးလျှံတွင်းသို့ ခုန်ချပြီး ဖီးနစ်ငှက်လို အသစ်တစ်ဖန် ရှင်သန်ကြရန်သာ ဆုံးဖြတ်လိုက်ရတော့၏။ စာနာမှုများ နှင့် ဖေးမ၍ အချင်းချင်း ထွေးပွေ့ထားလိုက်ကြသည်။

ပန်းလည်းမ[illegible] အခါတော်လည်းမပေး၊ ခရုသင်းလည်း မမှုတ် ဘဲ ချွေးရုံကင်းသည့် ဝ[illegible]ချင်တွင် နော်၏လက်ကို ပိုင်ပိုင်နိုင်နိုင် ဆွဲပြီး ရဲရဲဝံ့ဝံ့ဆင်းလာကြ၏။

သူငယ်ချင်းအချို့ကို ဖုန်းဆက်ခေါ်ထားသဖြင့် တိုက်ရှေ့မှ ကားအနီး ခေတ္တမျှ ရပ်စောင့်နေကြ၏။ အနီးအနားတွင် လူသူကင်းရှင်း နေသည်မှာ နေ့ခင်းမဟုတ်ပါလေစဟု ထင်ရ၏။

လေပွေတစ်ပွေ့က တစ်အုံတစ်မ ဖြစ်နေသော ရွက်ကြွေတို့ကို သယ်ဆောင်ကာ နေရာပြောင်းရွှေ့ပေးသည်။ နေသာသော်လည်း တိမ် ထူထပ်သဖြင့် အလင်းရောင်က မှုန်တစ်ချက် လင်းတစ်လှည့်ဖြစ်နေ၏။

မလှမ်းမကမ်းအုတ်ခုံတွင် ဝတ်စုံပြည့်နှင့် လူငယ်ပြိုင်စက်ဘီး





သမားသုံးယောက် ခဏ အနားယူနေကြသည်။ မြင်ကွင်းက ရှင်းသလို တိတ်ဆိတ်မှုက လွှမ်းမိုးနေ၏။

ထိုအခိုက် လွတ်လပ်၏ဖုန်းမြည်လာသည်။ စတူဒီယိုမှဆက် သည့်ဖုန်းမို့ ဖွင့်ပြီးပြောဆိုလိုက်၏။ လိုင်းမမိသပြင့် လမ်းမဘက်ဆီ လျှောက်ရင်း စကားပြောရသည်။ ထိုစဉ် စက်ဘီးစီးလူငယ်များ ခရီးဆက် ရန် နင်းထွက်လာကြသည်ကိုမြင်မိ၏။

တစ်ဖက်မှ စကားကို အာရုံစိုက်နေစဉ် စက်ဘီးစီးအဖွဲ့ အနား သို့ ရောက်လာသည်။ နော့်ကို လှမ်းကြည့်ပြီး ဝမ်းသာစရာသတင်းကို မျှဝေရန် ပြန်လာစဉ် နောက်စေ့တွင် ထုပုပြီး ဖုန်းပါလွင့်ထွက်သွားသည်။ နောက်ထပ် နာကျင်မှုများ ခန္ဓာကိုယ်နေရာအနှံ့တွင် ခံစားလိုက်ရပြီး နောက် ပုံရက်သား လဲကျသွားခဲ့၏။

နာကျင်မှုများကြားမှ နော်၏အထိတ်တလန့် အော်သံကို နောက်ဆုံးအနေနှင့် ကြားလိုက်ရသည်။

■ ■ ■

တရားရုံးသွားရန် ရည်စူးခဲ့ကြသော်လည်း တကယ်တမ်း ရောက်ခဲ့ရသည်မှာ ဆေးရုံဖြစ်၏။ မည်မျှကြာအောင် မေ့မြောသွားခဲ့ သည်မသိ။ သတိရလာသောအခါ စိုးရိမ်တကြီး ဝိုင်းကြည့်နေကြသော နော် အမေနှင့် ယမုံနွယ်တို့ကို တွေ့ရ၏။

ခေါင်းကတဆစ်ဆစ် ကိုက်ခဲနာကျင်နေသဖြင့် စမ်းကြည့်ရာ တ်တီးရှိနေကြောင်း သိလိုက်ရသည်။ တံတောင်ဆစ်တွင်လည်း ပွန်းပဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာများကို ပလာစတာကပ်ထားတာတွေ့၏။

"ဘယ်လိုဖြစ်တာလဲ နော်"

"စက်တီးသမားသုံးယောက် ကိုလေးကို ဝိုင်းရိုက်သွားကြတာ"

"ရန်ငြိုးရန်စလည်း မရှိပါဘူး"

အဖေက စဉ်းစဉ်းစားစားနှင့်တွက်ဆ၍ ဖြစ်နိုင်ချေကို မှန်းဆပြ၏။

"မင်းတို့လုပ်ရပ်ကို တားဆီးဖို့ တစ်ယောက်ယောက်က ကြိုးစားတာနေမှာပေါ့"

ထိုအခါ နော် မျက်လုံးပြူးသွားခဲ့သည်။ မဝ့်မရဲ လေသံနှင့်

"ဒါ ဒါဆို ဦးလေး လက်ချက်များလား"

"ဘာ ကိုအောင်ခန့်နီလက်ချက် ဟုတ်လား"

"ဖြစ်နိုင်ချေကို သမီးမှန်းဆမိတာပါ ဦး"

"ဒါဆိုရင်တော့ သူ့ကိုလွှတ်ထားလို့မရတော့ဘူး တစ်ခုခုတုံ့ပြန်မှဖြစ်မယ်"

"အဓိကကျတဲ့ သက်သေမှ မရှိတာ အဖေရာ"

အားလုံးခေတ္တမျှ တိတ်ဆိတ်သွားကြ၏။ မကျေနပ်မှုကိုယ်စီနှင့်ဒေါသလောင်မြိုက်မှုကို ခံစားနေကြရသည်။

"ဒီအတိုင်းဆိုရင်တော့ နီမိုးလွင်နဲ့ဦးပြည့်စုံကို ဆက်သွယ်ဖြစ်မယ်၊ သူတို့ဆီက သတင်းတစ်ခုခုတော့ ရနိုင်မယ်ထင်တယ်"

"သူတို့က ဘယ်သူတွေလဲ"





"ဦးအောင်ခန့်နီရဲ့ဝန်ထမ်းတွေ အဖေ၊ သူတို့လည်း သားလိုပဲ အဲဒီကဝေကြီးရဲ့ထိန်းချုပ်မှုနဲ့ ဒုက္ခပေးမှုကို ခံစားနေကြရတာ"

"ဘယ်လို ဆက်သွယ်ရမလဲ"

"နီမိုးလွင်ရဲ့ဖုန်းနဲ့ ဦးပြည့်စုံရဲ့လိပ်စာပေးလိုက်ပယ်လေ၊ ဒါနဲ့သား ခုလိုဖြစ်တာ သင်း သိသလားဟင်"

လွတ်လပ်၏အမေးကြောင့် အဖေ့မျက်နှာ ညှိုသွား၏။

"အဖေ အသိပေးထားပါတယ်"

ထိုအခါ နော့်အနေအထားက မဝ့်မရဲနှင့်နေရာမရှိသလို ဖြစ်သွား၏။ သူက သက်ဆိုင်သူအစစ်မှ မဟုတ်ဘဲလေ။

"ကဲ အဖေ မင်းပြောတဲ့လူတွေ လိုက်ပြီးဆက်သွယ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အဖေ၊ ယမုံနွယ်လည်း စတူဒီယိုပြန်ပြီး အခြေအနေကို ထိန်းထားလိုက်ပါ၊ သိပ်အရေးမကြီးရင် ချာတိတ်တွေကို ရိုက်ခိုင်းထားလိုက်ပေါ့"

"ဟုတ်ကဲ့"

အဖေနှင့်ယမုံနွယ် ထွက်သွားတော့မှ မပိုင်ဝက်မွှေးထားရသောနော် အနားကပ်လာခဲ့သည်။ သီးသန့်လူနာခန်းအတွင်း သူတို့နှစ်ယောက်သာ ရှိနေကြ၏။

"ဆရာဝန်ပြောတော့ ကံကောင်းလို့မသေတာတဲ့၊ ဒဏ်ရာကဆက်နည်းနည်း ပိုနက်သွားရင် ဦးနှောက်ကို ထိသွားမှာတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အကုသိုလ် ဝင်တာပါ နော်ရယ်"

"ကိုလေးနား နော် ရောက်လာမှ ကိုလေး ဒုက္ခမျိုးစုံရောက်
ရတာ၊ ခုဆို အသက်အန္တရာယ်ဖြစ်တဲ့အထိ အခြေအနေဆိုးလာခဲ့ပြ
တကယ်တော့ နော်ဟာ ကိုလေးအတွက် ဂြိုဟ်ကောင်မပါ"

"အဲလိုတော့ မပြောပါနဲ့ နော်ရယ်၊ နှစ်ယောက်စလုံး စိတ်
အလိုလိုက်ခဲ့ကြတာမဟုတ်လား။ စံ စရာရှိလည်းအတူတူ ခံစရာရှိလည်
အတူတူပေါ့"

"အခုအဖြစ်က ကိုလေးတစ်ယောက်ထဲ ခံစားနေရတာလေ
နော် ဘယ်လိုလုပ်ဖြေနိုင်မှာလဲ"

"ကိုယ် အသက်ရှင်နေတယ်လေ နော်ရဲ့"

နော်က မျက်ရည်လေး စမ်းစမ်း စမ်းစမ်း၊ ဝမ်းပန်းတနည်
လေသံမျိုးနှင့် ကြေကြေကွဲကွဲ ပြောနေသဖြင့် လွှတ်လပ်ရင်ထဲ ဆု
ဝင်သလို ခံစားလိုက်ရသည်။ သို့နှင့် နော်၏လက်ကို ဆွဲယူဆုပ်ကိ
ဖျစ်ညှစ်မိ၏။

"ဒါဟာ နော်တို့ရှေ့ဆက်မတိုးဖြစ်အောင် သတိပေးတဲ့ဖြစ်
များလားဟင်"

"ဥပဒါန်ကြောင့် ဥပါဒ်မရောက်စမ်းပါနဲ့ နော်ရယ်၊ အခု အ
အထားမှာ အားကိုးစရာဆိုလို့ ကိုယ်ပဲရှိတာမဟုတ်လား၊ နော့်မိဘတွေ
ပြန်လို့ကော ဖြစ်မှာမို့လို့လား"

"စင်ကာပူမှာတုန်းက ဖြစ်ရပ်လိုမျိုး သံတူကြောင်းကွဲပဲလေ





ဘယ်မိဘက ခွင့်လွှတ်နိုင်မှာလဲ"

"အဲဒါကြောင့်ပြောတာပေါ့၊ အရှိကိုအရှိအတိုင်းပဲ လက်ခံထား
လိုက်ပါ၊ ကိုယ် နော့်ကိုစောင့်ရှောက်ပါ့မယ်"

"နော်တော့ သိပ်ကြောက်နေပြီ ကိုလေးရယ်၊ ရှေ့ဆက်မတိုး
ချင်ပေမယ့် ရောက်နေတဲ့နေရာမှာလည်း ရပ်မနေရဲဘူးလေ"

နော်က ပြောရင်းဆိုရင်း ပိုမိုဝမ်းနည်းလာဟန်နှင့် လွှတ်လပ်
ရင်ဘတ်ပေါ် မျက်နှာအပ်၍ တသိမ့်သိမ့်ငိုချလိုက်သည်၊ လွှတ်လပ်လည်း
နော်၏ကျောပြင်ကိုသာ ပွတ်သပ်နှစ်သိမ့်နေရတော့၏။ ထိုအနေအထား
က မုန်တိုင်း၏ဗဟိုချက်ဖြစ်သွားခဲ့သည်။

ရုတ်တရက်ဆိုသလို သင်းက သတင်းမေးရောက်လာခဲ့၏။
မျက်မြင်တွေ့ရသော အနေအထားကို အမရာ ကိန္နရီဝိုသော်မှ သည်းခံ
ခွင့်လွှတ်နိုင်မည်မထင်။ ရှောင်ဖယ်ပုန်းအောင်းမရသော အနေအထား
နှင့်ပက်ပင်းအမိခံလိုက်ကြရသည်။

"ဆယ်နှစ်ဆိုတဲ့ သံယောဇဉ်နဲ့ လာမိတာ မလိုအပ်မှန်းတော့
သိသား၊ ဘာပဲဖြစ်ဖြစ် ရှင်မသေနိုင်သေးဘူးဆိုတာ မျက်မြင်သိလိုက်ရ
တာပေါ့၊ ရှင် မိန်းမတစ်ယောက်တော့ ထပ်ယူနိုင်ပါသေးတယ်၊ အကောင်း
ကြီးပဲဟာ"

"သင်း ကိုယ်ရှင်းပြပါရစေဦးကွာ"

"ရှင်ပြောတာ ဘာမှနားမထောင်ချင်လို့ ဘာမှမပြောပါနဲ့လား
ဘွန်မဒွေးမယ်နော်နဲ့ ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



သင်း၏စကားကြောင့် လွတ်လပ်နှင့်နော်တို့ နှစ်ယောက်စလုံး ခြေမန်းကွင်းစွပ်ပြီး ပရိတ်ရေအဖြန်းခံရသော သရဲသဘက်လို ဖြစ်သွား ကြ၏။

"ငယ်ငယ်တုန်းက သံယောဇဉ်တွေကို ဆွဲဆန့်ပြီး အင်ပါယာ ချဲ့နိုင်တဲ့ မင်းရဲ့အစွမ်းအစကို လေးစားမိပါတယ် ဒွေးမယ်နော်"

"မမသင်း ကျွန် ကျွန်မ"

နော်၏တုန့်ပြန်စကားကို သင်းက လက်ပြဟန့်တားလိုက်ရင်း

"တရားဝင် မကွာရှင်းရသေးလို့ သက်ဆိုင်သူတစ်ယောက် အနေနဲ့ သတင်းမေးဖို့ လာခဲ့တဲ့ ငါ့ကို မင်းတို့စုံတွဲက ဖက်လှဲတကင်းနဲ့ သတိပေးခဲ့ကြတယ်ပေါ့"

"မဟုတ် မဟုတ်ပါဘူး မမသင်းရယ်"

"ငါက အောက်တန်းစားမိန်းမ မဟုတ်သလို၊ အရည်အချင်း မရှိတဲ့မီးဖိုချောင်ရုပ်ဝန်းက မိန်းမတစ်ယောက်လည်း မဟုတ်ဘူး၊ သစ္စာ မရှိတဲ့ယောကျ်ားကို အောက်ကျခံ ဖက်တွယ်ဆွဲထားမယ့် ခပ်ညံ့ညံ့ မိန်းမ လည်းမဟုတ်ဘူး။ မင်းတို့ကို ငါ လွှတ်ပေးလိုက်ပြီ၊ ဟောဒီလူ ဆေးရုံက မဆင်းခင် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ပို့ပေးလိုက်မယ်"

သင်းက ရဲရဲတောက် မိန့်ခွန်းကို ဗကပတစ်ယောက်လို ပြော ပြီး ရဲနီမကဲ့သို့ ဝံ့ကြွားစွာထွက်ခွာသွားရာ လွတ်လပ်နှင့်နော်တို့ နှစ် ယောက်လုံး ပိုလီယိုဖြစ်၍ ကျန်ခဲ့ကြ၏။

တစပြင်တွင် ဝစီပိတ် မူတင်ဆောင်သူလို ဖြစ်ကျန်ရစ်ခဲ့ကြ၏





လျှပ်ပေါ်လော်လီမူမှန်တိုင်းက ခိုင်မာသည်ဟုထင်ခဲ့သော အိမ်ထောင် ရေးတံတိုင်းကြီးအား အပြီးတိုင်ဖျက်ဆီးချေမှုန်းသွားခဲ့ပြီ။

အပြင်တွင် နေပူနေသလား၊ လေတိုက်နေသလား မသိရသော် လည်း နှစ်ဆယ့်ငါးဒီဂရီ စင်တီဂရိတ်ရှိသော အခန်းအပူချိန်တွင်ပင် နှစ်ယောက်လုံးချွေးစို့နေကြ၏။

ကာမပိုင်ဖနီးသည်တစ်ယောက်က စွန့်ပစ်ခဲ့သော ယောကျ်ား တစ်ယောက်ကို ပုံသက္ကူလိုသဘောထားပြီး ကောက်ယူသိမ်းဆည်းဝံ့သော သတ္တိများ နော်ထံတွင် ရှိမနေပါ။

အမှားပေါ် အမှားဆင့်ပြီး မကြွားဝံ့နိုင်တော့သော အနေအထား တွင် တစ်ယောက်ကိုတစ်ယောက် ဖေးမရန်ခွန်အားတို့ပါ ပျောက်ဆုံးသွား ခဲ့ပြီ။

မိမိပြုလုပ်သော အလုပ်သည် မိမိဘဝကိုပြဋ္ဌာန်းမည့် ကံတရား သာဖြစ်၏။ ထိုကံပစ်ချရာတွင် ရှင်သန်နေနိုင်ဖို့သာ ကြိုးစားရတော့မည်။ အရင်းနှီးဆုံး တစိမ်းနှင့် ညာတကာ အသိုင်းအဝိုင်းကပါ ပစ်ထားခဲ့ကြ သည်မို့ ရှင်သန်နေလိုစိတ်အား အသက်ကယ်ဆေး ထိုးပေးနေရသည်။

လှူမဲ့ကျွန်းပေါ် သင်္ဘောပျက်သောင်တင်နေခဲ့သူများလို အဝေး ဆီမှ ကယ်တင်မည့်လှေငယ်ရှင်ပေါ်လာလိမ့်နိုးနှင့် မျှော်ကိုးနေမိကြ၏။

ဦးစွာရောက်ရှိလာသူမှာ နီမိုးလွင်ဖြစ်သည်။

"ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရယ်"

"မင်းတို့ရဲ့ဂိုဏ်းချုပ်ကြီး ကဝေဆိုး အယုတ်တမာကောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ချက်ပေါ့''

''သူက လူကိုထိန်းချုပ်တာပဲ လုပ်တတ်တာပါ၊ နှိပ်စက်တယ်ဆိုတာတော့ မဖြစ်နိုင်ဘူးထင်ပါတယ် အစ်ကို''

''ဦးအောင်ခန့်နီက မင်းသိထားတာထက် ပိုဆိုးတဲ့သူပါ နီမိုးလွင်၊ ပျောဒီက မော်ဒယ် ဒွေးမယ်နော်ဟာ သူ့ရဲ့တူမအရင်းဆိုတာသာ သိရင် မင်း ဒီအဖြစ်ကို လက်ခံနိုင်မယ်ထင်ပါရဲ့၊ သူနဲ့အစ်ကို ငြိစွန်းနေတာ အဲဒီ ကဝေကြီး သိသွားတယ်လေ''

''ရှင်''

နီမိုးလွင် တအံ့တသြ ဖြစ်သွား၏။ လွတ်လပ်နှင့်နော်အား တစ်လှည့်စီကြည့်သည်။ ပြီးမှ

''ဒါဆိုရင်တော့ အစ်ကို အများကြီးကံကောင်းတယ်လို့ ပြောရမှာပဲ''

''မင်းတို့ဘော့(စ်)လက်ချက်ဆိုတာ ယုံသွားပြီပေါ့''

''ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဟာ သူ့ရဲ့ကိုးကွယ်ရာပဲ၊ လက်သည်းဆိတ်ရင် သိပ်ပြီး လက်ထိပ်နာတတ်တဲ့သူလေ''

''ကိုယ် သူ့ကိုပြန်ဆော်ချင်တယ် နီမိုးလွင်၊ မင်းဘယ်လို ကူညီနိုင်မလဲ''

''ကျွန်မက အစ်ကို့ဆီ သတင်းမေးရင်း အကူအညီတောင်းမလို့ လာတာ၊ ကျွန်မ သူ့ဘေးက ထွက်ပြေးချင်တယ်၊ အခု အစ်ကို့အဖြစ်ကိုမြင်လိုက်ရတော့ ကြောက်ရာကနေ ရွံတဲ့မုန်းတဲ့အဆင့်ထိ ဖြစ်သွားပြီ သူ့နားမှာ မနေရဲတော့ဘူး''





အကူအညီမရသည့်အပြင် ဒုက္ခသည်တစ်ယောက်ပါ ထပ်တိုးလာမလိုဖြစ်နေ၍ လွတ်လပ်၏ပတ်တီးအုပ်ထားသော ဒဏ်ရာက ပို၍ နာကျင်သွားခဲ့သည်။

''ကောင်းပြီလေ မင်းတစ်ခါက ပြောဖူးတယ်နော်၊ ဦးအောင်ခန့်နီက မင်းကိုမျက်စိအောက်က အပျောက်မခံဘူးလို့လေ''

''ဟုတ်တယ် အစ်ကို''

''အဲဒီအညာကိုကိုင်ပြီး ရမ်းကြည့်လိုက်ရအောင်၊ မင်းပျောက်သွားရင် သူ ဘာဖြစ်သွားမလဲဆိုတာ သိရတာပေါ့၊ တစ်ခုခုတော့ ထူးခြားမယ်လို့ ထင်နေမိတယ်''

''ဘယ်မှာပုန်းရင် ကောင်းမလဲ အစ်ကို''

ငှားထားသော တိုက်ခန်းနှင့်စတူဒီယိုက ဦးအောင်ခန့်နီ မျက်ခြေပြတ်မခံသော နေရာများဖြစ်သည့်မို့ ပုန်းနိုင်ရာနေရာကို ခေါင်းနောက်မတတ် စဉ်းစားရ၏။ နီးလွန်း၍ ဝေးနေသော နေရာတစ်ခုကို ဖျတ်ခနဲ စဉ်းစားလိုက်မိသည်။

''နော်က နီမိုးလွင်ကိုခေါ်ပြီး အဖေ့အိမ်မှာ ခဏသွားနေလိုက်ပါ၊ အဲဒါ အလုံခြုံဆုံးပဲ''

''အင်း အဲဒါကောင်းတယ် ကိုလေး၊ သူ ခံစမ်းနိုင်မယ်ဆိုရင်တောင် တစ်ပတ်လောက်တော့ အချိန်ရမယ်''

''ဟုတ်တယ် နော်၊ ကဲ ခေါ်သွားလိုက်တော့ နော်လည်း ပြန်မလာနဲ့၊ အဖေ့ကိုသာ ညစောင့်ဖို့လွှတ်လိုက် တိုင်ပင်လို့ရအောင်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

နော်နှင့်နီမိုးလွင် ပြင်ဆင်နေကြစဉ် ဆရာဦးပြည့်စုံရောက်လာသည်။ လွတ်လပ် အားတက်သွား၏။

နော်တို့ထွက်သွားမှ ဦးပြည့်စုံက ခုတင်တင် တင်ပါးလွှဲဝင်ထိုင်ရင်း လွတ်လပ်အား စေ့စပ်စွာကြည့်သည်။

"မင်းအတွက် အောင်ခန့်နီပေးတဲ့လက်ဆောင်က အပြင်းစားပါပဲ ဒါပေမဲ့ တန်ပါတယ်ကွာ၊ သူ့သမီးကိုယ်တိုင် သတင်းလာမေးတာပဲ ဥစ္စာ မောင်ရင်လေးနဲ့ သူ့သမီးက ဘယ်လိုပတ်သက်တာလဲ"

"ဟား ဟား ဟား အဲဒါ သမီးမဟုတ်ဘူးဗျ တူမ တူမ ဒွေးမယ်နော်က သူ့တူမ"

"ဒွေးမယ်နော်က သူ့တူမ ဟုတ်လား၊ ဒါဆို ပိဇာတ်ရှုပ်သွားပြီ၊ နီမိုးလွင်နဲ့ဒွေးမယ်နော်က ညီအစ်မ ဝမ်းကွဲတွေလား"

"ဗျာ"

ဒီတစ်ခါ ဗျာ သွားရသူက လွတ်လပ်သူသာ ဖြစ်၏။ သူ့ခေါင်းထဲ အတွေးတစ်ချက် လင်းလက်သွားသည်။

"နီမိုးလွင်က သူ့သမီးလား"

"အေးလေ မင်းမသိဘူးလား၊ အင်း ဒါလည်းဆန်းတော့ မဆန်းပါဘူး၊ ငါလိုလူရင်းတွေပဲ သိတဲ့ကိစ္စ"

"ဟုတ်မယ် နီမိုးလွင်တောင် အဲဒီလူကြီးဟာ သူ့အဖေမှန်း မသိဘူး ဆရာရဲ့၊ အဲဒါ ဘယ်လိုဖြစ်ကြတာလဲ၊ သူ့မိန်းမကမျိုးကန်းနေ

ပျူးတာပေ



တာဆို"

"ဘယ်အသိခံပုံပါ့မလဲ၊ တိတ်တိတ်ပုန်းရတဲ့ကလေးကို၊ လက်ထပ်ပွဲကအပြန် ကားတိုက်၊ ဆေးရုံက မသေဘဲ ပြန်ဆင်းလာရတော့လည်း ဂီလာနဖြစ်နေတာကွ၊ သူနာပြုတစ်ယောက် ခေါ်ထားရတယ်လေ၊ အဲဒီသူနာပြုက နီမိုးလွင်ရဲ့အမေပဲ"

"သြော် ဒီလိုကိုး"

"ညားခါစ ဇနီးမောင်နှံမှာ မယားက သားအိမ်မရှိတဲ့ ခြေတစ်ပေါင်ကျိုး၊ အဲဒီ ဂီလာနဘေးမှာ နီမိုးလွင်နဲ့တော်တော်ကြာတူတဲ့ မိန်းမတစ်ယောက်ရှိနေတယ်ကွာ၊ ဘာတွေဖြစ်ကုန်မလဲဆိုတာ မင်းတွေးကြည့်"

"ဟုတ်ပြီဗျာ ဒါကြောင့် သူ့သမီးကို မျက်စိအောက်က အပျောက်မခံတာကိုး၊ အလုပ်ပေးပြီး အနားခေါ်ထားတာ ဘာကြောင့်လဲ ဆိုတာ ခုမှရှင်းတော့တယ်"

"ဘယ်လိုလဲ မောင်ရင်လေး တက်ကြွနေချိန်လား"

"တက်ကြွဆို ကဝေကိုချုပ်ကိုင်လို့ရမယ့် မန္တန်ရသွားပြီလေ"

"နီမိုးလွင်ကိစ္စနဲ့ အောင်ခန့်နီကို ကိုင်တွယ်မလို့လား"

"ဒါပဲရှိတော့တာလေ၊ ဒီနည်းက အလုပ်ဖြစ် မဖြစ် မသိပေမယ့် ကျွန်တော့်မှာဒါပဲရှိတာလေ ဒါကိုပဲ ထုတ်သုံးရတော့မှာပေါ့"

မြစ်ထဲမျောပါသွားသူတစ်ယောက်အတွက်တော့ ငါးမျှားချိတ်ဖြစ်စေ ကောက်ရိုးမျှင်ဖြစ်စေ ဖမ်းဆုပ်ဆွဲကိုင်မိမှာ သေချာ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## ဝက်ဖဲက ဂျိုကာ

ချိုရှိသော သတ္တဝါက ချိုကို အားကိုး၏။

လက်သည်းရှိသည့်သတ္တဝါက လက်သည်းကို အားကိုးသည်။

သန်မာသော အမြီးရှိသောသတ္တဝါက

ထိုအမြီးကို အားကိုး၏။

ဒါက သတ္တလောက တိရစ္ဆာန်ကြိုးဝိုင်းအတွင်းမှ တိုက်ပွဲပုံစံဖြစ်၏။ လူသားတို့၏တိုက်ပွဲက ထို့ထက်ပို၍ ယုတ်မာကောက်ကျစ်၏။ ဓားနှင့်ဓားခြင်းယှဉ်သည့်ခေတ်မှသည် ဓာတုစစ်ပွဲ၊ ပိုးမွှားစစ်ပွဲ၊ ဂြိုဟ်တုစစ်ပွဲနှင့် ဆီလီကွန်စစ်ပွဲ ဆိုက်ဘာစစ်ပွဲတို့အထိ ရောက်ရှိလာခဲ့ပြီ။

ဦးအောင်ခန့်နီနှင့်လွတ်လပ်သူ၏စစ်ပွဲက ဘာစစ်ပွဲပါနည်း။ အနီးစပ်ဆုံးပုံနိုင်းရပါက အရင်းရှင်နှင့်ကော်လံဖြူ (ပညာတတ်လူလတ်တန်းစား)တို့၏ တိုက်ပွဲသာဖြစ်မည်။





လွတ်လပ်သူက ဦးအောင်ခန့်နီ၏ ကမ်းလှမ်းမှုကို လက်ခံပါမည်ဟု ဖုန်းနှင့်ဆက်သွယ်အကြောင်းကြားထားသဖြင့် အလွယ်တကူ တွေ့ခွင့်ရခဲ့၏။

သူ ဝင်လာသောအခါ နီမိုးလွင်၏စားပွဲ လစ်လပ်နေတာတွေ့တော့ နှုတ်ခမ်းထောင့်စွန်း ကွေးရုံလေး ပြုံးမိသည်။ ဦးအောင်ခန့်နီ၏ ရုံးခန်းထဲတွင် ဦးပြည့်စုံ၊ ထွန်းမင်းကျော်တို့အပါအဝင် လူလေးငါးယောက် ရှိနေသည်။

ထွန်းမင်းကျော်က သူ့ကိုတွေ့တော့ မျက်လွှာချသွား၏။ ဦးအောင်ခန့်နီက လွတ်လပ်သူအား ပြုံးသည်ဆိုရုံလေး ပြုံးပြပြီး သူ့လူများကို နှင်ထုတ်သည်။

"အဲဒီတော့ ခုနက ပြောသလိုပဲ နည်းလမ်းရှိသမျှ အသုံးပြုပြီး ရှာလာခဲ့ကြ၊ တွေ့အောင်ရှာနိုင်တဲ့သူကို ဘောနပ်(စ်)ပေးမယ်"

"ဟုတ်ကဲ့"

သူ၏ဝန်ထမ်းများက တညီတညာထဲပြောပြီး စစ်သိုတက်သလို ထွက်ခွာသွားကြ၏။ ဦးပြည့်စုံက လွတ်လပ်သူအား သိသိသာသာ ပြုံးပြသွားသည်။ ဦးပြည့်စုံ၏အပြုံးနှင့် ဦးအောင်ခန့်နီ၏စကား ဆက်စပ်ပြီး ဦးအောင်ခန့်နီမှာ နီမိုးလွင်အတွက် သောကရောက်နေကြောင်း သိရှိသဘောပေါက်လိုက်၏။

"ကိုလွတ်လပ် အနံကယ့်ဆီမှာ အလုပ်ဝင်မယ်ဆိုလို့ ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ခန့်နီ၏အသံမှာ အက်တက်တက်ဖြစ်နေသလို ဟန်ပန်ကလည်း လေးတွဲ့တွဲ့ဖြစ်နေ၏။ ပြိုင်ဘက်ရှိနေစဉ် ဒလစပ်ထိုးနှက်နိုင်မှ အနိုင်ရမည်မှာ ကြိုးဝိုင်းမာယာပဲဖြစ်သည်။

"အန်ကယ့်အလုပ်ကို လက်မခံခင် ပြောစရာလေးတစ်ခု ရှိပါတယ် အန်ကယ်၊ အဲဒါကို နားထောင်ကြည့်ပြီးမှ အပြီးသတ်ဆွေးနွေးကြတာပေါ့"

"ဘာများလဲ ကိုလွတ်လပ်၊ ပြောစရာရှိတာ ပြောပါ"

"အန်ကယ့်သမီး နီမိုးလွင်က အန်ကယ့်အပေါ် ရွံကြောက်ကြီးဖြစ်ပြီး သိပ်မုန်းနေလို့ ထွက်ပြေးသွားတာကို အန်ကယ် သိရဲ့လား"

ခုနစ် မရောက်ခင်မှာပင် ဦးအောင်ခန့်နီ၏မျက်နှာပေါ်တွင် ကမ္ဘာပျက်သွား၏။ ရှိ ရှိသမျှသော မာန်မာနအားလုံး ပြိုကျသွားခဲ့သည်။

"မင်း မင်း ဘာပြောလိုက်တယ်"

"သြော် အန်ကယ့်သမီး အန်ကယ့်ကိုစိတ်နာပြီး ထွက်ပြေးသွားတာလို့ ပြောတာပါ"

"ငါ့သမီး ဘယ်မှာလဲ ဘယ်မှာလဲ ပြော ပြောစမ်း"

"အဲဒါတော့ မပြောတတ်ဘူး၊ အန်ကယ့်နားမှာနေပြီး အလုပ်မလုပ်ချင်တော့လို့ သူ့ကိုအလုပ်ပေးနိုင်မလားလို့ ဖုန်းဆက်မေးတယ်၊ ကျွန်တော့်မှာကလည်း အန်ကယ်ထိုးနှက်ထားလို့ ယဲ့ယဲ့ပဲကျန်တော့တာဆိုတော့"

"လိုရင်းကိုပြောစမ်းပါကွာ"





လွတ်လပ်သူက ဆောင်းလာသော ဦးထုပ်ကိုချွတ်၍ ခေါင်းမှပတ်တီးကို သူမြင်သာအောင် ပြလိုက်ရင်း

"အန်ကယ် ကျွန်တော့်အပေါ် ခြိမ်းခြောက်ဖိအားပေး အနိုင်ကျင့်နှိပ်စက်တာတွေက သိပ်များနေတော့ အန်ကယ့်အပေါ် စိတ်နာနေတာနဲ့ အန်ကယ့်သမီးကို မကူညီနိုင်ဘူးလို့ အပြတ်ပြောလိုက်တယ်"

"အဲဒီတော့"

"ဒါဆိုလည်း ရောက်ရာပေါက်ရာ သွားတော့မယ်ဆိုပြီး အဆက်အသွယ်ပြတ်သွားတယ် ခင်ဗျ"

ဦးအောင်ခန့်နီ၏မျက်ဝန်းထဲတွင် ရောင်စဉ်မျိုးစုံပြတ်သန်း လင်းလက်သွားသလို ထင်ရ၏။

"မင်း ဒီကိုလာတဲ့ ရည်ရွယ်ချက်ကို အမှန်အတိုင်း ပြောစမ်းပါ"

"ကျွန်တော် ကျွန်တော့်စတူဒီယိုမှာပဲ လွတ်လွတ်လပ်လပ်နဲ့ ဓာတ်ပုံရိုက်ချင်တယ်၊ ကြော်ငြာရိုက်ချင်တယ်၊ ကိုယ်ပိုင်အလုပ်ပဲ လုပ်ချင်တယ်ဗျာ၊ အနုပညာသမားပီပီ သူများလက်အောက်မှာ မနေချင်ဘူး"

"အဲဒီတော့ အန်ကယ် ဘာလုပ်ပေးရမလဲ"

"ကျွန်တော်လျှောက်နေတဲ့လမ်းကို ပိတ်ဆို့ကာဆီး နှောင့်ယှက်နေတာတွေကို ရပ်လိုက်ပါ၊ ဒဏ်ရာရတဲ့အထိ စော်ကားခဲ့တာကို တောင်းပန်ပါ၊ ကျွန်တော် အန်ကယ်နဲ့ယှဉ်ပြိုင် တိုက်ခိုက်မနေချင်ဘူး"

"အဲဒီအတွက် ငါ ဘာပြန်ပေးရမလဲ"

ဦးအောင်ခန့်နီက စီးပွားရေးသမားပီပီ အရှုံးအမြတ်တွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချိန်ဆနိုင်ရန် မေးမြန်းစူးစမ်း၏။ သူ့စိတ်သူ အနိုင်နိုင်ချုပ်တည်းထားရ ပုံလည်း ပေါ်လွင်နေသည်။ ဒါကလည်း သူ မလှန်နိုင်သောအကြောင်း တရားကို လွတ်လပ်သူ ဆုပ်ကိုင်ထားသောကြောင့်သာ ဖြစ်သည်။

"အန်ကယ့်ဖနီးဆီ သတင်းသွားမေးရင်း လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်က အန်တို့ကိုပြုစုစောင့်ရှောက်ပေးခဲ့တဲ့ သူနာပြုဆရာမလေးနဲ့ အန်တို့ယောကျ်ားငြိစွန်းပြီးမွေးခဲ့တဲ့ သမီးလေးတစ်ယောက် ရှိတဲ့ အကြောင်း ကျွန်တော် မပြောတော့ဘူး"

"တောက်"

ပြင်းထန်သော တက်ခေါက်သံနှင့်အတူ ဒေါသကြောင့် ဆတ်ဆတ်တုန်နေသော ဦးအောင်ခန့်နီကို ပထမဆုံးမြင်ဖူးလိုက်ရ၏။ ထို့နောက် ထိုင်ရာမှ ဝုန်းခနဲ ခုန်ထလိုက်သဖြင့် လိုရမယ်ရ အသင့်အနေအထား ပြင်ဆင်ထားလိုက်သည်။

သို့သော် ဦးအောင်ခန့်နီ သူ့ကိုရန်မပြုပါ။ လက်နောက်ပစ်ရင်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ လွတ်လပ်သူအား တုန့်ပြန်တိုက်ခိုက်ရန် နည်းလမ်းရှာဖွေစဉ်းစားနေသည်လား။ သို့တည်း မဟုတ် သူ့စိတ်သူ ထိန်းနိုင်အောင် ကြိုးစားနေသည်လားဆိုတာတော့ သူကိုယ်တိုင်သာ သိပေလိမ့်မည်။

အတန်ငယ်ကြာမှ အလုပ်စားပွဲပေါ် တင်ပါးလွှဲထိုင်ရင်း လွတ်လပ်သူအား စေ့စေ့ကြည့်ကာ

"ဒီကိစ္စတွေ ဒီဖြစ်ရပ်တွေ ငါ့သမီးနီမိုးလွင် သိသွားပြီလား"





"မသိသေးပါဘူး"

"ပြောပြဖို့ကော စိတ်ကူးရှိလား"

"နောက်တစ်ခါတွေ့ရင်တော့ ပြောပြမလားလို့"

"မပြောပါနဲ့ကွာ ဒါတွေ ငါ့ရဲ့ဒုက္ခတဖနီးမသိအောင် ဖုံးဖိထားရတာနဲ့တင် ငါ တော်တော်ပင်ပန်းလှပါပြီ၊ မင်းသိထားတာတွေက အားလုံးအမှန်တွေပါ၊ ဒါပေမဲ့ မေ့ပစ်လိုက်ပါ၊ ငါ့လုပ်ရပ်တွေအားလုံး အတွက်လည်း အနူးအညွတ်တောင်းပန်ပါတယ်"

"ဟုတ်ကဲ့"

"ဟင်း ငါ့သမီးလေးကို အမြဲမြင်ချင်တွေ့ချင်နေလို့ ငါ့နားမှာ အလုပ်ပေးပြီး ခေါ်ထားတာပါကွာ၊ ငါ အသက်ရှင်နေတာ အဲဒီသမီးလေးအတွက်ပါ"

"ဒါပေမဲ့ သူက အဖေမှန်းမသိတော့ အန်ကယ့်ရဲ့ထိန်းချုပ်မှုတွေပုံပိုးမှုတွေကို နားလည်မှုလွဲပြီး စိတ်ညစ်နေလို့ ထွက်ပြေးသွားတာ"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ ငါ့သမီးရှိတဲ့နေရာကိုကော မင်းသိသလား"

"အကောင်းဆုံးက သူ့အမေရှေ့မှာ အန်ကယ်တို့သုံးယောက် ဆုံပြီး ရှင်းပြလိုက်ပါ၊ နီမိုးလွင် ရှိတဲ့နေရာကို ကျွန်တော် မသိပါဘူး၊ ဒါပေမဲ့ ဒီတစ်ခါ ဖုန်းဆက်ရင်တော့ အန်ကယ်ဟာသူ့အဖေဖြစ်တဲ့ အကြောင်း သေချာရှင်းပြပြီး ကျွန်တော် ခေါ်ထားလိုက်ပါ့မယ်"

လွတ်လပ်က ဝက်ဖဲ ကိုင်ထားသော်လည်း အသိမပေးသော



www.burmeseclassic.com

www.burmeseclassic.com



တစ်ကွက်ချန်ထားလိုက်၏။ ဦးအောင်ခန့်နီကို ယှဉ်နိုင်ဖို့ဆိုတာက ကို
ဘက်မှာ လျှို့ဝှက်လက်နက်ရှိနေဖို့ လိုသည်မဟုတ်လား။

"ကောင်းပြီလေ မင်းနဲ့ငါ ပိုနေမြဲ ကျားနေမြဲအတိုင်း နေသွ
ကြတာပေါ့၊ ငါ့သမီး ငါ့တူမတွေနဲ့ပတ်သက်ပြီး နိုင်ကွက်တွေ အများကြ
ကိုင်ထားတဲ့မင်းနဲ့ စစ်ပြေငြိမ်းလိုက်ပါ့မယ်၊ မင်းအလုပ်မင်းဟာမင်း လွ
လွတ်လပ်လပ် လုပ်ပါ လွတ်လပ်သူ"

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦ

လွတ်လပ်သူ အပြန်လမ်းက ပြင်မြင်သမျှ လှပနေ၏။ သူ့ဘ
သည်လည်း ဦးအောင်ခန့်နီဆိုသော ကဝေကြီး၏စက်ကွင်းမှ လွတ်ခဲ့ပြ
လပေပ်ဖမ်းသလို မှောင်မိုက်ရာမှ လင်းလက်ခွင့်ရခဲ့ပြီ။

ဒါတွေအားလုံး ဦးပြည့်စုံနှင့်နီမိုးလွင်တို့၏ကျေးဇူးကြောင့်ပ
ဖြစ်သည်။ ဖဲဖက်ပဲအဖြစ် နီမိုးလွင်ကို ကိုင်ထားနိုင်သဖြင့် အနိုင်ရခဲ့ခြ
ပင်။ တကယ်တော့ နီမိုးလွင်မှာ ဂျိုကာတစ်ကောင်သာဖြစ်တော့
ထို ဂျိုကာကြောင့် လိုရာရောက်ခဲ့ရသည်မဟုတ်လား။

ဘဝရပ်တည်ရေးအတွက် အမိကအောင်ပွဲကို တိုက်ခို
အောင်မြင်ခဲ့ပြီးသည့်နောက် အိမ်ထောင်ရေးတိုက်ပွဲကို ဆက်လက်ဆင်
ပြင် ဆင်ရပြန်သည်။

ဆရာဦးပြည့်စုံအား ဝင်ခေါ်၍ အမေ့အိမ်သို့ ချီတက်လာခဲ့
ဆရာ့ကိုသက်သေထားပြီး ဦးအောင်ခန့်နီမှာ နီမိုးလွင်၏ဖခင်အရင်းဖြ
ကြောင်း ရှင်းပြရသည်။ အမေ့အိမ်ပြန်ပြီး အမေ့ကိုပြန်မေးသင့်ကြော





လမ်းညွှန်ပေးခဲ့၏။

ဖခင်၏မေတ္တာတရားကို စာနာနားလည်စွာဖြင့် ဦးအောင်ခန့်နီ
ထံ ပြန်သွားသင့်ကြောင်း ရှင်းပြနားချပေးရသည်။

နီမိုးလွင် တအံ့တသြနှင့် ဝမ်းသာဝမ်းနည်းဖြစ်ပြီး ငိုကြွေး
နေသည်ကို မချော့အားတော့၊ နော့်ကိုလက်ဆွဲပြီး ခမ်းဆက်ရန်ပြင်ကြ၏။
အဖေက စိတ်အလိုမလိုက်ကြရန် ဖျောင်းဖျသည်၊

"ဟုတ်ကဲ့ပါ အဖေ၊ သားတို့ အလျဉ်စေ(ဒ)ဘာမှဆုံးဖြတ်မှာ
မဟုတ်ပါဘူး၊ နောင်ရေးကိုသေချာတွေးပြီး အားလုံးကောင်းဖို့ စဉ်းစား
မှာပါ"

အဖေ့ကိုပျားရည်နှင့်ဝမ်းချပြီး ဦးပြည့်စုံအား နီမိုးလွင်ကို အမေ့
အိမ်သို့ပြန်ပို့ပေးရန် အကူအညီတောင်းခဲ့၏။ ဦးအောင်ခန့်နီထံမှ နီမိုးလွင်
ကိုရှာတွေ့လျှင် ရမည့်ဘောနပ်(စ်)ထုတ်ယူရန်လည်း ကြံတ်၍မှာခဲ့ရသေး
၏။

နောက်တစ်နာရီခန့်အကြာမှာတော့ နေပြည်တော်သွားကား
တစ်စီးဖြင့် လွတ်လပ်သူ ဒွေးမယ်နော်တို့ ခရီးထွက်လာခဲ့ကြသည်။

ဒါ သူတို့နှစ်ယောက် လက်ထပ်မည့်ခရီးစဉ်ဖြစ်သလို ပျားရည်
ဆမ်းခရီးစဉ်လည်းဖြစ်သည်။ လေးနာရီသာကြာသည့်ခရီးစဉ် ဖြစ်သော်
လည်း ညခုနစ်နာရီခန့်မှ ရောက်သွားသဖြင့် ညအိပ်ရုံသာနေရာရှာရတော့
သည်။ လူသူတည်းခိုဝင်ရောက်မှုနည်းမည့် ချောင်ကျကျဟိုတယ်ရှာပြီး
တည်းခိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက သူတို့နှစ်ယောက်လုံးအိပ်မပျော်ခဲ့ကြပါ။ ဝရန်တာသို့ ထွက်၍ တစ်ယောက်ကျော တစ်ယောက်မှီရင်း စကားထိုင်ပြောခဲ့ကြသည်။

"ကိုလေး နော်တို့ ဘာဆက်လုပ်ကြမလဲဟင်"

"လက်ထပ်ကြဖို့ပဲ ရှိတာလေ နော်ရဲ့"

"အဲဒါ ကိုလေးဆန္ဒအမှန်ပဲလား။ မမသင်းနဲ့ကလေးနှစ်ယောက်ကို တကယ်ပဲ စွန့်ထားနိုင်သလား"

"သင်းက စိတ်ခတ်နိုင်မာတယ် နော်"

"မမသင်းကို ကြောက်လို့ အိမ်မပြန်ရဲတာလား ကိုလေး"

"အဲလိုတော့ မဟုတ်ပါဘူး နော့်ကို ကိုယ်တကယ်မြတ်နိုးတာ နော်သိရဲ့သားနဲ့"

"ဒါဆို နော်နဲ့အတူနေတဲ့အခါ မမသင်းကို သတိမရပါဘူးလို့ ကတိပေးမလား"

"ဟာ နော်ကလည်း ကလေးကလား"

"အဟင်း အဲဒါမျိုး ဘယ်မိန်းမကမှ လက်ခံမှာမဟုတ်ဘူးနော် လူကအနားရောက်နေပေမယ့် စိတ်က မယားဟောင်းဆီမှာ တဝဲလည်လည်နဲ့ဆိုရင် သည်းခံနိုင်မှာမဟုတ်ဘူး"

"သားနဲ့သမီးဆီ စိတ်ရောက်လို့ကော မဖြစ်ဘူးလား"

လွတ်လပ်၏ချေးဆစ်စကားကြောင့် နော် ထိုင်ရာမှ ထလိုက်သည်။ ဝရန်တာကို လက်ထောက်၍ ကိုယ်ကိုကိုင်းပြီး ညရှုခင်းအား





ငေးနေ၏။ ခဏကြာမှ ပုံမှန်ထက်မာသော လေသံနှင့်

"နော်တို့ ကိုလေးအဖေပြောသလို သေသေချာချာ ပြန်စဉ်းစားကြရင် ကောင်းမယ်ထင်တယ် ကိုလေး"

"မနက်ဖြန်ပဲ လက်ထပ်ကြတော့မယ်ဟာ၊ ဘာတွေပြောနေတာလဲ နော်ရာ"

လွတ်လပ်က ပြောပြောထထ ထလိုက်ရင်း နော့်ပခုံးကိုသိုင်းဖက်လိုက်၏။ နော်က ချက်ချင်းဆိုသလို လွတ်လပ် လက်ကိုဖယ်ထုတ်သည်။ လွတ်လပ် အံ့သြသွား၏။

"ဒီည ကျွန်မတို့နှစ်ယောက်လုံး ပြန်စဉ်းစားကြတာ ကောင်းမယ်၊ ကဲ ကားစီးရတာညောင်းလို့ နားတော့မယ်၊ သြော် ရှင်ခုတင်ပေါ်မှာအိပ်နော်၊ ကျွန်မက ဘယ်လိုဖြစ်ဖြစ်ရတယ်"

နော် အခန်းထဲဝင်သွားတော့ လွတ်လပ် ဝရန်တာမှာပဲ ကျန်ခဲ့၏။ နေပြည်တော်၏ညကောင်းကင်တွင် လသာနေသည်။ လွတ်လပ် လမင်းကိုငေးကြည့်တော့ လမျက်နှာပြင်တွင် သင်းကို့သားအမိသုံးယောက်ကို တွေ့ရလေ၏။

■ ■ ■

ရီစက်ရှင်မှဝန်ထမ်းများ၏အပြောအရ နေပြည်တော်တစ်ပိုက်တွင် ဗီဒီယိုရိုက်ကူးရေးအဖွဲ့များ ရောက်နေသည်ဟု သိရသဖြင့် ဦးထုပ်ဆောင်း မျက်မှန်တပ် ရုပ်ဖျက်ပြီးထွက်ခဲ့ကြ၏။

မြို့တော်ခန်းမ၊ ရေပန်းဥယျာဉ်၊ ခေတ်မီကစားကွင်း၊ တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



ဉယျာဉ် ဘယ်နေရာမှမလွှတ်၊ ဗီဒီယိုအဖွဲ့များ ပတ်လည်ရိုက်နေကြသဖြင့် သူတို့ ဘယ်ဆိုဘယ်ကိုမှ မလည်ပတ်ရဘဲ အခန်းပြန့်အောင်းနေကြရသည်။

ကြာတော့ လွှတ်လပ် သည်းမခံနိုင်တော့။

"နော် ကိုယ်တစ်ယောက်ထဲထွက်ပြီး စနည်းနာလိုက်ဦးမယ်၊ လယ်ဝေးဘက်လောက်ဆို လူရှင်းမလား မသိဘူး၊ အဲဒီမှာ တရားရုံးတော့ ရှိမှာပဲ သိုသိုသိပ်သိပ် လက်ထပ်လို့ရမှာပါ"

"ဘယ်သူက လက်ထပ်မယ် ပြောနေလို့လဲ၊ ကျွန်မ စဉ်းစား တုန်း"

"ဟင် နော် ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်လေ စိတ်ချမ်းသာရပါစေ့မယ်လို့ ဘယ်သူကမှ အာမမခံတာ၊ ဘာဖြစ်လို့ စွန့်စားနေကြမှာလဲ၊ လုပ်ဖော်ကိုင်ဖက်အဖြစ်ပဲ လက်တွဲသွားကြရအောင်ပါ"

လွှတ်လပ် ဘာမှအထွန့်တက်မနေတော့။ စိတ်ညစ်ညစ်နှင့် အခန်းထဲ အရက်မှာယူပြီး အမုန်းသောက်ပစ်လိုက်တော့၏။ ထို့နောက် မှာတော့ အသေကောင်တစ်ကောင်လို အိပ်ပျော်သွားလေတော့သည်။

ညနေစောင်းလောက်တွင် သူ့အား တစ်ယောက်ယောက်က တရွတ်တိုက်ဆွဲခေါ်သွားလို ခံစားမှုမျိုးနှင့် အလန့်တကြား နိုးယလာခဲ့၏။ ရီဝေဝေနှင့်ထလိုက်ရသဖြင့် ခေါင်းကမကြည်ချင်။ သူ့ကိုလှုပ်နှိုးနေသူမှာ နော် ဖြစ်၏။





"အဖေ့ဆီက ဖုန်း ကိုလေး"

အဖေ့ဆီက ဆိုသဖြင့် မျက်လုံးနည်းနည်း ကျယ်သွားသည်။

"ဟဲလို"

"လွှတ်လပ်လား"

"ဟုတ်ပါတယ် အဖေ"

"မင်းတို့ဘယ်မှာလဲ"

"အခု သားတို့နေပြည်တော် ရောက်နေတာ"

"ပြဿနာပဲကွာ မင်း မြန်မြန်ပြန်လာခဲ့ဦး"

"ဘာဖြစ်လို့လဲ အဖေ"

"ငါ့မြေး အကြီးကောင် ကောင်းမှူ ဆေးရုံတင်ထားရတယ်"

"ဗျာ ဘာ ဘာဖြစ်လို့လဲ အဖေ"

"သွေး သွေးလွန်တုပ်ကွေး သွေးလန့်တဲ့အဆင့်ကွ စိုးရိမ်ရ တယ်"

"ဘယ်ဆေးရုံမှာလဲ အဖေ"

" S.S.C မှာ"

"ဟုတ်ပါ ခုချက်ချင်း ပြန်လာခဲ့မယ်"

လွှတ်လပ်ဖုန်းပိတ်ပြီး ကမန်းကတန်းထ၏။ အဝတ်အစားများ အမှုးရှုးထိုး ထသိမ်းသည်။ နော်က အထိတ်တလန့်နှင့်

"ဘယ်သူ ဘာဖြစ်လို့လဲ ကိုလေး"

"သားကြီး သွေးလွန်တုပ်ကွေးနဲ့ဆေးရုံတင်ထားရလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"လုပ် မြန်မြန် ရတာနဲ့ ချက်ချင်းပြန်မယ်"

လွတ်လပ်၏ဝရုန်းသုန်းကား အပြုအမူကြောင့် နော်ပါ အမောတကော ကူသိမ်းပေး၏။ ချက်ချင်းဆိုသလို ချက်အောက် (Check Out) လုပ်ပြီး ကားစင်းလုံးငှား၍ ပြန်လာခဲ့ကြသည်။

တစ်လမ်းလုံး လွတ်လပ် ဂနာမငြိမ်ဖြစ်နေတာကြည့်ပြီး နော်တစ်ခုခုကို ကောင်းကောင်းသဘောပေါက်သွား၏။

ရန်ကုန်ရောက်၍ လမ်းခွဲခါနီးတွင် လွတ်လပ်က နော့်အား စကားတစ်ခွန်းတော့ ပြောသွားခဲ့သည်။

"နော် ပဲခူးကအိမ်မှာ ပြန်စောင့်နေပါ၊ ကလေး အခြေအနေကောင်းတာနဲ့ ကိုယ်လာခေါ်မယ်"

■ ■ ■



### ကဝေချိုးတဲ့ ဖဲ

ကဝေတစ်ကောင် ဒိုင်ကိုင်သည့်
ကံကြမ္မာဖဲဝိုင်းတွင် သင် ဝင်ကစားမည်ဆိုပါက
ကဝေချိုးသည့်ဖဲကို ဂရုတစိုက်ကြည့်ပါ။

ကုသိုလ်ကံဆိုသည်မှာ ပုံသေကားချပ် မရှိသည့်အတွက် တရားသေ တွက်ချက်၍ မရသော အမျိုးအစားထဲတွင် ပါဝင်နေ၏။ ကံနိမ့်ခြင်း မြင့်ခြင်းဆိုသည်မှာ ကိုယ်ပြုသော အလုပ်နှင့်သာ သက်ဆိုင်ပါသည်။

လက်ညှိုးညွှန်ရာ ရေဖြစ်သည့်တာဝတွင် နိုင်မြို့ပြဟု သွေးနားထင်ရောက်မိသော လွတ်လပ်တစ်ယောက် ကမောက်ကမ ဘဝအချိုးအကွေ့တွင် မိကျောင်းပေါသည့်ရေပြင်၌ လှေလှူးကိုလှော်ရသလို ဒုက္ခနှင့်တွေ့ခဲ့၏။

ပုထုဇဉ်ပီပီ လောကဓံနှင့်တွေ့သောအခါ နိုကိုးရာမရဖြစ်ခဲ့ရသည်။ ဖွဲကောင်းကောင်းနှင့်ရင်ဆိုင်၍သာ ဘဝပျက်မည့်ဘေးမှ လွတ်မ



www.burmeseclassic.com

www.burmeseclassic.com



တင်လေး လွတ်ခဲ့ရခြင်းဖြစ်သည်။

ဒါတောင်မှ စနေဂြိုဟ်ထွက်ခတ် ခတ်သလို အကုသိုလ်က မရပ်သေးဘဲ မိသားစုဝင်တွေကိုပါ ဒုက္ခပေးခဲ့၏။ အခုတော့ သားကြီးက ဆေးရုံရောက်နေရပြီ။

လွတ်လပ် ဆေးရုံထဲ ဒလကြမ်းပြေးဝင်ခဲ့၏။ ပုဂ္ဂလိကဆေးရုံမို့ အဝင်အထွက်လွယ်၊ ရှာရလွယ်လို့သာတော်တော့သည်။ သား၏အခန်းသို့ အလွယ်တကူ ရောက်ခဲ့၏။

သားငယ်ကို ဒရစ်ပိုက်တန်းလန်းနှင့်တွေ့ရ၍ ရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ သွေးလွန်တုပ်ကွေးကုထုံးမှာ ပါရာစီတမောတိုက်ပြီး ဓာတ်ဆားရည်လှိုင်လှိုင်သောက်ရခြင်းသာ မဟုတ်ပါလား။ ဆလိုင်းချိတ်ခြင်း သွေးသွင်းခြင်းဆိုသည်မှာ နောက်ဆုံးအဆင့်ဟု ကြားဖူးထား၍ အထိတ်တလန့် ဖြစ်သွား၏။

''သား သားလေး''

''ဟာ လွတ်လပ် ငါ့သားရောက်လာပြီကိုး တော်သေးတာပေါ့ကွာ''

''အခြေအနေဘယ်လိုလဲ အဖေ''

''မနေ့က တော်တော်ဆိုးတာ၊ သွေးသွင်းရတယ်၊ ခုတော့ သွေး လန့်တဲ့အခြေအနေကို ကျော်သွားပါပြီ၊ စောင့်ကြည့်ရမှာပဲ သား''

အဖေရှင်းပြမှ အလုံးကြီးကျသွား၏။ အခန်းတွင်း၌ သင်းလည်း ရှိနေသဖြင့် အားပေးသလို ပြုံးပြပြီး သား၏လက်လေးများကို ကိုင်ကြည့်





မိသည်။ သားက အသက်ပြင်းပြင်းရှူရင်း အိပ်စက်နေ၏။ သားအတွက် အလွန်အကျွံ စိတ်ပူစရာမလိုတော့သဖြင့် သားနှင့်စကားပြောရန် အားယူလိုက်သည်။

အဖေက အလိုက်တသိနှင့် ရှောင်ပေးသည်။ ဒီအချိန်မှာ လွတ်လပ်လည်း ရှက်မနေနိုင်တော့ပါ။

''ကဲ မင်းရောက်လာပြီဆိုတော့ အဖေ လ က်ဖက်ရည်ထွက်သောက်လိုက်ဦးမယ်ကွာ''

''ဟုတ်ကဲ့''

အဖေထွက်သွားပြီးနောက် အခန်းထဲတွင် သား၏အသက်ရှူသံမှလွဲပြီး တိတ်ဆိတ်သွား၏။ လွတ်လပ် သင်းကိုကြည့်လိုက်သည်။ မျက်တွင်းဟောက်ပက်နှင့် သင်းမှာ အလှမပျက်သေးပါ။ အတန်ကြာမြင်တွေ့ခွင့်မရခဲ့သော ဇနီးသည်မှာ မျက်ရည်ဝဲနေ၏။ လွတ်လပ်အနားတိုးကပ်ပြီး သင်း၏လက်များကိုဆွဲယူဆုပ်ကိုင်လိုက်သည်။ သင်းထံမှ အီခနဲ ရှိုက်သံတစ်ချက် ထွက်လာ၏။ သို့နှင့် သင်းအားပိုက်ထွေးပြီး ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

ထိုအခါမှ သင်းမှာပခုံးထက်တွင် မျက်နှာအပ်ပြီး ရှိုက်ကြီးတငင်ငိုကြွေးတော့သည်။ အလွမ်းပြေ ကိုယ်သင်းနံ့က အတိုင်းသားသိရစေ၏။ မွှတ်သိပ်သော အမွှေးအဖက်များနှင့်ပွတ်သပ်၍ နှစ်သိမ့်ပေးလိုက်သည်။

''သင်းတစ်ယောက်ထဲ သိပ်ကိုစိတ်ပင်ပန်းခဲ့ရမှာပဲနော်''

''ဟုတ်တယ် ကိုကိုရယ် သင်း အရမ်းပင်ပန်းနေပြီ ခုလို



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုးကြုံရတော့မှ သင်းတစ်ယောက်ထဲ ဘဝကိုရင်မဆိုင်နိုင်ဘူးဆိုတာ ကောင်းကောင်းသိလိုက်ရတယ် ကိုကိုရယ်၊ ကိုကို သင်းကိုပစ်မသွားပါနဲ့နော် သင်း တောင်းပန်ပါတယ် ကိုကိုရယ်''

တော်တော်ဆိုးသည့် ကဝေပါပဲလား။ မျက်စိတစ်မှိတ်အတွင်းမှာပင် ဖဲအဆင်က ပြောင်းသွားပြန်၏။ ထိုအခါမှ ကံကြမ္မာဆိုတာ ကဝေချိုးသည့်ဖဲဟု လွတ်လပ် တကယ်ယုံကြည်သွားခဲ့သည်။

''စိတ်ချပါ သင်းရယ်၊ ကိုကိုလည်း သင်းနဲ့မိသားစုကိုပဲ သတိရနေခဲ့တာပါ''

BURMESE CLASSIC

လွတ်လပ်၏မှုပိုင် အရိုးမရှိသောလျှာနှင့် ကတိတွေပေးနေမိပြန်သည်။ တကယ်တော့ သူ့စိတ်မှာ လေယူရာယိမ်းသည့် ကောက်ပင်လိုဖြစ်နေ၏။ ဟိုကွေ့ ဟိုတက်နှင့်လော်ပြီး သည်ကွေ့သည်တက်နှင့်လော်ရန် ရည်ရွယ်နေခြင်းသာ ဖြစ်သည်။

သင်း စိတ်တည်ငြိမ်မှုရအောင် နှစ်သိမ့်ပေးပြီး ဆရာဝန်နှင့်ဆွေးနွေးရ၏။ သင်းကိုယ်စား သားကို ဂရုစိုက်ပေး၏။ ညရေးညတာကအစ သူကိုယ်တိုင် တာဝန်ယူသည်။ ဖခင်တစ်ယောက် ပီသစွာ ကိုယ်ပိုင်ဖိပြုစုစောင့်ရှောက်၏။

စစ်မှန်သော မိဘမေတ္တာတရားနှင့် သား၏ကုသိုလ်ကံကြောင့် လေးရက်မြောက်နေ့တွင် သားမှာကောင်းစွာ ကျန်းမာလာခဲ့သည်။ သားကျန်းမာလာသည်နှင့် လွတ်လပ် သတိရမိသည်မှာ ဒွေးမယ်နော်သာဖြစ်၏။





သားကိုအိမ်ပြန်ခေါ်လာသည့် ပထမနေ့တွင် သားစိတ်ကြိုက်အရုပ်များ ဝယ်ပေးပြီး မိသားစုစုံညီစားသောက်ပွဲ ကျင်းပပေးခဲ့ကြ၏။ မိသားစု၏နွေးထွေးမှုရသကို ခံစားမိတော့လည်း လွတ်လပ်စိတ်ထဲ ထိုအရသာကို ခုံမင်မိရပြန်သည်။

ထိုညက သင်း၏ရင်ခွင်တွင် ပြန်လည်နှိုးနားခဲ့ရ၏။ မခံစားရတာ ကြာပြီဖြစ်သော ကိုယ်သင်းနံ့နှင့်စွဲမက်ဖွယ် အထိအတွေ့တွင် ပျော်ဝင်သွားရပြန်သည်။

''ကိုကို သင်းတို့သားအမိကို ထာဝရ စောင့်ရှောက်သွားမှာပါနော်''

''စိတ်ချပါ သင်းရယ် ကိုကို့ဘဝမှာ ကောင်းမှု အကြွင်းနဲ့ သင်းသင်းသန့်ဆိုတာတွေက ထာဝရ ရှိနေမှာပါ''

''ဒါဆို သင်းတို့မင်္ဂလာသက် ဆယ်နှစ်ပြည့်တဲ့ပွဲကိုလည်း ကျင်းပခွင့်ရဦးမှာပေါ့နော်''

ထိုအခါမှ လွတ်လပ် ထိုကိစ္စကို သတိရ၏။ သင်းကို ထူးထူးခြားခြား အစီအစဉ်နှင့် ပွဲကျင်းပမည်ဟု ကတိပေးထားသည်မဟုတ်လား။

ထိုသို့ သတိရမှ သင်းစိတ်ကျေနပ်စေရန် အစီအစဉ်တစ်ခု အမြန်စဉ်းစားရတော့သည်။

''ကိုကို ဘာလုပ်မယ် စိတ်ကူးလဲဟင်''

ဘာဖြေရမှန်းမသိဖြစ်နေတုန်း တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာ၍ အကျပ်အတည်းမှ လွတ်မြောက်ခွင့်ရသွား၏၊ အဆောတလျင်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနားထောင်လိုက်သည်။ ပဲခူးမှလေးလေး ဦးစိုင်းမောင်ဆက်တာမှန်း သိရသောအခါ ရင်ခုန်မြန်သွား၏။

"ဟဲလို အမိန့်ရှိပါ"

တစ်ဖက်မှ အမောတကောပြောစကားများကို လိပ်ပတ်လည်အောင် သိလိုက်ရသောအခါ လွတ်လပ် လက်ထဲမှဖုန်း လွတ်ကျသွားသည်။ သင်းက စိုးရိမ်တကြီးနှင့် လွတ်လပ်အား လှုပ်ရမ်း၍ မေး၏။ လွတ်လပ်မှာ ကြောင်တောင်တောင်ဖြစ်နေပြီး ဘာစကားမှ ထွက်မလာခဲ့

ဒွေးမယ်နော်အဖြစ်က ရင်နာစရာ ကောင်းလွန်းနေသည်။ စင်ကာပူမှ ခင်ပွန်းဟောင်း ရောက်လာပြီး ပြန်လည်လက်ထပ်ရန် တောင်းဆိုခဲ့သည်တဲ့။ ဒွေးမယ်နော် ငြင်းဆန်သဖြင့် ထိုလူက ဥပဒေအ သူ၏ တရားဝင်မယားဖြစ်နေသေးကြောင်း သတိပေးသွားခဲ့သည်။

ထိုလူပြန်သွားချိန်မှစပြီး ဒွေးမယ်နော် အခန်းအောင်းပြီး ငိုနေခဲ့သည်။ ညစာစားရန် သွားနှိုးတော့မှ လက်ကောက်ဝတ်သွေးကြောနှင် ဖက်လုံး ပြတ်၍ သေနေကြောင်း သိကြရသည်တဲ့။ ထိုအဖြစ်အပျက်အား သင်းကိုဖက်၍ ရှိုက်ကြီးတငင် ငိုပြီး လွတ်လပ် ပြောပြခဲ့၏။ သင်းက လွတ်လပ်အား ရင်ခွင်ထဲသွင်း၍ အတင်းအကြပ် ပွေ့ဖက်ထားလိုက် လေတော့သည်။

■ ■ ■



ဒွေးမယ်နော် ဆုံးသွားပြီတဲ့ . . .။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့သည် လွတ်လပ်သူနှင့်သင်းသင်းသန့်တို့၏ အိမ်ထောင်သက် ဆယ်နှစ်မြောက်မင်္ဂလာနေ့ဖြစ်၏။ ထို့ပြင် ဒေဝီ(ခေါ်)ဒွေးမယ်နော်၏ တမလွန်ခရီးသွားခြင်း တစ်ပတ်ပြည့်သည့် ရက်လည်နေ့လည်းဖြစ်သည်။

လွတ်လပ်တစ်ယောက် ချစ်ဇနီးသင်းကို ကတိပေးထားခဲ့သလို အထိမ်းအမှတ်ပွဲ လုပ်မပေးဖြစ်ခဲ့ပါ။

ထိုပျက်ကွက်မှုကြောင့် လင်သားအပေါ် စိတ်ကွက်ရန်အကြောင်းမရှိကြောင်း သင်း ကောင်းကောင်းသိနေသည်ပဲလေ။ ဒီအချိန်မှာ သူမ၏ခင်ပွန်းသည် လိုအပ်နေသည်မှာ နွေးထွေးသောရင်ခွင်တစ်စုံနှင့် စာနာနားလည်မှုသာဖြစ်ကြောင်း သူ သိနေသည်မဟုတ်လား။

သူနှင့်ခင်ပွန်းသည်အကြားတွင် စိတ်အနှောင့်အယှက်ဖြစ်စရာ ဆံခြည်တစ်မျှင်ပင် ရှိမနေတော့။ ကြွေလွင့်သွားသော အသက်တစ်ချောင်းအတွက်စာနာမိသော်လည်း မိသားစု ရင်ကြားစေ့ခွင့်ရသည့်အတွက် လှုပ်ိသစွာကျေနပ်နေရှာသည်။

နောက်ထပ် ကစားရမည့် ကံကြမ္မာဖဲဝိုင်းတွင် ကဝေချီးသည့် ဖဲ၌ ဂျိုကာများပါလာမည်မှာ သေချာနေပြီမဟုတ်ပါလား။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

BURMESE CLASSIC

www.burmeseclassic.com